ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် (၇) ရက် ၊ တနင်္လာနေ့ ၊ (4-12-2023) ၊ အင်္ဂါ (၃၂) ၊ အမှတ် (၂၁၈)

ဒီတာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ခင်းကျင်းပြသထားသည့် မသန်စွမ်းသူများနှင့်သက်ဆိုင်သောစာအုပ်များ၊ လက်မှုထုတ်ကုန်ပစ္စည်းများနှင့် အထိမ်းအမှတ်ဓာတ်ပုံပြခန်းများကို ကြည့်ရှုစဉ်။

နေပြည်တော် ဒီဇင်ဘာ ၃

၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ကျင်းပရာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်မှ အဆင့်မြင့်အရာရှိကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ဒုတိယဝန်ကြီးများ၊အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ တာဝန်ရှိသူများ၊ မသန်စွမ်းသူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် မသန်စွမ်းမှုဆိုင်ရာ အရေးကိစ္စများကို သိရှိနားလည်နိုင်စွမ်းမြှင့်တင်ရန်၊ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ လူ့အခွင့်အရေးနှင့် **စာမျက်နှာ ၁၆ ကော်လံ ၁ မှ**

ရတနာပုံ
၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၄ ရက်
အယ်ဒီတာ့အာဘော်

ပုဂံကမ္ဘာ့အမွေအနှစ်များကို ထိန်းသိမ်း

မြန်မာနိုင်ငံတွင်ရှိသည့် ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို မြန်မာနိုင်ငံသားအားလုံးက အမျိုးသားရေးအသိ၊ အမျိုးသားရေးတာဝန်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပေသည်။ မြန်မာနိုင်ငံ၏ ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များထဲမှ အစောဆုံးယဉ်ကျေးမှုထွန်းကားခဲ့သည့် ဟန်လင်း၊ ဗိသနိုး၊ သရေခေတ္တရာ ပျူမြို့ဟောင်းသုံးမြို့နှင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသတို့သည် ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခံခဲ့ရပြီး မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကိုလည်း ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်စေရေးအတွက် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

ထိုကမ္ဘာ့အမွေအနှစ်စာရင်းဝင်ထဲမှ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသည် ရှေးဟောင်းအဆောက်အအုံများကို တစုတဝေးတည်း၊ တစ်နေရာတည်းမှာပင် တွေ့နိုင်သော ယဉ်ကျေးမှုဒေသဖြစ်သည်။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသအဖြစ် ထိုက်တန်စွာရရှိထားသောဒေသဖြစ်ပြီး နိုင်ငံတကာက အထူးစိတ်ဝင်စားသော ယဉ်ကျေးမှုဒေသလည်းဖြစ်ပေသည်။

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသည် မြန်မာနိုင်ငံတွင် အရေးကြီးသော ယဉ်ကျေးမှုအမွေအနှစ်များရှိရာ ကြီးကျယ်ခမ်းနားသောဒေသတစ်ခုဖြစ်သည်။ လွန်ခဲ့သောနှစ်ပေါင်း ၁၀၀၀ ကျော် နည်းပညာမဖွံ့ဖြိုးသေးသည့်ခေတ်ကာလကတည်းက တည်ရှိခဲ့ပြီး အရာအားလုံးကို လူအားဖြင့်သာ ပြုလုပ်ဆောင်ရွက်ခဲ့ကြရသည်။ အချို့စေတီပုထိုးတို့၏ နံရံများတွင် နံရံဆေးရေးပန်းချီများရှိသဖြင့် ကမ္ဘာလှည့်ခရီးသည်များ လေ့လာနိုင်သောဒေသဖြစ်သည်။

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသည် ကမ္ဘာလှည့်ခရီးသည်များအတွက် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာရန် အကောင်းဆုံးနေရာဖြစ်သည်။ ပုဂံယဉ်ကျေးမှုဒေသအပါအဝင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် အရေးပါသည့် ဥပဒေများကို ပြဋ္ဌာန်းနိုင်ရေးအတွက် အားလုံး ပူးပေါင်းကူညီဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ ယင်းသို့ ယဉ်ကျေးမှုအမွေအနှစ်များကို ဥပဒေနှင့်အညီ ပိုမိုထိရောက်စွာ ကာကွယ်စောင့်ရှောက်လာနိုင်ပြီး တစ်ဖက်ကလည်း ပြည်သူများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဟန်ချက်ညီညီ ဖော်ဆောင်လာနိုင်မည်ဖြစ်ပါသည်။

ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ စေတီပုထိုးများအနက် ၃၈၉ ဆူ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည်။ ယခုအခါ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် စေတီပုထိုးများ ပြုပြင်ထိန်းသိမ်းရန်အတွက် UNESCO အဖွဲ့အစည်းအပါအဝင် ပြည်တွင်း၊ ပြည်ပ ရှေးဟောင်းသုတေသနဆိုင်ရာ ပညာရှင်များ၊ ဆက်စပ်ဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ ဗိသုကာပညာရှင်အသင်းနှင့် နည်းပညာတက္ကသိုလ်များ စသည့် ပညာရှင်အဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့များ ပူးပေါင်းကူညီပါဝင်ဆောင်ရွက်ခဲ့မှုဖြင့် ဘုရားပုထိုး ၃၈၉ ဆူအနက် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပူးပေါင်း၍ ကိုးနှစ်စီမံကိန်းဖြင့် ပြင်ဆင်နေသည့် သဗ္ဗညုဘုရားကြီးမှလွဲ၍ ကျန်ဘုရား ၃၈၈ ဆူကို ပထမအဆင့်ပြုပြင်ထိန်းသိမ်းမှုဆောင်ရွက်ပြီးဖြစ်ပေသည်။

သို့ဖြစ်ရာ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသတွင် ရှေးနှစ်ပေါင်း ၁၀၀၀ ကျော်ကတည်းက တည်ရှိခဲ့သော ဘုရား၊ စေတီပုထိုးများကို သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုကို ပြုပြင်ခြင်းများ ဆောင်ရွက်နေသကဲ့သို့ ရေရှည်ဆက်လက်တည်ရှိစေရန်အတွက်လည်း ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

ရန်ကုန်၊ ကသာ၊ ဗန်းမော်နှင့်အခြားမြို့တို့မှ မန္တလေးဆိပ်ကမ်းသို့ နိုဝင်ဘာလတွင် ကုန်စည်တင်ပို့သည့် ကုန်တင်ရေယာဉ် ၇၄ စီးထိရှိခဲ့

မန္တလေး ဒီဇင်ဘာ ၃

ရန်ကုန်၊ ကသာ၊ ဗန်းမော်နှင့် အခြားမြို့တို့မှ မန္တလေးဆိပ်ကမ်းသို့ နိုဝင်ဘာလတွင် ကုန်စည်တင်ပို့သည့် ကုန်တင်ရေယာဉ် ၇၄ စီး ထိရှိခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်တင်တင်ထွန်းက ပြောပြ၍ သိရသည်။

ယခုအခါ ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလဖြစ်ပေမဲ့ ရေလမ်းကြောင်းကျပ်တည်းမှုမရှိဘဲ ရေလမ်းကြောင်း ကောင်းမွန်လျက်ရှိကြောင်း၊ ထိုသို့ရေလမ်းကြောင်း ကောင်းမွန်သည့်အပြင် မန္တလေးဆိပ်ကမ်းသို့ ရန်ကုန်၊ ကသာ၊ ဗန်းမော်နှင့် အခြားမြို့တို့မှ ပြောင်းဆန်၊ ဆား၊ သကြား၊ ကြံဖတ်၊ ပဲဖတ်၊ သစ်ပါးလွှာ စသည့် ကုန်စည်များ တင်ပို့သည့် ကုန်တင်ရေယာဉ်များလည်း များပြားကြောင်း သိရသည်။

"ရောဝတီမြစ်အတွင်း ရေနည်းချိန်ကာလဖြစ်ပေမဲ့ ရေလမ်းကြောင်းက ကောင်းနေတယ်ဆိုပြီး မန္တလေးဆိပ်ကမ်းကို အခြားမြို့တွေကနေ ကုန်စည်အပါအဝင် ခရီးသည်တင်ဆောင်ပြေးဆွဲပေးနေတဲ့ ရေယာဉ်တွေအနေနဲ့ ကုန်တန်ချိန် အများကြီးတင်ဆောင်သွားလာတာမျိုး မလုပ်ကြဖို့ လိုပါတယ်"ဟု ဒုတိယဦးစီးမှူး ဒေါ်တင်တင်ထွန်းက ပြောပြသည်။

ရန်ကုန်၊ ကသာ၊ ဗန်းမော်နှင့် အခြားမြို့တို့မှ မန္တလေးဆိပ်ကမ်းသို့ နိုဝင်ဘာလတွင် တင်ပို့နိုင်ခဲ့သည့် ကုန်တန်ချိန်များမှာ ပြောင်းဆန် တန်ချိန် ၈၈၀၊ ဆား တန်ချိန် ၈၉၀၊ တင်လဲရည် ၂၂၃၄ ဒသမ ၉၁ တန်၊ သကြား ၁၉၇၅ တန်၊ ကြံဖတ်နှင့် ပဲဖတ် ၇၆၁၈ တန်၊ သစ်ပါးလွှာ ၂၉ ဒသမ ၀၁၅ တန် တင်ပို့နိုင်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာနမှ သိရသည်။

(၁၈၄)

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်

မန္တလေး ဒီဇင်ဘာ ၃

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဝေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရွပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံယာတော်များနှင့်ပြည်သူစုစုပေါင်း ၁၂၃၃၅ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဝေရောစနကျောက်စိမ်းစေတီတော်ကို နယ်စုံဒေသက ဘုရားဖူးတွေ လာရောက်ဖူးမြော်ကြပါတယ်။ ရာသီဥတုပူပြင်းတဲ့အခါမှာ ဘုရားဖူးတွေက နားနေဆောင်မှာ အနားယူကြပြီးတော့မှ စောင်းတန်းကနေ လှည့်လည်ပြီး ဘုရားဖူးကြတာကို တွေ့ရပါတယ်။ သနပ်ခါးကျောက်ပျဉ်ကြီးတွေမှာလဲ ဝင်ရောက်လိမ်းခြယ်သူတွေနဲ့ စည်ကားနေပါတယ်။ ဘုရားဖူးတွေက လိုဏ်ဂူအတွင်းကိုလဲ ဝင်ရောက်လေ့လာကြပါတယ်။ နေ့ထူးနေ့မြတ်၊ အခါကြီးရက်ကြီးတွေဆိုရင် ဘုရားဖူးတွေ ပိုပြီးလာရောက်ဖူးမြော်ကြတာကို တွေ့ရပါတယ်။ အမှတ်တရပစ္စည်းအရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်" ဟု ဝေရောစန ကျောက်စိမ်းစေတီတော် ဝေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၁၇၂၆ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရွပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၁၂၀၅၀၄ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရွပ်ရှင်တော် ဝေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၁၁၂၆ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဝေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။

(၁၈၅)

မန္တလေးတိုင်းဒေသကြီးအတွင်း မွေးမြူရေးတိရစ္ဆာန်များကို ကာကွယ်ဆေးထိုးနှံမှု အကောင်ရေ ၃၄၉၀၀၀ ကျော် ထိုးနှံပေးပြီးဖြစ်

မန္တလေး ဒီဇင်ဘာ ၃

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မွေးမြူရေးတိရစ္ဆာန်များကို ရောဂါကူးသစေရေးလုပ်ငန်း ဆောင်ရွက်ပေးရာတွင် အကောင်ရေ ၃၄၉၀၀၀ ကျော်ကို ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာ ခင်ဇော်ကပြောပြ၍ သိရသည်။

အဆိုပါ ရောဂါကူးသစေရေးလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ယခုဘဏ္ဍာနှစ်အတွင်း ကာကွယ်ဆေးများထိုးနှံပေးရန် မွေးမြူရေးတိရစ္ဆာန်အကောင်ရေ ၆၆၄၀၀၀ ကျော်ကို လျာထားပြီး ဧပြီလမှစ၍ ထိုးနှံပေးခဲ့ရာ ဒီဇင်ဘာ ၁ ရက်ထိ တိရစ္ဆာန်အကောင်ရေ ၃၄၉၀၀၀ ကျော်ကို မွေးမြူသူများ၏ အိမ်တိုင်ရာရောက် ထိုးနှံပေးပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း ကာကွယ်ဆေးများကို ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

"မွေးမြူရေးတိရစ္ဆာန်တွေကို ရောဂါကူးသရေး လုပ်ဆောင်ပေးတယ်။ ကူးစက်ရောဂါတွေ မဖြစ်စေဖို့ ကြိုတင်ကာကွယ်တာ အရေးကြီးတယ်။ ဒါကြောင့် အသိပညာပေးသင်တန်းတွေ၊ ဟောပြောပွဲတွေကို ပြုလုပ်ပေးပါတယ်။ ဖြစ်ပွားမှုရောဂါကို အတတ်နိုင်ဆုံးမဖြစ်အောင် ရာသီအလိုက် တိရစ္ဆာန်ကာကွယ်ဆေးတွေကို ထိုးနှံပေးနေပါတယ်။ တိရစ္ဆာန်တွေအတွက် ကာကွယ်ဆေး အခမဲ့ထိုးပေးတာပါ။ ခြောက်လ တစ်ကြိမ်ထိုးပေးတာပါ။ မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ၁၁ ခရိုင်မှာ ထိုးပေးတာဖြစ်ပါတယ်" ဟု ဒေါက်တာ ခင်ဇော်က ပြောပြသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံပေးရာတွင် ကျွဲ၊ နွား ခွာနာလျှာနာ ကာကွယ်ဆေး၊ လည်ချောင်းကွဲရောဂါကာကွယ်ဆေး၊ ဒေါင့်သန်းရောဂါကာကွယ်ဆေး၊ ပေါင်ပုပ်လက်ပုပ် ရောဂါကာကွယ်ဆေး၊ ဝက်ဝမ်းကျရောဂါကာကွယ်ဆေး၊ ကြက်လည်လိမ်မျက်စည်းရောဂါကာကွယ်ဆေးများကို မွေးမြူသူများ၏ အိမ်တိုင်ရာရောက် ထိုးနှံပေးလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သိရသည်။

(၁၈၅)

ထုတ်ဝေဌာန်အမှတ်-၀၀၃၂၄၊ ပုံနိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၀၁၊၀၉-၄၅၈၀၉၃၃၀၀၊ကြော်ငြာ-၀၄လမ်းနှင့် ၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အိုးရာဝေလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနိပ်ထုတ်ဝေသည်။

အမ်းမြို့နယ် ငလက်ကျကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

အမ်း ဒီဇင်ဘာ ၃

ရခိုင်ပြည်နယ် အမ်းခရိုင် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် လုံးကောက်ကျေးရွာအုပ်စု ငလက်ကျကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၂ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ငလက်ကျကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းက လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ပိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ငလက်ကျကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၆၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် Mobile Solar ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးငွေကျပ် သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၉ သိန်းကျော်အသုံးပြုကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်၏ စီမံခန့်ခွဲမှု၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာများပံ့ပိုးကာ အနီးကပ်ကြီးကြပ်၍ ယခုနှစ် စက်တင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ အားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း အမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းထံမှ သိရသည်။

ကိုသန်း

မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စီဝီတဒါနသံယာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၈၄ လမ်းနှင့် ၃၈ လမ်းထောင့်နေ ဦးကျော်ဝင်း-ဒေါ်ငွေငွေ မိသားစုက ဆေးပဒေသာပင် အတွက် အလှူငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ တာဝန်ကျဆရာဝန် ဒေါက်တာဦးညွန့်သန်းနင့်ရုံးအဖွဲ့မှူး ဦးသန့်စင်တို့က လက်ခံရယူစဉ်။

ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ဧက ၁၅၇၀ စိုက်ပျိုးမည်

ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

ပုသိမ် ဒီဇင်ဘာ ၃

ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၁၅၇၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၁၅၇၀ ကို ယခုလ ဒုတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါမြေပဲဧက ၁၅၇၀ စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ အခြားဆက်စပ်သည့်ဌာနအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကန်ကြီးထောင့်မြို့နယ်မှာ ဆီထွက်သီးနှံတွေကို နှစ်စဉ်စိုက်ပျိုးလျက်ရှိပါတယ်။ ဒီဘက် ဒေသမှာက ဆီထွက်သီးနှံတွေကို ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အဓိကထားစိုက်ပျိုးတာဖြစ်ပါတယ်။ အခုဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ မြေပဲဧက ၁၅၇၀ စိုက်ပျိုးမှာဖြစ်ပါတယ်။ မြေပဲဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့ နည်းပညာနဲ့အခြားပံ့ပိုးမှုတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ အခြားဆက်စပ်ဌာနတွေ ဆောင်ရွက်ပေးထားပါတယ်။ မြေပဲအထွက်နှုန်းကောင်းမွန်စေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စတဲ့ လုပ်ငန်းတွေကိုလဲ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆက်လက်ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာနှင့် ပိုးမွှားအန္တရာယ် ကင်းရှင်းစေရေး လုပ်ငန်းများကို သီးနှံမစိုက်မီ ကြိုတင်ဆောင်ရွက်ပေးခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးမည့် မြေပဲများ တစ်ဧကလျှင် ပျမ်းမျှတင်း ၆၀ မှ ၆၅ တင်း ထိထွက်ရှိစေရန် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ဆက်လက်ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

မိုင်းလားမြို့နယ် မိုင်းဝ(အောက်)ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုစစ်ဆေး

မိုင်းလား ဒီဇင်ဘာ ၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားခရိုင် မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လယ်ယာမြေကေများမှထွက်ရှိသည့် စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်ရန် ရည်ရွယ်၍ မိုင်းဝ(အောက်)ကျေးရွာ၌ လယ်ယာမြေကေများစွာကို အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် မိုင်းလားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးစိုးလွင်၊ မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ညီညီနှင့် အင်ဂျင်နီယာဝန်ထမ်းများက မိုင်းဝ(အောက်)ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင် ဦးစီးမှူးက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မိုင်းဝ(အောက်)ကျေးရွာ၌ အရှည်ပေ ၅၂၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မရှိ သဲဖြန်းခင်းခြင်းလုပ်ငန်းကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၄၂၆ သိန်းဖြင့် တင်ဒါအောင်မြင်သည့် မင်းမဟော်ကုမ္ပဏီက ဇူလိုင်လ ဒုတိယပတ်တွင် စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ အဆိုပါ ကျေးရွာရှိ အိမ်ခြေ ၃၈ အိမ်၊ လူ ၁၉၂ ဦးတို့၏ လယ်ယာမြေကေများစွာကို အကျိုးပြုမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးသက်ညီညီထံမှ သိရသည်။

ဗျိုသန်းညွန့်

တောင်သာမြို့နယ် ကျွန်းကြီး(တ)ကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

တောင်သာ ဒီဇင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျွန်းကြီး(တ)ကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကျေးရွာဝမ္မာရုံ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့်ကျေးလက်လူနေမှုအဆင့်အတန်းကွာဟမှုကို လျော့ချနိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း၊ အသင်းသားများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည်လုပ်ငန်းများကို အမှန်တကယ်အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ ရန်ပုံငွေလေလွင့်မှုမရှိစေရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်စန်းစန်းမြင့်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှု ကော်မတီဝင်များထံ ရန်ပုံငွေများလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များက ကျွန်းကြီး(တ)ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦးကို ငွေကျပ် ၁၅၃ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၁၀၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၁၁၂ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၇၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချစ်ဦးကို

အောင်မြင်ကြောင်းတရား

ချစ်နိုင်(စိတ်ပညာ)

လက်ရာများ

အကယ်၍ စာဖတ်သူသည် ဤစာရေးသူကို လူချင်းမမြင်ဖူး၊ မတွေ့ဖူးသော်လည်း လူတစ်ဦးတစ်ယောက်အနေဖြင့် ခင်မင်စရာကောင်းသူ၊ လေးစားစရာကောင်းသူဟု ထင်မြင်ယူဆမည်ဆိုပါက မိမိအနေဖြင့် ဘာမျှဖော်ပြလိုသော သဘောထားမရှိသော်လည်း ဤကဲ့သို့ သိမှတ်စေရအောင် စာရေးသူတစ်ယောက် အနေဖြင့် အနှစ် ၄၀ ကာလကြာမျှရေးသားလာခဲ့သော စာပုဒ်၊ စာအုပ် (ဆောင်းပါးပုံဒ်ရေ ၃၀၀၀ ကျော်၊ စာအုပ်ပေါင်း ၁၃၀ ခန့်) ရေးသားထုတ်ဝေခဲ့သမျှ စာပေလက်ရာများ၏ ပုံရိပ်လွှာပေါ်ထွက်အောင် အကြောင်းခံခဲ့သော အရင်းခံအချက်အလက်တချို့ကို တင်ပြလိုပေသည်။ အခြားမဟုတ်ပါ။ ၁၉၈၁-၁၉၈၂ ကာလဆီက ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းချော်တွင်းကုန်းရပ်ရှိ ချမ်းမြေ့ရိပ်သာကျောင်းတွင် ဒုလ္လဘရဟန်း (တန်ခူးလ သင်္ကြန်ကာလနှစ်ကြိမ်) ၁၀ ရက်၊ ၁၁ ရက်ကြာမျှသက်နိုးဝတ်ခဲ့စဉ်က ချမ်းမြေ့ဆရာတော် အရှင်ဇနကာဘိဝံသ နေ့စဉ်နေ့စဉ် နေ့ခင်းဟောကြားဆုံးမခဲ့သည့်တရားတော်များ နာကြားခွင့်ရခြင်း၏ ကောင်းကျိုးဝေဆာအလင်းရောင်ရလာခြင်းသာပါတည်း။

ကျေးဇူးကား

ဘဝခရီးလမ်းကြောင်းကို ကောင်းမွန်အောင် ဘယ်လိုဆက်လျှောက်ရမလဲ။ ဘယ်လိုတွေးရမလဲ၊ ဘယ်လိုရေးရမလဲ၊ ဘယ်လိုပြောရမလဲ၊ ဘယ်လိုနေရမလဲ အစရှိသောသွန်သင်ဆုံးမချက်များကို ဆရာတော်ထံမှ နာကြားခံယူခွင့်ကြုံကြိုက်လိုက်သဖြင့် မိမိဘဝတွင် လူဖြစ်ရကျိုးနပ်အောင် ကောင်းကျိုးကောင်းမှုများ ခံစားရရှိခဲ့သည်။ ကျေးဇူးကြီးမားပါပေသည် အရှင်ဘုရား။

ချမ်းမြေ့ဆရာတော်၏ ဟောကြားတော်မူခဲ့သော နေ့စဉ်နာကြားထိုတရားများ၏ လမ်းပြရှေ့ဆောင် အောင်မြင်ကြောင်းတရားများသည် ဘေးရန်အန္တရာယ် အသွယ်သွယ်မှ အမှန်တကယ်ကင်းဝေးကာ အေးချမ်းလုံခြုံစွာနှင့် ဖြောင့်ဖြူးသာယာစွာ စိတ်ကောင်းစေတနာ ကောင်းများ မျှဝေတင်ပြနိုင်သည့် စာရေးသူဘဝကို မိမိရခဲ့ရောက်ခဲ့ပါတော့သည်။ တစ်စွန်းတစ်စတရား တစ်ပုဒ်တလေထဲက မှတ်မိသမျှလေး ပြန်ဖော်ပြပေးပါဟုတောင်းဆိုပါက ပြန်၍ မျှဝေလိုပါသည်။ တစ်ရက်မှာ ဆရာတော်ကြီးက **"ရာဟုလောဝါဒသုတ္တန်"**အကြောင်းလိုရင်းတိုရှင်းဟောကြားတော်မူပါသည်။

မြတ်စွာဘုရားရှင် မွေးရပ်ဇာတိ၊ ဖခင်ဘုရင် သုဒ္ဓေါဒနရှိရာသို့ ပြန်လည်ရောက်ရှိသောအချိန်တွင် တစ်ရံခါက ဘုရင့်နန်းတော်ကြီးမှ ညဉ့်နက်သန်းခေါင်အချိန်မတော် မှောင်နှင့်မည်းမည်း မည်သူမှမသိရစေဘဲ မြင်းတစ်စီးနှင့် လူအဖော်တစ်ဦးကိုသာခေါ်ဆောင်ကာ တောထွက်သွားသည်မှ ခုနစ်နှစ်တိုင်မျှကြာခဲ့ရပြီဖြစ်သည်။ မထွက်ခွာမီ ကြင်ရာတော် ယသော်ဓရာ၏နန်းဆောင်မှာ ဖွားမြင်စ သားတော်ရာဟုလာကို ဇာခြည်လှစ်ကာ ကြည့်ရှုနှုတ်ဆက်ခဲ့ပါသေးသည်။ တရားရှာရန်အတွက် အမှန်တရားကို သိမြင်နိုင်၊ ကျင့်နိုင်ရန်အတွက် မင်း၏စည်းစိမ်ချမ်းသာအာရုံအားလုံးကိုစွန့်ခွာကာ တောထွက်တော်မူခဲ့သည်။ သားတော် ရာဟုလာသည် ယခုအခါ ခုနစ်နှစ်သားအရွယ်ပင်ရောက်လေပြီ။ ဘုရားရှင်သည် သိဒ္ဓတ္ထမင်းသားမဟုတ်တော့ဘဲ ဂေါတမဗုဒ္ဓဖြစ်လာခဲ့ပြီ။ ပါရမီဖြည့်ဖက် ယသော်ဓရာမိခင်ကတော့ ခုနစ်နှစ်သားရာဟုလာကို "အဲဒါ သားတော်လေးရဲ့ခမည်းတော်ပဲ။ ဖခင်ဆီက အမွေတောင်းလေ"ဟူ၍ ဘုရားနှင့်အတူ ထည့်ပေးလိုက်သည်။ ကျောင်းတော်သို့ရောက်တော့ သာသနာ့အမွေအမြစ် ရှင်သာမဏေပြုပေးလိုက်သည်မဟုတ်လော။

ထိုသရက်တောကျောင်းတိုက်၌ ပထမဦးဆုံး သားတော် သာမဏေရှင်ရာဟုလာလေးကို ဟောကြားဆုံးမသည့်တရားအား မှတ်သားလွယ်ကူစေရန်အလို့ငှာ ချမ်းမြေ့ဆရာတော်ကြီးက ကဗျာလက်ာစီကုံး၍ ရွတ်ဆိုပြပါသည်။ မိမိတို့အလွတ်ရအောင် လိုက်ဆိုခဲ့ကြပါသည်။ အမွေလဋ္ဌကရာဟုလောဝါဒသုတ္တန်၏ အနက်သဘော ဌေးချိုးလက်ာမှာ တချို့လည်း သိဖူးကြားဖူးခဲ့ကြပါလိမ့်မည်။ ရွတ်ဆို၍ကောင်းပါသည်။ ကျက်မှတ်ရလွယ်ကူသည်။ ဘဝတစ်သက်တာ လမ်းညွှန်ပမာ။

အောင်မြင်ကြောင်းတရား
"မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊
ဖြူအောင်စိတ်ကိုထား။
ပြောပြုတွေးလျှင်၊ သတိယုဉ်၊
ဆင်ခြင်ဉာဏ်ရှေ့သွား။
စိတ်ထားဖြောင့်မှန်၊ ဈင့်လွတ်ရန်၊
သည်းခံမေတ္တာထား။
လုံ့လနင့်ရွဲ့၊ မလျှော့ဘဲ၊
အမြဲတင်းတင်းထား။
အရာရာတွင်၊ အသုံးဝင်၊
အောင်မြင်ကြောင်းတရား"

ရန်ကုန်မြို့ ချော်တွင်းကုန်းရပ် ကမ္ဘာအေးဘုရားလမ်း ပါရမီမီးပွိုင့်လမ်းဆုံအနီးရှိ ချမ်းမြေ့ရိပ်သာကျောင်းတွင် မိမိအလွတ်ရအောင် တစ်သက်စာအတွက် ကျက်မှတ်ခဲ့သောလက်ာလေး။ အချက်အလက်ကို စကားပြေနှင့်ရေးရမည်ဆိုလျှင် ဤသို့ဖြစ်မည်။

ရာဟုလာသြဝါဒ

၁။ မကောင်းမှုဟူသမျှကို တစ်ဈတလေမမပြုရ။
၂။ ကောင်းမှုအမျိုးမျိုးကိုမူ များနိုင်သမျှ များပြားစွာ ပြုဆောင်ပါလေ။
၃။ စကားတစ်ခွန်းမပြောမီမှာ သင့်၊ မသင့်၊ လျော်၊ မလျော်၊ အကျိုးရှိ၊ မရှိ သတိဖြင့် ဆင်ခြင်ပါ။ အလုပ်တစ်ခုမပြုသေးမီ မိမိ၊ သူတစ်ပါး၊ လူအများအတွက် သင့်၊ မသင့်၊ လျော်၊ မလျော်၊ ကောင်းကျိုးရနိုင်မှာဟုတ်၊ မဟုတ် သတိဖြင့်ချင့်ချိန်ပါ။ အလားတူပင် အတွေးတစ်ခု စဉ်းစားမိလာလျှင် ထိုအတွေးသည် မိမိကိုလည်းကောင်း၊ သူတစ်ပါးကိုလည်းကောင်း၊ လူအများကိုလည်းကောင်း ကောင်းကျိုးချမ်းသာမဂ်လာ ဖြစ်စေနိုင်ပါသလော၊ ဖြစ်နိုင်သော် ဆက်စဉ်းစားပါ။ ကောင်းကျိုးမဖြစ်နိုင်ဟုသိရလျှင် ထိုအတွေးကို ဆက်မတွေးဘဲ ရပ်တန့်၊ ဖြတ်တောက်၊ ပယ်ရှင်းပါ။
၄။ သူတစ်ပါးနှင့်ဆက်ဆံရာတွင် စိတ်ထားဖြောင့်မှန်ပါ။ မကောက်ကျစ်ရ၊ မည်စပ်တတ်ရ၊ ရောက်မတွန်းရ၊ မသမာမှုမပြုရ၊ လိမ်ညာခြင်းမရှိရ။
၅။ သူတစ်ပါးအပေါ်မှာ သည်းခံစွင့်လွှတ်တတ်ပါစေ။ မေတ္တာထားနိုင်ပါစေ။
၆။ လုံ့လဝီရိယရှိစွာ အလုပ်လုပ်ပါ။ အားထုတ်ပါ။
၇။ အလုပ်ကို ရွဲရှိရှိဖြင့် အစက်အစဲ အကျပ်အတည်း အတားအဆီး ဘယ်လိုပဲရှိနေနေ

အောင်မြင်သည်ထိ ရည်မှန်းချက်ပေါက် ရောက်အောင် လုပ်ဆောင်ပါ။

သားတော်ရင်သွေးကို ပြန်လည်တွေ့ဆုံကြရစဉ်တွင် ဘဝတစ်သက်တာလုံးအတွက် အသုံးဝင်မည့် အဓိကကျသည့်အချက်ခုနစ်ချက်ကို လမ်းညွှန်သင်ကြားလိုက်ခြင်းပင်ဖြစ်ပေတော့သည်။ ခုနစ်နှစ်သားလေးနာကြားရသောအဆုံးအမကို မိမိကား အသက် ၃၀ အရွယ်၌ ဒုလ္လဘရဟန်း၀တ်နေစဉ်မှ အခါအခွင့်သင့်စွာကြားနာခွင့်ရခဲ့လိုက်ပေသည်။ မြတ်စွာဘုရား၏ ရာဟုလာဩဝါဒတရားတော်ကို ချမ်းမြေ့ဆရာတော်က မိမိလို ဒုလ္လဘရဟန်းခံသော သင်္ကြန်နှစ်ဦးကာလအတွင်း ချမ်းမြေ့ရိပ်သာကျောင်းတွင်ရှိကြသော ရဟန်းသံယာများ၊ ယောဂီများ၊ ကိုရင်များ၊ တရားနာပရိသတ် အရွယ်အမျိုးမျိုး နားလည်နားဝင်နားရှင်းအောင် ဟောကြားတော်မူခဲ့ပါပေသည်။ ကံကောင်းခဲ့လေ စွတကား။

စိတ်ထဲစွဲနစ်

စာအုပ်တရားတော်များ ဖတ်ရသည်နှင့်မတူပါ။ ကက်ဆက်ခွေ၊ တီဗီတို့တွင် နာကြားရခြင်းနှင့်မတူပါ။ ချမ်းမြေ့ရိပ်သာကျောင်းတွင် သင်္ကြန်နှစ်ဦးကာလ ဒုလ္လဘရဟန်း၀တ်ကာ နေ့စဉ် နေ့ခင်းတရားတော်များကို ဆရာတော်ကြီးကိုယ်တော်တိုင် ရှေ့ကတိုင်ပေး၊ မိမိတို့ကလိုက်ဆို၊ ဆရာတော်ကမေး၊ မိမိတို့ကဖြေ။ တပည့်သားရင်းချာပမာ အနီးကပ်တရားများ နာကြားခဲ့ရခြင်းသည် မိမိဘဝတွင် ကံကောင်းလှ၏။ ထူးခြားမွန်မြတ်လှသောတရားရတနာများကို သံယာရတနာ၏အဆုံးအမဖြင့် အသိအမြင်အတွေး အခေါ် ယခင်ကထက် ကြည်လင်ရှင်းလင်းသွားပါတော့သည်။ အမှားအယွင်းမကင်းသော်လည်း နည်းပါးခဲ့သည်။ ဝိပဿနာဉာဏ်စဉ် အဆင့်မြင့်မားအောင် မကျင့်ဆောင်နိုင်ခဲ့သေးသော်လည်း အကုသိုလ်အညစ်အကြေးများကိုကား ယုတ်လျော့အောင် ဆင်ခြင်သတိထားနိုင်လာခဲ့သည်အမှန်ပင်။ (ချောက်ကျပေါက်များကို ရှောင်ကွင်းနိုင်ခဲ့သည်။ အမှားအလွဲသွေးဆောင်ဖြားယောင်းခံရမှုများနောက်သို့မလိုက်ပါဘဲ နောက်ဆုတ်နိုင်ခဲ့သည်) သီလရှိအောင်၊ သတိရှိအောင် လေ့ကျင့်ကြိုးစားလာမိသည်။

ဒါတွေကို ဘာရည်ရွယ်ချက်နှင့် ရေးသားဖော်ပြနေရတာလဲ။ မေးချင်သပဆိုလျှင် မေးပါလေ။

သူတစ်ပါးကိုအပြစ်တင်သည်သဘော မဖြစ်ချင်သဖြင့် ဤစကားကိုဆိုခြင်းမပြုခဲ့ပေ။ ၂၀၁၀ ဝန်းကျင်ကာလတွင် မိမိသည် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနခွဲ ဖွင့်လှစ်ပို့ချသော **"စာပေရေးသားဖန်တီးထုတ်လုပ်မှုပညာဒီပလိုမာတစ်နှစ်သင်တန်း"** တွင် ပါဝင်ပို့ချခဲ့ရာမှာမူ အမှတ်စဉ်(၁) မှ (၆) ထိ ခြောက်နှစ်ကာလအတွင်း ခြောက်ကြိမ်တိတိဆောင်းပါးရေးသားနည်းသင်ခန်းစာကို ပါဝင်ကူညီခဲ့သည်။ သင်တန်းသားများမှာ ဘွဲ့ရများသာဖြစ်ကြသော်လည်း အသက်အရွယ်အမျိုးမျိုး၊ အဆင့်အတန်း အမျိုးမျိုး၊ အသက်မွေးဝမ်းကျောင်းအမျိုးမျိုး၊ လူမျိုး၊ ဘာသာ၊ ဝါသနာအမျိုးမျိုး ကွဲပြားကြသည်။ စကားပြေအကြောင်း၊ ဆောင်းပါးရေးနည်းအကြောင်း သင်ကြားရင်းပင် ထိုစာသင်သားပုဂ္ဂိုလ်များကို အဘိဓမ္မာနှင့် ပဋ္ဌာန်းဒေသနာကိုလေ့လာရန်၊ စိတ်ကောင်းရှိဖို့က ပထမဟုခံယူရန် စေတနာဖြင့် တိုက်တွန်းလေ့ရှိ၏။ တစ်ခါတစ်ရံ ရဟန်းသံယာ သုံး၊ လေးပါး အပါအဝင် သင်တန်းသား ၆၀ မှ ၁၀၀ ထိ ရှိတတ်၏။ နားဝင်သွားသူလည်းပါ၊ ဂရုမစိုက်သူလည်းပါ။ လူအမျိုးမျိုးကို တွေ့ခဲ့ရ၏။ (ပြန်စစ်ဆေးတော့ သိရပါ၏)

မိမိနှင့်အတူ သင်ကြားပို့ချကြသူများမှာ မြန်မာစာဌာန ပါမောက္ခ ဒေါက်တာအောင်မြင့်ဦး၊ ဒေါက်တာဦးခင်အေး(ဆရာကြီး မောင်ခင်မင်-ဓနုဖြူ)၊ ဦးစောထွန်း(ဆရာစောလှ)၊ ဒေါက်တာ ဦးထွန်းတင့်၊ ဒေါက်တာ ခင်သန်းဦး(ဆရာမ မမိုးမြေ)၊ ဒေါက်တာ ငြိမ်းငြိမ်း(ဆရာမ ရှင်ငြိမ်းမယ်)၊ ဒေါက်တာ ခင်မောင်ညို၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ ဆရာငြိမ်းမင်း၊ ဆရာဟိန်းလတ် စသည့်စာရေးဆရာများ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ ပါမောက္ခ၊ ကထိကများဖြစ်ကြသည်။

သင်စန်းစာများ

စာရေးဆရာလုပ်မည်သူ၊ သတင်းစာဆရာဖြစ်မည်သူ၊ သင်တန်းသားပုဂ္ဂိုလ်များကို မိမိက ယုံယုံကြည်ကြည်၊ လေးလေးစားစားပင် ဆွေးနွေးသည်။ ဆိုရှယ်မီဒီယာလက်ကိုင်ဖုန်းစာမျက်နှာများပေါ်တွင် တွေ့မြင်နေရသော သတ်ပုံအမှား၊ သဒ္ဒါအမှား၊ ဆိုးရွားသော အရေးအသားပေါင်းများစွာကား သင်ခန်းစာအမှိုက်ပုံကြီးများ၊ အညစ်အကြေးပုံကြီးများ သဖွယ် အကုသိုလ်ဒုစရိုက်ကံများ များလွန်းလှသဖြင့် ဘေးဆိုးကပ်ဆိုးအန္တရာယ်ဆိုးများကို ဖိတ်ခေါ်ကြိုဆိုနေသကဲ့သို့ဖြစ်လာလျှင် ဘယ်သူမပြုမိမိမှုဟုသာ ဆိုရပေလိမ့်မည်။ ကိုယ်ပြုသည့်ကံ ပဲ့တင်သံသည် ကိုယ့်ထံပြန်လာမည်သာ မလွဲဧကန်ဖြစ်ပေသည်။ ဆရာတို့၊ ဆရာမတို့၊ သံယာတော်အရှင်မြတ်တို့ လောကကို လှပသာယာအောင် တစ်ထောင့်တစ်နေရာက ပါဝင်ဖြည့်စွမ်းတော်မူကြပါဟု စာရေးသူက လျှောက်ထားမေတ္တာရပ်ခံခဲ့ပါသည်။

စေတနာသည် ကံပဲမဟုတ်ပါလား။

မိမိကိုယ်ကိုတန်ဖိုးထား

အားလုံးအသိပင်ဖြစ်သည်။ **လူမှုမီဒီယာ လက်ကိုင်ဖုန်းပေါ်က ဖေ့စ်ဘွတ်၊ တယ်လီဂရမ် စသည့်တို့တွင် လူတိုင်းက စာရေးသူ၊ လူတိုင်းက သတင်းထောက်၊ လူတိုင်းလူတိုင်းက လွတ်လပ်စွာရေးသားမျှဝေနိုင်သူဟုဖြစ်နေသော ပကတိအခြေအနေမှာ သူတစ်ပါးက တရားဥပဒေစည်းမျဉ်းစည်းကမ်းအရ အရေးယူတားဆီးမှသာ လိုက်နာကြရမည်မဟုတ်ပါ။** အောက်ပါစာလုံးစာကြောင်းမျိုးများကို ကိုယ်ပိုင်အသိဖြင့် ဆင်ခြင်ရှောင်ရှားကြရမည်မဟုတ်ပါလား။ စဉ်းစားကြည့်ပါလား။

Trash = **အညံ့စားအပေါစား၊ အမှိုက်များ**
သေးသိမ်သောစကားများ
အလေထားတော
လူမလေးစွေးမစန့်
အမျက်အမျက်သက်သက်
ရာတူးလ
ဖွတ်ကျား
အယုတ္တအနတ္တ၊ ပုတ်စတ်ဆဲရေး

မိမိကြောင့် မိမိ၏မိဘ၊ မိမိ၏ ဆရာများ၊ မိမိအရပ်ဒေသ၊ မိမိဆွေမျိုး၊ ကောင်းကျိုးမရစေဘဲ **အကျိုးယုတ်နစ်နာစေမည်များကို မဆင်မခြင်မရေးသင့်၊ မပြောဆိုသင့်သဖြင့် ရှောင်ကြဉ်လိုက်ကြမည်ဆိုလျှင်ပင် မိမိတို့စောက်ကာလကြီးသည် ကျရာမှ တက်လာပါမည်။ ကံနိယာမသဘောအရ ရှုံးနိမ့်ကျဆင်းရာမှ မိမိတို့၏ စောင့်စည်းဆင်ခြင်မှုကြောင့် အောင်မြင်တိုးတက်လာပါမည်။ ထိုသင်တန်းများမှာ မိမိပြောပြဖစ်ခဲ့လေသည်။**

❖ ဆိုရှယ်မီဒီယာလက်ကိုင်ဖုန်းစာမျက်နှာများပေါ်တွင် တွေ့မြင်နေရသော သတ်ပုံအမှား၊ သဒ္ဒါအမှား၊ ဆိုးရွားသောအရေးအသားပေါင်းများစွာကား သင်ခန်းစာအမှိုက်ပုံကြီးများ၊ အညစ်အကြေးပုံကြီးများသဖွယ် အကုသိုလ်ဒုစရိုက်ကံများ များလွန်းလှသဖြင့် ဘေးဆိုးကပ်ဆိုးအန္တရာယ်ဆိုးများကို ဖိတ်ခေါ်ကြိုဆိုနေသကဲ့သို့ဖြစ်လာလျှင် ဘယ်သူမပြုမိမိမှုဟုသာ ဆိုရပေလိမ့်မည်။ ကိုယ်ပြုသည့်ကံ ပဲ့တင်သံသည် ကိုယ့်ထံပြန်လာမည်သာ မလွဲဧကန်ဖြစ်ပေသည်။ ❖

လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်

မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင် တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒုံအပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့ အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့ အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာကေ ၂၃၁၀ စိုက်ပျိုးမည်

မြောင်းမြ ဒီဇင်ဘာ ၃

ရောဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာကေ ၂၃၁၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာကေ ၂၃၁၀ ကို ယခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ နေကြာစိုက်ကေများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေးခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အိမ်မဲမြို့နယ်မှာ ဆီထွက်သီးနှံနေကြာကေ ၂၃၁၀ လျှာထားစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ဆီထွက်သီးနှံနေကြာတွေ စိုက်ပျိုးထုတ်လုပ်နိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာတွေကို စတင်မစိုက်မီ ကြိုတင်စီမံဆောင်ရွက်ပေးထားပါတယ်။ ဒေသခံတောင်သူတွေက အရင်နှစ်တွေကလဲ နေကြာစိုက်တဲ့ အတွေ့အကြုံရှိပါတယ်။ ဒါကြောင့် ဒီနှစ် စိုက်ပျိုးရာမှာ အထောက်အကူဖြစ်စေပါတယ်။ စိုက်ပျိုးမဲ့ နေကြာစိုက်ခင်းတွေကို အောင်မြင်ဖြစ်ထွန်းစေဖို့၊ အထွက်နှုန်းတိုးစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့လဲ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

လက်ရှိတွင် အိမ်မဲမြို့နယ်၌ နေကြာသီးနှံများ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းများကို ကွင်းဆင်းပို့ချပေးလျက်ရှိပြီး လိုအပ်သောသွင်းအားစုများ ပံ့ပိုးပေးခြင်း၊ မြေဆီလွှာပြုပြင်မှုများ ဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေးသွင်းအားစုများ စနစ်တကျအသုံးပြုမှုမှန်ကန်စေရေး စသည်လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

ဖြူးမြို့နယ် ဒိုင်းတရာကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုဆပ်ပြာချက်သင်တန်းဖွင့်

ဖြူး ဒီဇင်ဘာ ၃

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဒိုင်းတရာကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုဆပ်ပြာချက်သင်တန်းကို ဒီဇင်ဘာ ၂ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖြူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောမင်းသူက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးအောင်က ဒိုင်းတရာကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုဆပ်ပြာချက်သင်တန်း ဖွင့်လှစ်ပေးရခြင်း၏ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ သင်တန်းက သင်ကြားပို့ချပေးမည့် သင်ခန်းစာများကို ကြိုးစားသင်ယူကာ မိသားစုအတွက် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရရှိအောင် ဆောင်ရွက်စေလိုကြောင်း ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြဆရာမက သင်တန်းစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဖြူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောမင်းသူ၊ ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် တာဝန်ရှိသူများက သင်တန်းသူများထံ သင်ထောက်ကူပစ္စည်းများ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုဆပ်ပြာချက်သင်တန်းသို့ ဒိုင်းတရာကျေးရွာနှင့် အနီးပတ်ဝန်းကျင်မှ သင်တန်းသူ ၁၀ ဦး တက်ရောက်ကြောင်း၊ သင်တန်းတွင် ဆပ်ပြာချက်နည်းနှင့် ပတ်သက်၍ ကျွမ်းကျင်နည်းပြဆရာမတစ်ဦးက သင်ထောက်ကူပစ္စည်းအပြည့်အစုံဖြင့် ဒီဇင်ဘာ ၂ ရက်မှ ဒီဇင်ဘာ ၆ ရက်ထိ ၅ နေ့ရက်ကြာ စာတွေ့၊ လက်တွေ့ဖြင့် အခမဲ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးအောင်က ပြောပြ၍ သိရသည်။

ကိုညို

စိတ်ထားကောင်းပါ

- ပူလောင်ကင်းစေဖို့
ယူဆောင်ခြင်း ချစ်မေတ္တာ၊
အရိပ်တွေ အစဉ်ကောင်းအောင်ပ
မူပြောင်းစိတ်မှာ၊
မဆုံးနိုင်သော သံသရာ
ဝက်ပါ ချားရဟတ်၊
မကောင်းကြံ ဉာဉ်ဆိုးများရယ်က
မီးပွားသိမှတ်။

- စိတ်စေတနာ စာနာတတ်ပါမှ
မွန်မြတ်ပေ့ စိတ်ထားဟူ၊
ကောင်းစိတ်တွေ အစဉ်မြဲ
ရင်ထဲမှတ်ယူ၊
စိတ်ထားပြည့် နှလုံးလှဖြူ
အပြုံးလှမူ အားထုတ်၊
စိတ်ဂုဏ်ဆောင် တောင်းဆုပြု
ကောင်းမှုကြိုးကုတ်။

- အသိဉာဏ် မဆိုးယုတ်မှ
အဟုတ်ကွဲ့ ချမ်းသာမည်၊
သံသရာ ပူပင်ခြင်း
ကင်းရှင်းရသည်၊
ဘဝလမ်းလည်း ဖြောင့်ဖြူးညီ
ရပ်တည်ရာ ဂုဏ်ရှိန်တင့်၊
စိတ်စေရာ ချင့်ချိန်တွေးလို့
(ကွယ်တို့ရေ။ ။)
နိဿေးရဲရင့်။ ။

ဈာန်လေး(ပညာရေး)

လှိုင်းဘွဲ့မြို့နယ် ကော့လံစူးကျေးရွာ၌ ကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

လှိုင်းဘွဲ့ ဒီဇင်ဘာ ၃

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ပေါင်ကျေးရွာအုပ်စု ကော့လံစူးကျေးရွာ၌ ကျေးရွာတွင်း ကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် အတူ ကော့လံစူးကျေးရွာ၌ ကျေးရွာတွင်း ကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်မှာကြားသည်။

ကော့လံစူးကျေးရွာ၌ အရှည် ပေ ၂၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေကိုးလက်မရှိ ကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်းငွေကျပ်သိန်း ၁၆၀ အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကော့လံစူးကျေးရွာရှိ အိမ်ထောင်စု ၁၃၅ စု၊ လူဦးရေ ၉၁၂ ဦးမှာ ယခင်ကထက် လမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေ ချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။ **ဆက်လူ**

နိုင်ငံတကာ သတင်းများ

ပဲရစ်မြို့ အီဖယ်မျှော်စင်အနီးတိုက်ခိုက်မှုဖြစ်ပွား တစ်ဦးသေဆုံး၍ နှစ်ဦးဒဏ်ရာရရှိ

ပဲရစ် ဒီဇင်ဘာ ၃

ပြင်သစ်နိုင်ငံ ပဲရစ်မြို့လယ် အီဖယ်မျှော်စင်အနီး၌ ဒီဇင်ဘာ ၂ ရက်က အမျိုးသားတစ်ဦးက ခရီးသွားဧည့်သည်များကို တိုက်ခိုက်ခဲ့ရာ လူတစ်ဦးသေဆုံး၍ နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

တိုက်ခိုက်မှုကျူးလွန်သူ အသက် ၂၆ နှစ်အရွယ်အမျိုးသားကို ပဲရစ်ရဲတပ်ဖွဲ့ဝင်များက လက်ရဖမ်းဆီးနိုင်ခဲ့ကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီး ဂျရယ်ဒါမာနင်က သတင်းထုတ်ပြန်ထားသည်။

ၛင်းအမျိုးသားသည် အကြမ်းဖက်တိုက်ခိုက်မှုတစ်ရပ် ပြုလုပ်ရန်ကြံစည်မှုဖြင့် ၂၀၁၆ ခုနှစ်တွင် ထောင်ဒဏ်လေးနှစ် ချမှတ်ခံခဲ့ရသူဖြစ်ပြီး ပြင်သစ်လုံခြုံရေးအဖွဲ့အစည်းများ၏ စောင့်ကြည့်စာရင်း၌ပါဝင်နေသူတစ်ဦးဖြစ်သည်။

အဆိုပါအမျိုးသားသည် ဒီဇင်ဘာ ၂ ရက်တွင် အီဖယ်မျှော်စင်မှ ပေအနည်းငယ်ခန့်အကွာနေရာတွင် ကမ္ဘာလှည့်ခရီးသည်နှစ်ဦးကို ဓားလက်နက်ဖြင့် တိုက်ခိုက်ခဲ့ရာ အမျိုးသမီးတစ်ဦးသေဆုံးခဲ့ရသည်။

ထို့ပြင် ရဲတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးနေချိန်မှာပင် ၎င်း အမျိုးသားသည် အခြားလမ်းသွားလမ်းလာနှစ်ဦးကို တူတစ်လက်ဖြင့် တိုက်ခိုက်ခဲ့ရာ နှစ်ဦး ဒဏ်ရာများ ရရှိခဲ့သည်။

တိုက်ခိုက်မှုကျူးလွန်သူ အမျိုးသားသည် ဂါဇာကမ်းမြောင်ဒေသ အခြေအနေနှင့်ပတ်သက်၍ မကျေမနပ်ဖြစ်နေသူ တစ်ဦးဖြစ်သည်ဟု ပြင်သစ် ပြည်ထဲရေးဝန်ကြီးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

ဖိလစ်ပိုင်နိုင်ငံ မာရာဝီမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား လေးဦးသေဆုံး၍ အများအပြားဒဏ်ရာရရှိ

မနီလာ ဒီဇင်ဘာ ၃

ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာအို ပြည်နယ် မာရာဝီမြို့ တက္ကသိုလ်အားကစားရုံ၌ ယနေ့တွင် ကတ်သလစ်ခရစ်ယာန်ဘာသာဝင်များစုပေါင်းဝတ်ပြုပွဲကျင်းပနေစဉ် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာလူလေးဦးသေဆုံး၍ အများအပြားဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုကို အကြမ်းဖက်ဝါဒတိုက်ခိုက်မှုအဖြစ် ဖိလစ်ပိုင်အစိုးရက ကြေညာထားပြီး ပြည်ပမှ ဝင်ရောက်လာသည့် အကြမ်းဖက်သမားများ ပါဝင်ပတ်သက်နေကြောင်း ပြောကြားထားသည်။

အဆိုပါ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဖိလစ်ပိုင်အစိုးရသည် လက်နက်ကိုင်တပ်မှူးများကို အသင့်အနေအထားပြင်ဆင်ထားကြောင်း သိရသည်။

မာရာဝီမြို့သည် ၂၀၁၇ ခုနှစ်အတွင်းက အစ္စလာမ်မစ်စလွှေးကြွများ ငါးလကြာမျှ ထိန်းချုပ်ထားခဲ့သောမြို့ဖြစ်သည်။

အပြစ်မဲ့သူများကို အကြမ်းဖက်ရန်ဝန်မလေးသည့် အစွန်းရောက်များကို ဖိလစ်ပိုင်လူအဖွဲ့အစည်း၏ ရန်သူများအဖြစ် အမြဲတမ်းသတ်မှတ်ထားကြောင်း သမ္မတ ဖာဒီနန်းမားကိုစ်ဂျူနီယာက မာရာဝီမြို့ဗုံးကွဲမှုနှင့်ပတ်သက်၍ ဝေဖန်ခဲ့သည်။

ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ အားကစားရုံမှာ မင်ဒါနာအို ပြည်နယ် တက္ကသိုလ်အားကစားရုံ ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

ဘီလာရုစ်သမ္မတ အလက်ဇန်းဒါးလူကာရှန်ကို တရုတ်နိုင်ငံခရီးစတင်

မင့်စ် ဒီဇင်ဘာ ၃

ဘီလာရုစ်သမ္မတ အလက်ဇန်းဒါးလူကာရှန်ကိုသည် တရုတ်သမ္မတ ရီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးရေးအတွက် ယနေ့တွင် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ ထွက်ခွာသွားသည်။

အဆိုပါခရီးစဉ်သည် ဘီလာရုစ်သမ္မတလူကာရှန်ကိုအတွက် ယခုနှစ်အတွင်း ဒုတိယမြောက် တရုတ်ခရီးစဉ်ဖြစ်သည်။

သမ္မတလူကာရှန်ကိုသည် ယခုနှစ် ဖေဖော်ဝါရီ ၂၈ ရက် မှ မတ် ၂ရက်ထိ တရုတ်နိုင်ငံသို့တရားဝင်ခရီးစဉ်သွားရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့တွင် စတင်သည့် သမ္မတလူကာရှန်ကို၏ တရုတ်ခရီးစဉ်သည် အလုပ်သဘောခရီးစဉ်ဖြစ်ကြောင်း ဘီလာရုစ်အစိုးရ၏ ဘယ်လ်တာသတင်းအေဂျင်စီက ကြေညာထားသည်။

သမ္မတ ရီကျင့်ဖျင်နှင့်တွေ့ဆုံစဉ် သမ္မတလူကာရှန်ကိုအနေဖြင့် တရုတ်နှင့် ဘီလာရုစ်နှစ်နိုင်ငံ ကုန်သွယ်ရေးစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကိစ္စများဦးစားပေးဆွေးနွေးမည်ဖြစ်ကြောင်း ဘယ်လ်တာသတင်းဌာန၏အဆိုအရသိရသည်။

သမ္မတလူကာရှန်ကိုနှင့် သမ္မတရီကျင့်ဖျင်တို့သည် ယူကရိန်းပြဿနာအတွက် ငြိမ်းချမ်းစွာအဖြေရှာရန် ယခုနှစ် နှစ်စဉ်ပိုင်းတွင် တိုက်တွန်းထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

ဆိုမာလီယာသို့ လက်နက်တင်ပို့မှုပိတ်ပင်ရေးစည်းမျဉ်းများကို ပြန်လည်ဖယ်ရှားပေးရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီမဲခွဲဆုံးဖြတ်

နယူးယောက် ဒီဇင်ဘာ ၃

ဆိုမာလီယာသို့ လက်နက်တင်ပို့မှု ပိတ်ပင်ရေးစည်းမျဉ်းနောက်ဆုံး ကန့်သတ်ချက်များကို ပြန်လည်ဖယ်ရှားပေးရန်ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဒီဇင်ဘာ ၁ ရက်တွင် မဲခွဲဆုံးဖြတ်ခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ဆိုမာလီယာသို့ လက်နက်တင်ပို့မှု ပိတ်ပင်ရေးစည်းမျဉ်းကို နှစ် ၃၀ ကျော်ကြာ ကျင့်သုံးပြီးနောက် ပြန်လည်ပယ်ဖျက်ပေးခဲ့ခြင်းဖြစ်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် တစ်ဖက်နှင့်တစ်ဖက် တိုက်ခိုက်နေသည့် ဒေသန္တရစစ်ခေါင်းဆောင်များထံ လက်နက်ခဲယမ်းများ မရောက်ရှိရေးအတွက် ဆိုမာလီယာသို့ လက်နက်တင်ပို့မှု ပိတ်ပင်ရေးစည်းမျဉ်းကို ၁၉၉၂ ခုနှစ်တွင် ချမှတ်ခဲ့သည်။

သို့သော် ဆိုမာလီယာသို့ လက်နက်တင်ပို့မှု ပိတ်ပင်ရေးစည်းမျဉ်းကို ဒြိတိန်အစိုးရက အဆိုပြုထားသည့် ဆုံးဖြတ်ချက်မူကြမ်းကို လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများက ကန့်ကွက်သူမရှိ အတည်ပြုပေးခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အဆိုပါဆုံးဖြတ်ချက်ကြောင့် ဆိုမာလီယာအစိုးရနှင့် စစ်ဘက်တို့အနေဖြင့် အယ်လ်ရှာဘတ်စစ်သွေးကြွအုပ်စုကို ရင်ဆိုင်နိုင်ရေးအတွက် လက်နက်ခဲယမ်းများ ဝယ်ယူခွင့်ရမည်ဖြစ်သည်။

အယ်လ်ရှာဘတ်အုပ်စုသည် ဆိုမာလီယာအစိုးရကို ဖြုတ်ချရန် ၂၀၁၆ ခုနှစ်ကပင် စတင်၍ လက်နက်ကိုင် ပုန်ကန်နေသည့် စစ်သွေးကြွ အုပ်စုဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

အိန္ဒိယရွေးကောက်ပွဲကော်မရှင်က ပြည်နယ်လေးခု၏ဆန္ဒမဲများကို စတင်ရေတွက်

ဒေလီ ဒီဇင်ဘာ ၃

ပြီးခဲ့သည့်လက ကျင်းပခဲ့သော ပြည်နယ်ငါးခုလွှတ်တော်ရွေးကောက်ပွဲများအနက် ပြည်နယ်လေးခုတို့၏ဆန္ဒမဲများကို အိန္ဒိယရွေးကောက်ပွဲကော်မရှင်က ယနေ့တွင် စတင်ရေတွက်နေပြီဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ပြီးခဲ့သည့်လအတွင်း ရာဂျက်စတန်ပြည်နယ်၊ မဒရာပရာဒေ့ရ်ပြည်နယ်၊ ဗျာတစ်ဂါပြည်နယ်၊ တီလန်ဂါနာပြည်နယ်နှင့်မီဇိုရမ်ပြည်နယ်တို့၌လွှတ်တော်ရွေးကောက်ပွဲများကို အဆင့်ဆင့်ခွဲ၍ ကျင်းပခဲ့သည်။

ယင်းရွေးကောက်ပွဲငါးခုအနက် ရာဂျက်စတန်၊ မဒရာပရာဒေ့ရ်၊ ဗျာတစ်ဂါနှင့် တီလန်ဂါနာပြည်နယ် လွှတ်တော်ရွေးကောက်ပွဲ ဆန္ဒမဲများကို ရွေးကောက်ပွဲကော်မရှင်တာဝန်ရှိသူများက စတင်ရေတွက်လျက်ရှိရာ ယနေ့မှာပင် ရလဒ်များ ပေါ်ထွက် လာနိုင်ဖွယ်ရှိကြောင်း သိရသည်။

မီဇိုရမ်ပြည်နယ် လွှတ်တော်ရွေးကောက်ပွဲ ဆန္ဒမဲများကို ဒီဇင်ဘာ ၄ ရက်တွင် စတင်ရေတွက်နိုင်ဖွယ်ရှိသည်။

အဆိုပါပြည်နယ် ငါးပြည်နယ် ရွေးကောက်ပွဲရလဒ်များသည် ၂၀၂၄ ခုနှစ် အမျိုးသားရွေးကောက်ပွဲများ မတိုင်မီ လက်ရှိအာဏာရ ဘာရတီယာဂျနေတာပါတီ (ဘီဂျေပီ) ရရှိထားသည့် လူထုထောက်ခံမှုအတိုင်းအဆကို ပြသနိုင်ဖွယ်ရှိသည်။

ဝန်ကြီးချုပ် မိုဒီဦးဆောင်သည့် ဘီဂျေပီသည် ၂၀၂၄ ခုနှစ် အမျိုးသားရွေးကောက်ပွဲ၌ တတိယအကြိမ်အဖြစ်ဆက်တိုက်အနိုင်ရရန် ရည်ရွယ်ထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

SCIENCE AND TECHNOLOGY

နဂါးငွေ့တန်းကြယ်စုအတွင်း ဝင်ရောက်လာသော ဟိုက်ဒရိုဂျင်ဓာတ်ငွေ့စီးကြောင်းထဲ၌ ကြယ်များတည်ရှိနေ

ဝါရှင်တန် ဒီဇင်ဘာ ၃

နဂါးငွေ့တန်းကြယ်စု၏ အရှေ့ကြယ်စုနှစ်ခုဖြစ်သည့် ကြယ်စုတိမ်တိုက်ကြီး (LMC)နှင့် ကြယ်စုတိမ်တိုက်ငယ်တို့မှ ထွက်ပေါ်လာပြီး နဂါးငွေ့တန်းကြယ်စုအတွင်း ဝင်ရောက်လာသော ဟိုက်ဒရိုဂျင်ဓာတ်ငွေ့စီးကြောင်းထဲ၌ ကြယ်များတည်ရှိနေကြောင်း ဒီဇင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

မာဂျယ်လန် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့စီးကြောင်း (Magellanic Stream) အမည်ရှိ အဆိုပါဓာတ်ငွေ့စီးကြောင်းသည် နိုင်ငံတကာ သိပ္ပံပညာရှင်များအတွက် ပဟေဠိတစ်ရပ်ဖြစ်ခဲ့ရသည်။

သို့ရာတွင် မာဂျယ်လန်ဟိုက်ဒရိုဂျင်ဓာတ်ငွေ့စီးကြောင်း တိမ်တိုက်များအတွင်း ကြယ်များတည်ရှိနေမှုကို အမေရိကန်နိုင်ငံ ဟားဗတ်-စမစ်ဘိုနီယမ်အင်စတီကျူမှ သိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အမေရိကန် သိပ္ပံပညာရှင်များသည် မာဂျယ်လန်ဓာတ်ငွေ့စီးကြောင်းအတွင်းရှိ ကြယ်များကို ချီလီနိုင်ငံအခြေစိုက် ရေဒီယိုတယ်လီစကုပ်စနစ်တစ်ခု၏ အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

မာဂျယ်လန် ဓာတ်ငွေ့စီးကြောင်းသည် ကမ္ဘာပေါ်မှလှမ်းကြည့်လျှင် လပြည့်နေ့ လအရွယ် အစား အစင်း ၃၀၀ နှင့် အရွယ်အစားချင်းညီသော တောင်ပိုင်းကောင်းကင်နယ်မြေတစ်ခု၌ တည်ရှိကြောင်း သိရသည်။

အဆိုပါ ဓာတ်ငွေ့စီးကြောင်းကို နဂါးငွေ့တန်းကြယ်စု၏ ဒြပ်ဆွဲအားကြောင့် အရန်ကြယ်စုနှစ်ခုမှ လွတ်ထွက်လာသည့် ဓာတ်ငွေ့များဖြင့် ဖွဲ့စည်းထားသည်ဟု သိပ္ပံပညာရှင်များက ယူဆထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

အနီရောင်ကြယ်သိမ်တစ်စင်းကိုပတ်ပြုလှည့်ပတ်နေသည့် ဂြိုဟ်တစ်စင်း ရှာဖွေတွေ့ရှိ

ဝါရှင်တန် ဒီဇင်ဘာ ၃

အနီရောင်ကြယ်သိမ်တစ်စင်းကို ဝတိုပြုလှည့်ပတ်နေသည့် အရွယ်အစား အလွန်ကြီးမားလှသော ဂြိုဟ်တစ်စင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဒီဇင်ဘာ ၂ ရက်သတင်းများအရ သိရသည်။

LHS 3154b ဟူ၍ အမည်ပေးထားသည့် အဆိုပါဂြိုဟ်သည် အရွယ်အစားအားဖြင့် ကမ္ဘာဂြိုဟ်ထက် ၁၃ ဆ ပိုကြီးမားကြောင်း အမေရိကန်နိုင်ငံ ပရင့်စတန် တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ၎င်းဂြိုဟ်ဝတိုပြုလှည့်ပတ်နေသည့် LHS 3154 အမည်ရှိ အနီရောင်ကြယ်သိမ်ကမူ ဒြပ်ထုအားဖြင့် နေဒြပ်ထု၏ ၁၁ ရာခိုင်နှုန်းခန့်သာ ရှိကြောင်း သိရသည်။

အနီရောင်ကြယ်သိမ် (Red Dwarf) များသည် နေ၏အရွယ်အစားနှင့်နှိုင်းယှဉ်ပါက များစွာပိုသေး၍ အလင်းအားလည်း ပိုနည်းလာပြီး ၎င်းကြယ်ဝန်းကျင်၌ LHS 3154b ကဲ့သို့ အရွယ်အစားကြီးမားသည့် ဂြိုဟ်မျိုးမရှိသင့်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

LHS 3154b ဂြိုဟ်သည် မိခင်ကြယ်ကို ၃ ဒသမ ၇ ရက်လျှင် တစ်ကြိမ်ကျ လှည့်ပတ်လျက်ရှိရာ နေအဖွဲ့အစည်းရှိ ဗုဒ္ဓဟူးဂြိုဟ်ထက်ပင် မိခင်ကြယ်နှင့် ပိုနီးကြောင်း

သိရသည်။

LHS 3154 ကြယ်စနစ်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၅၀ ခန့် အကွာတွင်တည်ရှိသော ကမ္ဘာနှင့် အထိုက်အလျောက်နီးသည့် ကြယ်စနစ်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၃ စင်း Space-X ကုမ္ပဏီ ထပ်မံလွှတ်တင်

ဝါရှင်တန် ဒီဇင်ဘာ ၃

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် ဒီဇင်ဘာ ၂ ရက်

တွင် စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တု ၂၃ စင်းကိုထပ်မံလွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ်ဂြိုဟ်တုသစ်များ သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့်ပင်မဒုံးယာဉ်သည် အတ္တလန္တိတ် သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသည့် မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ ဆင်းသက်နိုင်ခဲ့ကြောင်း၊ ထို့နောက် လွှတ်တင်ပြီး ၆၅ ဒသမ ၅ မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ထိပ်ဖူးအဆင့် ဒုံးယာဉ်သည် စတားလင့်ခ်ဂြိုဟ်တုများကို ကမ္ဘာပတ်လမ်းကြောင်း အနိမ့်ပိုင်းသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် ၎င်းတည်ဆောက်နေသည့် စတားလင့်ခ် အင်တာနက် ဝန်ဆောင်မှုကွန်ရက်ကို လက်ရှိအချိန်တွင် ဂြိုဟ်တုအစင်းပေါင်း ၅၀၀၀ ကျော်ဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

HEALTH

မော်တော်ယာဉ်လမ်းကြော လေထုညစ်ညမ်းမှုကြောင့် ခရီးသည်များ သွေးဖိအားမြင့်တက်လာနိုင်

နယူးယောက် ဒီဇင်ဘာ ၃

မော်တော်ယာဉ်လမ်းကြောများနှင့် ဆက်စပ်နေသည့် လေထုညစ်ညမ်းမှုကြောင့် ခရီးသည်များကြား သွေးဖိအားသိသိသာသာမြင့်တက်လာနိုင်ကြောင်း ဒီဇင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ဝါရှင်တန်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ မော်တော်ယာဉ်လမ်းကြောများနှင့် ဆက်စပ်နေသည့် လေထုညစ်ညမ်းမှုပြဿနာကြောင့် ခရီးသည်များ အနေဖြင့် မိနစ် ၆၀ အတွင်း သွေးဖိအား သိသိသာသာမြင့်တက်လာမှုဖြင့် ရင်ဆိုင်ရနိုင်ကြောင်း သိရသည်။

ထို့ပြင် ယာဉ်လမ်းကြောလေထုညစ်ညမ်းမှုကြောင့် သွေးဖိအားမြင့်တက်လာမှုသည် ၂၄ နာရီထိ တည်မြဲနေတတ်သည်ကို တွေ့ရကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ ယာဉ်သွားလမ်းလေထုညစ်ညမ်းမှုနှင့် နှစ်စဉ်ရင်ဆိုင်နေရသော ခရီးသည်များ အနေဖြင့် သီတင်းပတ်ကုန်ရက်များ အတွင်း သွေးဖိအားပုံမှန်ထက်မြင့်တက်နေမှုပြဿနာကို ရင်ဆိုင်ရနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

မော်တော်ယာဉ်လမ်းကြော လေထုညစ်ညမ်းမှု ပြဿနာတွင် PM 2.5 ရုပ်မှုန်များ၊ ကာဗွန်ဒိုင်အောက်ဆိုက်၊ နိုက်ထရိုဂျင်အောက်ဆိုက်၊ ကာဗွန်မိုနောက်ဆိုက်နှင့် အခြားညစ်ညမ်း ဓာတုရုပ်မှုန်များ ပါဝင်နေတတ်သည်။

အထူးသဖြင့် PM 2.5 ရုပ်မှုန်များသည် နှလုံးသွေးကြောကျန်းမာရေးပြဿနာအမျိုးမျိုးနှင့် ဆက်စပ်နေတတ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

အလွန်အကျွံပြုပြင်ထားသော အစားအစာများအနက် အချို့သောအစားအစာများသာ ကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်မှုရှိနိုင်

ဆိုးလ် ဒီဇင်ဘာ ၃

အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာ (UPF) များအနက် အချို့သောအစားအစာများသာ ကျန်းမာရေးအပေါ်ဆိုးကျိုးသက်ရောက်မှုရှိနိုင်ကြောင်း ဒီဇင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

ဓာတုပစ္စည်းများ ထည့်သွင်းထားသည့် UPF အစားအစာများသည် ကင်ဆာရောဂါဖြစ်နိုင်ခြေ၊ နှလုံးရောဂါ ဖြစ်နိုင်ခြေများနှင့် ဆက်စပ်နေသည်ဟု ရှေးယခင်ကပင် ဆေးပညာရှင်များက လက်ခံခဲ့ကြကြောင်း သိရသည်။

သို့ရာတွင် တောင်ကိုရီးယား သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ပီဇာ၊ ခေါက်ဆွဲ၊ ရေခဲမုန့်နှင့် ဝက်အူချောင်းကဲ့သို့ UPF အစားအစာများကြောင့်သာ ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း သိရသည်။

အလားတူ ချောကလက်နှင့် သကြားလုံးကဲ့သို့ UPF အစားအစာများမှာမူ ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်ဖွယ်ရှိကြောင်း တောင်ကိုရီးယား သုတေသနပညာရှင်များက ပြောကြားသည်။

တောင်ကိုရီးယား သုတေသနပညာရှင်များ၏အဆိုအရ UPF အစားအစာများနှင့် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေတို့ကြား ဆက်စပ်မှုမှာ ရေရာသေချာမှုမရှိကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

အယ်ဟိုင်လာအသင်းတွင် ဆက်လက် ကစားမည်ဖြစ်ကြောင်း ရှာဘင်နီပက် ပြောကြား

ရိယာဒ် ဒီဇင်ဘာ ၃

ဆော်ဒီအာရေဗျကလပ် အယ်ဟိုင်လာအသင်းနှင့် ကစားနေသည့် ကွင်းလယ်ကစားသမား ရှာဘင်နီ ဗက်က ၎င်းအနေဖြင့် လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် အသင်းပြောင်းရွှေ့မည် မဟုတ်ဘဲ ဆော်ဒီအာရေဗျတွင်သာ ဆက်ရှိမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

မကြာသေးမီက နယူးကာဆယ်အသင်းသည် အယ်ဟိုင်လာအသင်း ကွင်းလယ်ကစားသမား ရှာဘင်နီ ဗက်ကို အင္ဂျားစာချုပ်ဖြင့်ခေါ်ယူမည်ဖြစ်ကြောင်း သတင်းများထွက်ပေါ်လာခဲ့သဖြင့် ပရီးမီးယားလီဂ် ကလပ်အသင်းများက အကျိုးတူပူးပေါင်းထားသည့် ကလပ်အသင်းများအနေဖြင့် ကစားသမား အင္ဂျားခေါ်ယူခြင်းများ မပြုလုပ်ရန် မဲခွဲဆုံးဖြတ်ခဲ့ပြီးနောက် ရှာဘင်နီ ဗက်က အယ်ဟိုင်လာအသင်းတွင်သာ ဆက်ရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရှာဘင်နီဗက်သည် ပြီးခဲ့သည့် နွေရာသီက ပရီးမီးယားလီဂ်ကလပ် ဂုဗ်အသင်းမှ အယ်ဟိုင်လာအသင်း သို့ရောက်ရှိခဲ့ပြီးနောက် အသင်းကို ဆော်ဒီပရိုလိဂ်တွင် အမှတ်ပေးဇယားထိပ်ဆုံးသို့ ရောက်ရှိအောင် ခြေစွမ်းပြသစွမ်းဆောင်နိုင်ခဲ့သောကြောင့် ကွင်းလယ်ပိုင်းအခက်အခဲရှိနေသည့် နယူးကာဆယ်အသင်းက ၎င်းကို ပရီးမီးယားလီဂ်သို့ပြန်လည်ခေါ်ယူရန်ကြိုးပမ်းခဲ့သည်။

သို့သော် နယူးကာဆယ်အသင်း အားပိုင်ဆိုင်သည့် ဆော်ဒီအခြေစိုက် PIF ကုမ္ပဏီသည် အယ်ဟိုင်လာအသင်းကိုလည်း ပိုင်ဆိုင်ထားသောကြောင့် အကျိုးတူပူးပေါင်းမှုရှိသည့် ကလပ်အသင်းများအနေဖြင့် ကစားသမား ဝယ်ယူရောင်းချခြင်းနှင့် အင္ဂျားစေလွှတ်ခြင်းများမပြုလုပ်ရန် ပရီးမီးယားလီဂ်ကလပ်အသင်းများက ကန့်ကွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik
Trs : ML

အားကစားသတင်း အတိုအထွာများ

- မန်ယူအသင်းက လက်စွမ်းပြသရန် ရှန်းကန်နေရသည့် ဂိုးသမားအိုနာနာနေရာတွင် ဘီလ်ဘာအိုအသင်းဂိုးသမား အူနိုင်းဆိုင်မွန်နှင့်အစားထိုးရန် ပစ်မှတ်ထားနေကြောင်း သိရသည်။
- အာဆင်နယ်အသင်းက အန္ဓဝပ်အသင်းကွင်းလယ်ကစားသမား ဗာမီရန်းကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၃ သန်းဖြင့် ခေါ်ယူရန်ကြိုးပမ်းလျက်ရှိသည်။
- ဖူလ်ဟမ်အသင်းကိုအနိုင်ရခဲ့သည့်ပွဲစဉ်တွင် ခံစစ်ကစားသမား မာတစ်ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း လီဗာပူးအသင်းက ထုတ်ပြန်ခဲ့သည်။

ML

ပရီးမီးယားလီဂ် ပွဲစဉ် (၁၄) ရလဒ်

ဘုန်းမောက်	၂	-	၂	အေဗီလာ
ချဲလ်ဆီး	၃	-	၂	ဘရိုက်တန်
လီဗာပူး	၄	-	၃	ဖူလ်ဟမ်
ဝက်စ်ဟမ်း	၁	-	၁	ပဲလေ့စ်

(ဝ၄၀)

Australian Open ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဂျိုအာကွန်းနီမန်း ဆွတ်ခူး

မဲလ်ဘုန်း ဒီဇင်ဘာ ၃

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင်ကျင်းပခဲ့သည့် Australian Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချီလီဂေါက်သီးရိုက် ကစားသမား ဂျိုအာကွန်းနီမန်းက ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုအာကွန်းနီမန်းသည် နောက်ဆုံးနေ့အပြီးတွင် ဂျပန်ဂေါက်သီးရိုက်ကစားသမား ဟိုရှိနိုနှင့်အတူ စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နိုင်ခဲ့ပြီး ချန်ပီယံ အဆုံးအဖြတ်အတွက် Play-off အဆင့်ကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုအာကွန်းနီမန်းက အနိုင်ရရှိခဲ့သည်။

Play-off အဆင့်တွင် ရှုံးနိမ့်ခဲ့သည့် ဟိုရှိနိုက အမှတ်ပေးဇယား ၈၂ တတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရပြီး ဩစတြေးလျဂေါက်သီးရိုက်ကစားသမားမင်ဝူလီက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

ဟိုရှိနိုသည် နှစ်ပေါင်း ၁၀၀ အတွင်း Australian Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့သော ပထမဆုံး ဂျပန်ဂေါက်သီးရိုက် ကစားသမားအဖြစ် ရပ်တည်ခွင့်ရရှိရန်နီးစပ်ခဲ့သော်လည်း နောက်ဆုံးနေ့တွင် အမှားယွင်းတချို့ရှိခဲ့သလို Play-off တွင်လည်း အခွင့်အရေးကောင်းများဖြင့် လွဲချော်ခဲ့ခြင်းကြောင့် မှတ်တမ်းကောင်းရယူနိုင်မည့် အခွင့်အရေးကောင်းဖြင့် လွဲချော်ခဲ့ရသည်။

ဂျိုအာကွန်းနီမန်းက "၇ဏ်ယူ စရာကောင်းတဲ့ နေ့လေးတစ်နေ့ပါ။ နောက်ဆုံးနေ့ထိ စိတ်လှုပ်ရှားစရာကောင်းခဲ့တယ်။ ရိုက်ချက်တူနဲ့ နောက်ဆုံးနေ့ အဆုံးသတ်ခဲ့တဲ့ အတွက် Play-off ကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရတယ်။ Play-off မှာရလာတဲ့ အခွင့်အရေးကောင်းတွေကို အသုံးချနိုင်ခဲ့တယ်။ ဩစတြေးလျမှာ ယှဉ်ပြိုင်ခဲ့တဲ့ ပြိုင်ပွဲတွေမှာ ရလဒ်တွေကောင်းခဲ့ပါတယ်။ ဒါပေမဲ့လဲ ဒီပြိုင်ပွဲမှာ ကျွန်တော့်ရဲ့ စွမ်းဆောင်ရည်ပိုင်းက အကောင်းဆုံးပုံစံမှာ ရှိမနေခဲ့ပါဘူး။ ရိုက်ချက်တွေ မကောင်းခဲ့ပေမဲ့လဲ ကျင်းစိမ်တဲ့အပိုင်းမှာ တော်တော်လေးကောင်းခဲ့ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

ဥရောပထိပ်တန်းလီဂ်များတွင် သုံးရာသီဆက် ဂိုးဖန်တီးမှုပြုလုပ်နိုင်ခဲ့သည့် ပထမဆုံးဂိုးသမားအဖြစ် အေစီမီလန်အသင်း ဂိုးသမားမိုင်ဂနန် မှတ်တမ်းဝင်

ရောမ ဒီဇင်ဘာ ၃

အေစီမီလန်အသင်း ဂိုးသမားမိုင်ဂနန်သည် ဥရောပထိပ်တန်းလီဂ်များတွင် သုံးရာသီဆက်ဂိုးဖန်တီးမှုပြုလုပ်နိုင်ခဲ့သည့် ပထမဆုံးဂိုးသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အီတလီစီးရီးအေပြိုင်ပွဲ ပွဲစဉ် (၁၄)အဖြစ်ကစားခဲ့သည့် အေစီမီလန်အသင်းက ဖရိစီဝမ်းအသင်းကို သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဂိုးသမားမိုင်ဂနန်သည် အေစီမီလန်အသင်းနှင့်အတူ အကောင်းဆုံး လက်စွမ်းပြသနိုင်ခဲ့သည့်အပြင် ပွဲချိန် မိနစ် ၅၀ တွင်လည်း အသင်းဖော် ပူလီဆစ်၏ သွင်းဂိုးကို ၎င်းကတိကျသည့်အဝေးကန်ချက်ဖြင့် ဂိုးဖန်တီးမှုပြုလုပ်ပေးနိုင်ခဲ့ပြီးနောက် စံချိန်မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၈ နှစ်ရှိ ဂိုးသမားမိုင်ဂနန်သည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က လိုင်လီအသင်းမှ အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးလက်စွမ်းပြသနိုင်ခဲ့ပြီး အဓိကပွဲထွက်ကစားသမားအဖြစ်ပါဝင်ခွင့်ရရှိနေသူဖြစ်သည်။

ဂိုးသမားမိုင်ဂနန်သည် အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်ပထမဆုံး ဘောလုံးရာသီဖြစ်သည့် ၂၀၂၁-၂၀၂၂ ဘောလုံးရာသီ၊ ၂၀၂၂-၂၀၂၃ ဘောလုံးရာသီနှင့် လက်ရှိ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီစသည့် ဘောလုံးရာသီ သုံးရာသီဆက် ဂိုးဖန်တီးမှုပြုလုပ်ပေးနိုင်ခဲ့ပြီးနောက် ထိပ်တန်းလီဂ်များတွင် သုံးရာသီဆက် ဂိုးဖန်တီးမှုပြုလုပ်နိုင်ခဲ့သည့် ပထမဆုံးဂိုးသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Sputnik
Trs : STA

ယခုနှစ်အတွင်း ပြိုင်ပွဲစုံ သွင်းဂိုး ၁၀၀ ပြည့်မြောက်ခဲ့သည့် အသင်းအဖြစ် အာဆင်နယ်အသင်း မှတ်တမ်းဝင်

လန်ဒန် ဒီဇင်ဘာ ၃

အာဆင်နယ်အသင်းသည် ဂုဗ်အသင်းနှင့်ကစားခဲ့သည့် ပရီးမီးယားလီဂ် အမှတ်ပေးပြိုင်ပွဲတွင် နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့ပြီး တိုက်စစ်မှူးဆာကာက အသင်းအတွက် သွင်းဂိုး ၁၀၀ ပြည့်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် အသင်းအနေဖြင့် ယခုနှစ် ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း သွင်းဂိုး ၁၀၀ ပြည့်မြောက်ခဲ့သည့် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ယခုနှစ်အတွင်း သွင်းဂိုး ၁၀၀ ပြည့်မြောက်ခဲ့ပြီး သွင်းဂိုးအများဆုံး အသင်းအဖြစ် မန်စီးတီးအသင်းက စုစုပေါင်း သွင်းဂိုး ၁၃၇ ဂိုးဖြင့် ထိပ်ဆုံးတွင် ရပ်တည်နေပြီး ၎င်းနောက်တွင် စပိန်ကလပ် ရီးရဲလ်မက်ဒရစ်အသင်းက သွင်းဂိုး ၁၁၉ ဂိုးဖြင့် ဒုတိယ၊ဂျာမနီကလပ်အသင်းများဖြစ်သည့် ဘိုင်ယန်မြူးနစ်အသင်းက သွင်းဂိုး ၁၁၁ ဂိုးဖြင့် တတိယ၊ လေဗာကူဆင်အသင်းက သွင်းဂိုး ၁၁၀ ဖြင့် စတုတ္ထနေရာတွင်ရပ်တည်နေကာ ယခုပွဲစဉ်တွင် အာဆင်နယ်အသင်းက ဂုဗ်အသင်းကို သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ဥရောပထိပ်သီးကလပ် ငါးခုတွင် သွင်းဂိုး ၁၀၀ ပြည့်မြောက်ခဲ့သည့် ပဉ္စမမြောက်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် အာဆင်နယ်အသင်းသည် ဂုဗ်အသင်းကို ပွဲစကတည်းက ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ရာ ပွဲချိန် ခြောက်မိနစ်တွင် ဆာကာနှင့် ပွဲချိန် ၁၃ မိနစ်တွင် အိုဒီကတ်တို့၏ သွင်းဂိုးများဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ပွဲကစားချိန် ၈၆ မိနစ်တွင် ဂုဗ်အသင်း၏ တိုက်စစ်မြှင့်ကစားခဲ့မှုကြောင့် ချေပဂိုးတစ်ဂိုးခွင့်ပြုပေးခဲ့ရသဖြင့် နှစ်ဂိုးတစ်ဂိုးဖြင့်အနိုင်ရခဲ့ပြီး တိုက်စစ်ပိုင်းအနေဖြင့် ပရီးမီးယားလီဂ် ၁၄ ပွဲအပြီးတွင် သွင်းဂိုး ၂၉ ဂိုးထိ သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : ML

7th World Vovinam Championships ပြိုင်ပွဲတွင် အောင်ပွဲရမြန်မာဗိုဗီနမ်အားကစားအဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၃

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ကျင်းပခဲ့သည့် 7th World Vovinam Championships ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော အောင်ပွဲရမြန်မာဗိုဗီနမ်အားကစားအဖွဲ့သည် ဒီဇင်ဘာ ၂ ရက်ည ၁၀ နာရီ မိနစ် ၅၀ က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိ ခဲ့ကြောင်း သိရသည်။

အောင်ပွဲရ မြန်မာဗိုဗီနမ်အားကစားအဖွဲ့ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဥပဒေချုပ် ဦးဌေးအောင်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးကျော်ဆန်းဦးနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဗိုဗီနမ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲမြင့်နှင့် အမှုဆောင်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ၊ မိဘ၊ဆွေမျိုးများက စည်ကားသိုက်မြိုက်စွာကြိုဆိုခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ဆုတံဆိပ်များကို Pair Machete Form Male ပြိုင်ပွဲတွင် ရွှေတံဆိပ် တစ်ခု၊ ၅၁ ကီလိုတန်း(အတိုက်)ပြိုင်ပွဲတွင် ရွှေတံဆိပ် တစ်ခု၊ Four Element Staff Form ပြိုင်ပွဲတွင် ငွေတံဆိပ် တစ်ခု၊ 3 Male၊3 Female ပြိုင်ပွဲတွင် ငွေတံဆိပ် တစ်ခု၊ Ying Yang Sword Form Female ပြိုင်ပွဲတွင် ငွေတံဆိပ် တစ်ခု၊ ၅၄ ကီလိုတန်း(အတိုက်) ပြိုင်ပွဲတွင် ကြေးတံဆိပ် တစ်ခု၊ Female Self Defense (အပြ)ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု၊ Pair Sword Form Male ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု၊ Ying Yang Sword Form Male ပြိုင်ပွဲတွင် ကြေးတံဆိပ် တစ်ခု၊ Male Ying Yang Sword Form Team 4 ပြိုင်ပွဲတွင် ကြေးတံဆိပ် တစ်ခု၊ Male multiple training -01 male athlete defends against 03 others with wespon ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု၊ Cross form female ပြိုင်ပွဲတွင် ကြေးတံဆိပ် တစ်ခု၊ One female athlete defense against 3 male athlete with weapon ပြိုင်ပွဲတွင် ကြေးတံဆိပ် တစ်ခု၊ Pair knife form male ပြိုင်ပွဲတွင် ကြေးတံဆိပ် တစ်ခု စုစုပေါင်း ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ် ကိုးခု ရရှိခဲ့ကြောင်း သိရသည်။

STA

Next Gen ATP Finals တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆားဘီးယားတင်းနစ်ကစားသမား မက်ဂျိုဗစ် ဆွတ်ခူး

ကျက်ဒါး ဒီဇင်ဘာ ၃

ဆော်ဒီအာရေဗျနိုင်ငံ ဂျက်ဒါးမြို့တွင်ကျင်းပခဲ့သော Next Gen ATP Finals တင်းနစ်ပြိုင်ပွဲတွင် ဆားဘီးယား တင်းနစ်ကစားသမား မက်ဂျိုဗစ်နှင့် ပြင်သစ်တင်းနစ်ကစားသမားအာသာဖီတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မက်ဂျိုဗစ်က (၃-၄၊ ၄-၁ ၊ ၄-၂၊ ၃-၄ ၊ ၄-၁) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

မက်ဂျိုဗစ်သည် ၂၀၂၁ ခုနှစ် အပျော်တမ်းပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့စဉ်ကတည်းက ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမား ဂျိုကိုဗစ်၏ လေ့ကျင့်သင်ကြားပေးမှု၊ လမ်းညွှန်မှုများကို ခံယူခဲ့သူဖြစ်သလို ပရော်ဖက်ရှင်နယ်တင်းနစ်လောကသို့ ဝင်ရောက်လာခဲ့ချိန်တွင်လည်း ကွင်းတွင်း၊ ကွင်းပြင်ကိစ္စရပ်များ၌ ဂျိုကိုဗစ်၏ လမ်းညွှန်မှုများကို ခံယူနေသူလည်းဖြစ်သည်။

ဂျိုကိုဗစ်၏ အနီးကပ်လေ့ကျင့်သင်ကြားပေးမှုကို ခံယူခဲ့သည့် မက်ဂျိုဗစ်သည် ယခုနှစ်အတွင်း စွမ်းဆောင်ရည်ပိုင်း သိသိသာသာ တိုးတက်လာခဲ့သလို အနာဂတ်တွင် ဆားဘီးယား တင်းနစ်လောကခ၌ ဂျိုကိုဗစ်၏ခြေရာကို နင်းနိုင်မည့် ကစားသမားအဖြစ် ထင်ကြေးပေးခံထားရသူလည်းဖြစ်သည်။

မက်ဂျိုဗစ်က "ဂျိုကိုဗစ်ဟာ ကျွန်တော့်ကို အခုလိုအောင်မြင်မှုတွေရရှိလာအောင် အများကြီးကူညီပေးခဲ့တဲ့သူပါ။ ဒီနှစ်အတွင်း ဂျိုကိုဗစ်ဟာ တကယ့်ဆုကြီးတွေ ရယူနိုင်ခဲ့တဲ့အချိန် ကျွန်တော့် အနေနဲ့လဲ Next Gen ATP Finals တင်းနစ်ပြိုင်ပွဲမှာ ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

WBA International စူပါဗယ်သာဝိတ်တန်း ချန်ပီယံခါးပတ်ကို ဂျော်ဒန်ဂီလ် ဆွတ်ခူး

ဘဲလ်ဖက် ဒီဇင်ဘာ ၃

WBA International စူပါဗယ်သာဝိတ်တန်း၏ လစ်လပ်နေသော ချန်ပီယံနေရာအတွက် အိုင်ယာလန်လက်ဝှေ့သမား မိုက်ကယ်ကွန်လန်နှင့် အင်္ဂလန်လက်ဝှေ့သမားဂျော်ဒန်ဂီလ်တို့ ဒီဇင်ဘာ ၂ ရက်တွင် မြောက်အိုင်ယာလန်နိုင်ငံ ဘဲလ်ဖက်မြို့တွင် ကျင်းပခဲ့ရာ ဂျော်ဒန်ဂီလ်က ဗိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အနိုင်ရမည်ဟုထင်ကြေးပေးခံထားရသည့် မိုက်ကယ်ကွန်လန်သည် ခုနှစ်ချီမြောက်တွင် ဗိုင်ပွဲရပ်ရလဒ်ဖြင့် ရှုံးနိမ့်သွားခဲ့ခြင်းဖြစ်ပြီး ထင်မှတ်မထားသည့် ရလဒ်ကြောင့် စိတ်ပျက်နေသည့် မိုက်ကယ်ကွန်လန်က လက်ဝှေ့လောကမှ ခေတ္တအနားယူမည် ဖြစ်ကြောင်း ပွဲအပြီးတွင် ပြောကြားခဲ့သည်။

ဂျော်ဒန်ဂီလ်က "မိုက်ကယ်ဟာ ကမ္ဘာ့အဆင့် လက်ဝှေ့သမား တစ်ယောက်ပါ။ သူ့အပေါ်မှာ လေးစားမှု အပြည့်ရှိပါတယ်။ မိုက်ကယ်နဲ့ ရင်ဆိုင်ထိုးသတ်ဖို့ အတွက် ကြိုတင်ပြင်ဆင်ထားတဲ့ Game Plan တွေအားလုံးအောင်မြင်ခဲ့လို့ ကျွန်တော်အခုလိုအနိုင်ရခဲ့တာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

ယူရို ၂၀၂၄ အုပ်စုမဲခွဲပွဲတွင် လက်ရှိချန်ပီယံ အီတလီအသင်း စပိန်၊ ခရိုအေးရှားတို့နှင့်တွေ့ဆုံ

ဟမ်းဘတ် ဒီဇင်ဘာ ၃

ယူရို ၂၀၂၄ အုပ်စုမဲခွဲပွဲကို ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့တွင် ကျင်းပပြုလုပ်ခဲ့ရာ လက်ရှိချန်ပီယံ အီတလီအသင်းသည် စပိန်၊ ခရိုအေးရှား၊ အယ်ဘေးနီးယားအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါမဲခွဲမှုတွင် အုပ်စု(A)၌ ဂျာမနီ၊ ဟန်ဂေရီ၊ စကော့တလန်နှင့် ဆွစ်ဇာလန်အသင်း၊ အုပ်စု(B)တွင် စပိန်၊ အယ်ဘေးနီးယား၊ ခရိုအေးရှားနှင့် အီတလီအသင်း၊ အုပ်စု(C)တွင် အင်္ဂလန်၊ ဒိန်းမတ်၊ ဆလိုဗေးနီးယားနှင့် ဆားဘီးယားအသင်း၊ အုပ်စု(D)တွင် ပြင်သစ်၊ဩစတြီးယား၊နယ်သာလန်နှင့် (ပိုလန်၊ အက်စ်တိုးနီးယား၊ ဝေးလ်(သို့မဟုတ်)ဖင်လန်)အသင်းတို့မှ play-off ကစား၍ အနိုင်ရသည့်အသင်းနှင့် ကစားရမည်ဖြစ်သည်။

အုပ်စု(E)တွင် ဘယ်လ်ဂျီယံ၊ ရိုမေးနီးယား၊ ဆလိုဗေးနီးယားနှင့် (အစ္စရေး၊ အိုက်စလန်၊ ဘော့ဇနီးယား(သို့မဟုတ်)ယူကရိန်း)အသင်းတို့မှ play-off ကစား၍ အနိုင်ရသည့်အသင်း၊ အုပ်စု(F)တွင် ပေါ်တူဂီ၊ တူရကီ၊ ချက်နှင့်(ကျော်ဂျီယာ၊ လူဇင်ဘတ်၊ ဂရီ(သို့မဟုတ်)ကာဇက်စတန်)အသင်းတို့မှ play-off အနိုင်ရသည့်အသင်းတို့ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ၂၀၂၄ ခုနှစ် ဇွန် ၁၄ ရက်တွင် အင်္ဂလန်အသင်းက ဒိန်းမတ်အသင်းနှင့် လည်းကောင်း၊ အိမ်ရှင်ဂျာမနီအသင်းက စကော့တလန်အသင်းနှင့် လည်းကောင်း ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik
Trs : ML

နေရှင်နယ်လီဂ်ပြိုင်ပွဲ ပွဲစဉ်(၂၁)တွင် ဒဂုံစတားအသင်း အနိုင်ရရှိ

ရန်ကုန် ဒီဇင်ဘာ ၃

မြန်မာနေရှင်နယ်လီဂ်ပြိုင်ပွဲ ပွဲစဉ်(၂၁)အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားကွင်းတွင် ဒဂုံစတားအသင်းနှင့် GFA အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဒဂုံစတားအသင်းက လေးဂိုးတစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ဒဂုံစတားအသင်းက ဂိုးပေါက်ခြိမ်းခြောက်မှုအသာစီးဖြင့်ဖိအားပေးကစားနိုင်ခဲ့ပြီးပွဲချိန် ၂၂ မိနစ်နှင့် ၃၅ မိနစ်တွင် ညီညီအောင်ကလည်းကောင်း၊ ပွဲချိန် မိနစ် ၄၀ တွင် သက်ပိုင်စိုးကလည်းကောင်း ဒဂုံစတားအသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူပေးနိုင်ခဲ့သည့် အတွက် ပထမပိုင်းအပြီးတွင် ဒဂုံစတားအသင်းက သုံးဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း GFA အသင်းက ချေပဂိုးများအတွက် ပြန်လည်တိုက်စစ်မြှင့် ဖိအားပေးကစားရန်ကြိုးစားခဲ့သော်လည်း အဆုံးသတ်ပိုင်းအားနည်းမှုများကြောင့် သွင်းဂိုးများရရှိခဲ့ခြင်းမရှိခဲ့ဘဲ ပွဲချိန် ၅၈ မိနစ်တွင် ဝေယံဖြိုးက ဒဂုံစတားအသင်းအတွက် စတုတ္ထဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သည်။

ဒဂုံစတားအသင်းက လေးဂိုးဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ပွဲကို ထိန်းချုပ်ကစားခဲ့ကာ ကစားအားအနည်းငယ်ကျဆင်းခဲ့ရာမှ ပွဲချိန် ၇၂ မိနစ်တွင် ဟိန်းသက်ဖြိုးက GFA အသင်းအတွက် တစ်လုံးတည်းသောဦးဆောင်ဂိုးကိုသွင်းယူပေးနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်၌ ဒဂုံစတားအသင်းက GFA အသင်းကို လေးဂိုး တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ဒဂုံစတားအသင်းနှင့် ခြေစွမ်းပြသပြီး သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့သည့် တိုက်စစ်မှူး ညီညီအောင်က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လီဂ်ပြိုင်ပွဲ ပွဲစဉ်(၂၁)အဖြစ် နိုဝင်ဘာ ၄ ရက်ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ YUSC အားကစားကွင်း၌ မြဝတီအက်ဖ်စီအသင်းနှင့် မဟာယူနိုက်တက်အသင်း၊ ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ရတနာပုံအက်ဖ်စီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

ပြင်သစ်လီဂ်း ပွဲစဉ် (၁၄) ရလဒ်

လီဟာဗေး	၀	-	၂	ပီအက်စ်ဂျီ
ဘရက်	၃	-	၀	ကလဲယားမောင့်
မိုနာကို	၂	-	၀	မောင့်ပယ်လီယာ
တူးလော့	၁	-	၁	လိုရီယန့်
လိုင်လီ	၂	-	၀	မက်ဇ်

(၀၄၀)

စင်ကာပူ၏ မျိုးဆက်သစ် သံချပ်ကာတိုက်ယာဉ်များ အပိုင်း (၁)

မောင်သောင်းဝင်း(တမန်ဟောင်း)

ကမ္ဘာလုံးဆိုင်ရာရာသီဥတုသည် အယူဝါဒမတူကွဲပြားမှုများ မြင့်တက်လာလျက်ရှိသောကြောင့် စင်ကာပူတပ်မတော် (SAF)သည် တိုင်းပြည်၏ကာကွယ်ရေးလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအလို့ငှာ မျိုးဆက်သစ် သံချပ်ကာတိုက်ယာဉ်များ တည်ဆောက်နိုင်ရေး ဆက်လက်တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ မျိုးဆက်သစ် သံချပ်ကာတိုက်ယာဉ်များ ပြုပြင်ပြောင်းလဲဖော်ဆောင်နေမှုကို မကြာသေးမီ အချိန်အတွင်းက ပြုလုပ်ခဲ့သည့် Forging Sabre 2023(XFS23)၌ ပြသခဲ့သည်။ ၎င်းစစ်ရေးလေ့ကျင့်မှု၌ SAF ၏ နည်းပညာပိုင်းဆိုင်ရာ ဆန်းသစ်တီထွင်မှုများနှင့် စမ်းသပ်မှုများကို တွေ့မြင်ခဲ့ရသည်။

စင်ကာပူ၏ သံချပ်ကာတိုက်ယာဉ်အုပ်စုများ တည်ဆောက်မှုသမိုင်းကြောင်း တစ်လျှောက်ကို ကြည့်ခြင်းအားဖြင့် SAF ၏ သံချပ်ကာတိုက်ယာဉ်သစ်များပြုပြင်ပြောင်းလဲတည်ဆောက်ခြင်းမှ သင်ခန်းစာများရရှိခဲ့သည်အပြင် မျိုးဆက်သစ်တိုက်ယာဉ်များ တည်ဆောက်ရေးအတွက် ဖြစ်ပေါ်လာနိုင်သည့် စိန်ခေါ်မှုများကိုလည်း ကြိုတင်တွက်ဆနိုင်ခဲ့သည်။

SAF ၏ အသစ်အသစ်သော ပြုပြင်ပြောင်းလဲတိုးတက်မှုများကို ပင်လယ်ရေကြောင်းတပ်ဖွဲ့ဖြစ်သည့် စင်ကာပူရေတပ် (RSN) ကစတင်၍ ဆောင်ရွက်ခဲ့သည်။ ၂၀၂၃ ခုနှစ် မတ်လတွင် စင်ကာပူကာကွယ်ရေးဝန်ကြီးဌာန(MINDEF) သည် RSN အတွက် ဘက်စုံသုံးတိုက်ခိုက်ရေးစစ်ရေယာဉ် (MRCV) ခြောက်စီးဝယ်ယူရန် ST Engineering နှင့် လက်နက်ရောင်းဝယ်ရေးစာချုပ်တစ်ရပ် လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၃၀ ပြည့်နှစ်တွင် ရှိရင်းစွဲ Victory အတန်းအစား ဒုံးကျည်တင်ကော်ဗက်စစ်ရေယာဉ်များနေရာတွင် အစားထိုးရန်လျာထားပြီး MINDEF သည် MRCV ခြောက်စင်းကို SAF ၏ ပင်လယ်ပြင်စစ်ပွဲတွင် အခြားသောမောင်းသူမဲ့ဒရုန်းများနှင့် စစ်ရေယာဉ်များအတွက် ပင်မစစ်ရေယာဉ်တစ်စီးအဖြစ် တာဝန်ပေးအပ်သွားရန် အစီအစဉ်ရေးဆွဲထားရှိသည်။ အထူးသဖြင့် MRCV ကို SAF အတွက် ပင်လယ်ပြင်အခြေစိုက် ထိန်းချုပ်ရေးစင်တာ တစ်ခုအဖြစ် ဒီဇိုင်းရေးဆွဲထားရှိသည်။ SAF သည် ၎င်း၏ကြည်း၊ ရေ၊ လေနှင့် ကမ်းခြေစောင့်တပ်ဖွဲ့များအတွက် မောင်းသူမဲ့ယာဉ်များကို ကျယ်ကျယ်ပြန့်ပြန့် ပေါင်းစပ်ဆောင်ရွက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

SAF ၏ ကြည်းတပ်တွင်လည်း အသစ်တည်ဆောက်ထားသည့် Hunter အမျိုးအစား သံချပ်ကာတိုက်ခိုက်ရေးယာဉ် (AFV) ကို ၂၀၁၉ ခုနှစ် ၆နှင်လက တရားဝင်စတင်တာဝန်ပေးအပ်ခဲ့သည်။ Hunter ယာဉ်တွင် ဒစ်ဂျစ်တယ်နှင့်နောက်ဆုံးပေါ် နည်းပညာများတပ်ဆင်ထားရှိပြီး ယာဉ်၏အတွင်းပိုင်းတွင်လည်း ယာဉ်မောင်းအတွက် ရှုပ်ပုံကြည်လင်ပြတ်သားစွာမြင်ရသော ဖန်သားပြင်၊ ထိန်းချုပ်ရေးကိရိယာတို့နှင့်အတူ ပေါင်းစပ်တိုက်ပွဲဝင်ယာဉ်မောင်းအခန်းကို တပ်ဆင်ထားရှိသည်။ ထို့ကြောင့် Hunter တိုက်ယာဉ်သည် RSN အတွက် MRCVs အဖြစ် ထမ်းဆောင်နိုင်သကဲ့သို့ စင်ကာပူကြည်းတပ်အတွက် မြေပြင်အခြေစိုက် ပင်မယာဉ်တစ်စီးအဖြစ်လည်း တာဝန်ထမ်းဆောင်သွားနိုင်မည်ဖြစ်သည်။

SAF ၏ ၂၀၃၀ ပြည့်နှစ် စီမံကိန်းများတွင် မောင်းသူမဲ့လေယာဉ် (UAV) များပါဝင်ပြီး ၎င်းတို့အနက် အချို့သောမောင်းသူမဲ့ယာဉ်များကို XFS23 ၌ တရားဝင်ပြသခဲ့ပြီးဖြစ်သည်။ UAV များသည် SAF ၏ မျိုးဆက်သစ်ပေါင်းစပ်ယာဉ် အမျိုးအစားတွင် ပါဝင်လျက်ရှိသည်။ အဆိုပါ UAV များသည် ခြေလျင်စစ်သားများနှင့်အတူ တစ်မူထူးခြားသော တာဝန်များ ထမ်းဆောင်သွားနိုင်မည်ဖြစ်သည်။ ဆိုလိုသည်မှာ ထိန်းချုပ်ရေးမျှော်စင်အဖြစ် အသုံးပြုနိုင်သော Hunter သည် UAV များနှင့် စစ်ဘက်ပစ်မှတ်များကို ဓာတ်ပုံရိုက်ပြီး ပစ်မှတ်အမျိုးအစားခွဲခြားခြင်းအားဖြင့် အရေးယူဆောင်ရွက်နိုင်မည့် စစ်ဘက်သတင်းအချက်အလက်များကို စုဆောင်းနိုင်မည်ဖြစ်သည်။ ထိုသို့ လုပ်ဆောင်နိုင်ခြင်းသည် စင်ကာပူမြေပြင်တပ်ဖွဲ့၏ တိုက်ခိုက်ရေးစွမ်းဆောင်ရည်များကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ အထူးသဖြင့် တပ်ဖွဲ့ဝင်များကို ခြေလျင်ခရီးဖြင့်သော်လည်းကောင်း၊ သံချပ်ကာယာဉ်များဖြင့်သော်လည်းကောင်း တာဝန်ထမ်းဆောင်နိုင်စေမည်ဖြစ်သည်။

> ❖ **တိုက်ယာဉ်တစ်စီး၏စနစ်သည် အခြားယာဉ်အပေါ် လွှမ်းမိုးနိုင်မှု ကန့်သတ်ချက်ကို ထည့်သွင်းစဉ်းစားလျက် ရွေးချယ်နိုင်သည့်အခွင့်အလမ်း နှစ်ရပ် ရှိနေသည်။ ပထမအချက်မှာ စင်ကာပူ၏ မည်သည့်ယာဉ်ဟောင်းတွင်မဆို BMS တပ်ဆင်ထားလျှင် ARTEMIS တိုက်ရိုက်ချိတ်ဆက်စေခြင်းအားဖြင့် C2 စနစ်များပေါင်းစပ်ခြင်းပင်ဖြစ်သည်။ ဒုတိယအချက်မှာ ယာဉ်တစ်စီးပေါ်တွင် စနစ်နှစ်မျိုးစလုံးကို တစ်ပြိုင်တည်း တပ်ဆင်ခြင်းပင်ဖြစ်သည်။** ❖

အအောင်ကြီးမှ ဆက်ရန်

အအောင်ကြီးမှ ဆက်ရန်

အအောင်ကြီးမှ ဆက်ရန်

အအောင်ကြီးမှ ဆက်ရန်

အအောင်ကြီးမှ ဆက်ရန်

ARTEMIS ကို ဘက်စုံသုံးပလက်ဖောင်းတစ်ခုအဖြစ် တည်ဆောက်ထားခြင်းသည် SAF ၏ မြေပြင်တိုက်ပွဲအတွက် ပင်မထိန်းချုပ်ရေးစင်တာ ထူထောင်သည့်သဘောတရား၏ အောင်မြင်မှုတစ်ရပ်ပင်ဖြစ်သည်။ ဆိုလိုသည်မှာ အနာဂတ်တွင် SAF ၏တပ်ဖွဲ့များသည် တစ်ခုတည်းသော ဒစ်ဂျစ်တယ်မြေပုံကို အသုံးပြုနိုင်တော့မည်ဖြစ်သည်။ ၎င်းမြေပုံသည် အရင်းအမြစ်ပေါင်းစုံမှ သတင်းအချက်အလက်များကို စုစည်းထားရှိခြင်းဖြစ်ပြီး စစ်မျက်နှာပေါင်းစုံတွင် ပေါင်းစပ်စစ်ပွဲကို အမြင့်ဆုံးတာဝန်ထမ်းဆောင်နိုင်မည်ဖြစ်သည်။ အထူးသဖြင့် SAF ၏ စွမ်းဆောင်ရည်များကို မြှင့်တင်စေနိုင်မည့်အပြင် ပေါင်းစပ်တိုက်ခိုက်ရေးတပ်ဖွဲ့အဖြစ်လည်း တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်သည်။

အဆိုပါစနစ်ကျနသည့် ဗဟိုထိန်းချုပ်မှုစနစ်သည် SAF ၏ C2 စနစ်များနှင့်တိုက်ခိုက်ရေးစွမ်းဆောင်ရည်များကို တိုးတက်ပြောင်းလဲလာသည်မှာ သံသယဝင်ရန် မလိုသော်လည်း SAF ၏ အခြားသောပလက်ဖောင်းများတွင် အလားတူအသုံးချသွားမည့် သဘောတရားများသည် စစ်မှုမထမ်းမနေရဥပဒေကို အခြေခံသောစင်ကာပူတပ်မတော်အတွက် နည်းပညာနှင့် သဘောတရားရေးဆိုင်ရာ စိန်ခေါ်မှုများရှိနေဆဲပင်ဖြစ်သည်။ ARTEMIS သည် ကွပ်ကဲမှုစနစ်သစ်ကို SAF ၏ယာဉ်များတွင် အသုံးချသွားရန်နှင့်SAF ၏ တပ်ဖွဲ့ဝင်လေးခုစလုံးတွင် အသုံးပြုရန်စီစဉ်ထားရှိသည့် ဒေသဆိုင်ရာ ကာကွယ်ရေးဆန်းသစ်တီထွင်မှုပင်ဖြစ်သည်။ သို့သော် ထိုသို့လုပ်ဆောင်နိုင်ရေးအတွက် အပြောလွယ်သလောက် အလုပ်ခက်မည်ဖြစ်သည်။ အဆိုပါလုပ်ငန်းစဉ်သည် Bionix သို့တည်းမဟုတ် Bronco ကဲ့သို့သော ပြည်တွင်းထုတ်ယာဉ်များတွင်တပ်ဆင်ရာ၌ လွယ်ကူမည်ဖြစ်သော်လည်း SAF ၏ ပြည်ပထုတ်ယာဉ်များတွင် တပ်ဆင်ရာ၌ လုပ်ငန်းပိုင်းဆိုင်ရာ စိန်ခေါ်မှုများထွက်ပေါ်လာလျက်ရှိသည်။

မြေပြင်တိုက်ခိုက်ရေးတပ်ဖွဲ့များ၏ အဓိကကျသောအချက်သည် ပင်မတိုက်ပွဲဝင်တင့်ကား (MBT) များ၏ လုပ်ငန်းစွမ်းဆောင်မှုပင်ဖြစ်သည်။ ဆိုလိုသည်မှာ တိုက်ယာဉ်များ၏ပစ်စွမ်းအား၊ ရွှေ့လျားစစ်ကစားနိုင်မှုနှင့် ခုခံကာကွယ်နိုင်မှုပင်ဖြစ်သည်။ SAF ၏ ရှိရင်းစွဲ MBT များကို လေ့လာကြည့်ရာ၌ လက်ရှိအချိန်တွင် Leopard 259 (L259)များ ပိုင်ဆိုင်ထားရှိသည်။ ၎င်းယာဉ်များတွင် ဂျာမနီထုတ်ကွပ်ကဲမှုစနစ်တပ်ဆင်ထားရှိသည်။ တိုက်ယာဉ်၏မူလစနစ်ကို အစားထိုးရန် ကြိုးပမ်းခြင်း သို့တည်းမဟုတ် ရှိရင်းစွဲစနစ်နှင့်အပြိုင် စနစ်သစ်တစ်ခု တပ်ဆင်ရန် ကြိုးပမ်းခြင်းသည် လုပ်ငန်းလည်ပတ်မှုနှင့် SAF အတွက် စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည်။ SAF ၏ ၂၀၄၀ ပြည့်နှစ်စီမံကိန်းများသည် L259 ကို ၎င်း၏ တိုက်ခိုက်ရေးတပ်ဖွဲ့တွင် ဆက်လက်ထည့်သွင်းသွားမည်ဖြစ်သောကြောင့် SAF အနေဖြင့် ကြည်းတပ်ဖွဲ့အားလုံးတွင် ပင်မထိန်းချုပ်ရေးသဘောတရားကို အပြည့်အဝ အကောင်အထည်ဖော်သွားနိုင်မလားဆိုသောအချက်ကို ဆက်လက်စောင့်ကြည့်သွားရမည်ဖြစ်သည်။

တိုက်ယာဉ်တစ်စီး၏စနစ်သည် အခြားယာဉ်အပေါ် လွှမ်းမိုးနိုင်မှု ကန့်သတ်ချက်ကို ထည့်သွင်းစဉ်းစားလျက် ရွေးချယ်နိုင်သည့် အခွင့်အလမ်းနှစ်ရပ် ရှိနေသည်။ ပထမအချက်မှာ စင်ကာပူ၏ မည်သည့်ယာဉ်ဟောင်းတွင်မဆို BMS တပ်ဆင်ထားလျှင် ARTEMIS တိုက်ရိုက်ချိတ်ဆက်စေခြင်းအားဖြင့် C2 စနစ်များပေါင်းစပ်ခြင်းပင်ဖြစ်သည်။ ဒုတိယအချက်မှာ ယာဉ်တစ်စီးပေါ်တွင် စနစ်နှစ်မျိုးစလုံးကို တစ်ပြိုင်တည်းတပ်ဆင်ခြင်းပင်ဖြစ်သည်။ ထိုသို့ရွေးချယ်ခြင်းသည် အင်ဂျင်နီယာပိုင်းဆိုင်ရာ ရှုပ်ထွေးမှုဖြစ်စေနိုင်ပေသည်။ စင်ကာပူ၏ကာကွယ်ရေးဆိုင်ရာ ထူထောင်မှုများသည် ပြဿနာများနှင့် ရှုန်းကန်နေရဆဲပင်ဖြစ်သည်။ စစ်လက်နက်ပစ္စည်းပိုင်းဆိုင်ရာ ကန့်သတ်ချက်များကို ကျော်လွှားနိုင်သည့်တိုင် အောင် ငွေကြေးပိုင်းဆိုင်ရာနှင့် လက်တွေ့အသုံးဝင်မှု အပိုင်းနှင့်စပ်လျဉ်း၍ မေးခွန်းများထွက်ပေါ်လျက်ရှိသည်။

မည်သို့ပင်ဆိုစေ ပင်မထိန်းချုပ်ရေးသဘောတရားသည် SAF ၏ မျိုးဆက်သစ်မျှော်မှန်းချက်ဆိုင်ရာ၊ သီအိုရီပိုင်းဆိုင်ရာ အယူအဆကို ဒစ်ဂျစ်တယ်နှင့် အပြန်အလှန်ချိတ်ဆက်ထားသော တပ်ဖွဲ့အဖြစ် ကိုယ်စားပြုလျက်ရှိသည်။ တပ်ဖွဲ့ချိတ်ဆက်သည့် အဆိုပါလုပ်ငန်းစဉ်ကို အလျဉ်စလိုလုပ်ဆောင်နိုင်မည်မဟုတ်ချေ။ ကြည်း၊ ရေ တပ်ဖွဲ့များကြား အပြန်အလှန်ချိတ်ဆက်မှုလုပ်ငန်းများ အဆင့်လိုက်မစတင်မီ ကုန်ကျစရိတ်တွက်ချက်မှုနှင့် လုပ်ငန်းစမ်းသပ်မှုများအတွက် သင့်တင့်သော အချိန်အတိုင်းအတာတစ်ခု လိုအပ်မည်ဖြစ်သည်။ ထို့နောက် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့များကြား အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်မှုများ အောင်မြင်မှုရရှိရေးအတွက် ပူးတွဲစစ်ရေးလေ့ကျင့်မှုများစွာ လုပ်ဆောင်သွားရန် လိုအပ်ပေသည်။

ကိုးကား

- **Singapore's Armored Vehicle: The Next-Generation Transformation.**

လင်းခေးမြို့နယ် ဒါးဆိပ်ကျေးရွာ၌ ကုန်ထုတ်လမ်းဟောက်လုပ်ပြီးစီးမှု စစ်ဆေး

လင်းစေး ဒီဇင်ဘာ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဒါးဆိပ်ကျေးရွာ၌ ပြည်ထောင်စုမွမ်းမံရန်ပုံငွေဖြင့် ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၂ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်း၊ လင်းခေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်၊ လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူနှင့်ဝန်ထမ်းများက Eco Pure ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ ဒါးဆိပ်ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းက လမ်းရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေး ရွာသူ၊ ရွာသားများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

ဒါးဆိပ်ကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် ပေ ၄၆၀၀၊ အကျယ် ၁၅ ပေ၊ အမြင့် တစ်ပေရှိ မြေသားတစ်လွှာခင်းပြီး အဆိုပါလမ်းပေါ်တွင် အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ သဲဖြူနုံခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စု မွမ်းမံရန်ပုံငွေကျပ် ၃၇ ဒသမ ၅၆၈၃ သန်းဖြင့် Eco Pure ကုမ္ပဏီက ယခုနှစ် ဇူလိုင်လ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီးဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်မှုကြောင့် ဒါးဆိပ်ကျေးရွာနေ ပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **အေးသူ**

ခေါင်မိုးမဲ့အိမ် ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃

Canal Plus Myanmar FG နှင့် FG Series Production တို့ ပူးပေါင်း ရိုက်ကူးထုတ်လုပ်မည့် ခေါင်မိုးမဲ့အိမ် ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးပွဲကို ဒီဇင်ဘာ ၂ ရက်က ရန်ကုန်တိုင်းဒေသကြီး သယ်နန်းကျွန်းမြို့နယ်ရှိ ကျိုက္ကစံ စေတီတော်ကြီး၌ ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင် ဟိန်းရတုက ပြောပြ၍ သိရသည်။

Canal Plus Myanmar ရုပ်သံလိုင်းနှင့် MRTV-4 ရုပ်သံလိုင်းတို့တွင်ထုတ်လွှင့်ပြမည့် ခေါင်မိုးမဲ့အိမ် ရုပ်သံဇာတ်လမ်းတွဲ၏ ဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို အေးကြည်သာဟန်၊ ကျော်ကျော်ထွန်း၊ သန္တာဝေနှင့် အေးမြတ်ချိုတို့က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ ပြည်သစ်နိုင်က ပုံဖော်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

"ခေါင်မိုးမဲ့အိမ်ဆိုတဲ့ ဇာတ်လမ်းတွဲက ကျွန်တော့်အတွက် နောက်ထပ် ခြေလှမ်းသစ်တစ်ခု ဖြစ်မဲ့ ဇာတ်လမ်းတွဲလေးပါ။ Canal Plus Myanmar FG နဲ့ FG Series Production တို့ ပူးပေါင်းတင်ဆက်ထားတဲ့ ဇာတ်လမ်းပါ။ ဒါရိုက်တာ ကိုပြည်သစ်နိုင်က ကျွန်တော်နဲ့တွဲပြီး သရုပ်မဆောင်ဖူးသေးတဲ့ ကိုသူထူးစံနဲ့ ကိုနေထက်လင်းတို့နဲ့ ရိုက်ကူးပုံဖော်မဲ့ ဇာတ်လမ်းတွဲသစ်ပါ။ ဒီဇာတ်လမ်းတွဲမှာ ကျွန်တော့်ကို ဘယ်လိုမျိုး မြင်တွေ့ရမလဲဆိုတာကို ပရိသတ်တွေစောင့်မျှော်ကြည့်ရှုအားပေးကြပါအုံး"ဟု သရုပ်ဆောင် ဟိန်းရတုက ပြောပြသည်။

ခေါင်မိုးမဲ့အိမ် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် သူထူးစံ၊ နေထက်လင်း၊ ဟိန်းရတု၊ သာထက်ဉာဏ်ဇော်၊ နေဝန်း၊ စိုင်းကောင်းမင်းထက်၊ စောမင်းယျာ၊ မေသဇာဦး၊ ဆက်ယွန်းတွယ်တာ၊ ဆုထက်လှိုင်၊ ဟန်နာ၊ သံစဉ်ဆည်းဆာ၊ အဲဝေသာ၊ ယုကုဌေ၊ ကိုကိုခန့်၊ သက်ဦးကို၊ ပြုံးဟန်သာကိုနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ASH

၂၀၂၃ ခုနှစ်အတွင်း ဒစ္စနီး၏မည်သည့်ဇာတ်ကားမျှ ရုပ်ရှင်ဈေးကွက်ဝင်ငွေကန်ဒေါ်လာတစ်ဘီလီယံမပြည့်မီခဲ့

နယူးယောက် ဒီဇင်ဘာ ၃

၂၀၂၃ ခုနှစ်အတွင်း ဒစ္စနီးရုပ်ရှင်ကုမ္ပဏီက ထုတ်လုပ်ခဲ့သည့် ဇာတ်ကားများတွင် မည်သည့်ဇာတ်ကားမျှ ရုပ်ရှင်ဈေးကွက်ဝင်ငွေ အမေရိကန်ဒေါ်လာတစ်ဘီယီလံ ပြည့်မီခြင်းမရှိခဲ့ကြောင်း ဒီဇင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

၂၀၁၄ ခုနှစ် နောက်ပိုင်းပထမဆုံးအကြိမ်အဖြစ် ဒစ္စနီးကုမ္ပဏီက ထုတ်လုပ်ခဲ့သည့် ဇာတ်ကားများအနက် မည်သည့်ဇာတ်ကားမျှ ၂၀၂၃ ခုနှစ်အတွင်း ဝင်ငွေအမေရိကန်ဒေါ်လာ တစ်ဘီလီယံမပြည့်ခဲ့ခြင်းဖြစ်သည်။

Indiana Jones and the Dial of Destiny နှင့် The Haunted Mansion အပါအဝင် ဒစ္စနီးကုမ္ပဏီက ယခုနှစ်အတွင်း ရုံတင်ပြသခဲ့သည့် ဇာတ်ကားများမှာ မျှော်မှန်းထားသလောက် အောင်မြင်မှုမရှိခဲ့ကြောင်း သိရသည်။

နောက်ဆုံးရုံတင်ပြသနေသည့် The Marvels ဇာတ်ကားမှာလည်း ရုံတင်ရက် ရက် ၂၀ ကျော်ခဲ့ပြီဖြစ်သည့်တိုင် လက်ရှိထိ ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၈၈ ဒသမ ၈ သန်းထိသာ ရရှိထားကြောင်း သိရသည်။

Elemental ဇာတ်ကားသည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၄၉၅ ဒသမ ၉ သန်းရရှိခဲ့ပြီး Guardians of The Galaxy Vol-3 မှာ အမေရိကန်ဒေါ်လာ ၈၄၅ ဒသမ ၆ သန်းထိရရှိခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်အတွင်း ဒစ္စနီးကုမ္ပဏီ၏ဝင်ငွေအရ အောင်မြင်ခဲ့သည့်ဇာတ်ကားများဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

အဆိုတော် သရုပ်ဆောင် ဖူးပွင့်သခင်၏ အချစ်ခံကြည့် သီချင်း Music Video(MV) ဒီဇင်ဘာလအတွင်း ထွက်ရှိမည်

ရန်ကုန် ဒီဇင်ဘာ ၃

အဆိုတော် သရုပ်ဆောင် ဖူးပွင့်သခင် သီဆိုသရုပ်ဆောင်ထားသည့် အချစ်ခံကြည့် တေးသီချင်း Music Video(MV) ဒီဇင်ဘာလအတွင်း ထွက်ရှိမည်ဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

အချစ်ခံကြည့် သီချင်းကို တေးရေး မင်းစည်သူက ရေးသားထားပြီး ဒါရိုက်တာ Kina က တေးသီချင်း Music Video(MV) အဖြစ် ရိုက်ကူးတင်ဆက်ထားခြင်းဖြစ်ကြောင်း၊ တေးသရုပ်ဖော်တွင် သရုပ်ဆောင် ဗညားဘုန်းပြည့် နှင့် ဖူးပွင့်သခင်တို့က သရုပ်ဆောင်ထားကြောင်း သိရသည်။

"ဖူးပွင့်ရဲ့ဒုတိယမြောက်ဖန်တီးထားတဲ့အချစ်ခံကြည့် သီချင်းသစ်လေးပါ။ ပထမသီချင်းလေးက သူငယ်ချင်းတွေ အပျော်ပုံစံလေးပါ။ ဖူးပွင့်ရဲ့သီချင်းလေးကို မင်းသားနဲ့ သရုပ်ဆောင်တာ ပထမဦးဆုံးပါပဲ။ သီချင်းလေးကလဲ မမနဲ့မောင်လေး ပုံစံသီဆိုထားပါတယ်။ ပရိသတ်တွေ ရသတစ်မျိုးခံစားရအောင် ဖူးပွင့်အကောင်းဆုံး ရိုက်ကူးထားပါတယ်။ ပရိသတ်တွေ ပိုစတာကြည့်ပြီး စိတ်ဝင်စားကြလို့လဲ ပီတိဖြစ်ရပါတယ်။ သီချင်းလေး ထွက်လာရင်လဲ အားပေးကြပါအုံး"ဟု သရုပ်ဆောင် ဖူးပွင့်သခင်က ပြောပြသည်။

အဆိုတော် သရုပ်ဆောင် ဖူးပွင့်သခင်၏ အချိန်ကုန်မခံနဲ့ ပထမဆုံးတေးသီချင်း Music Video (MV) မှာ ယခုနှစ် အောက်တိုဘာလက ထွက်ရှိထားကြောင်း သိရသည်။

ASH

Minecraft ဇာတ်ကားတွင် မင်းသမီး ဒန်နီယယ်ဘရော့ ပါဝင်လာ

နယူးယောက် ဒီဇင်ဘာ ၃

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီ၏ Minecraft ဇာတ်ကားတွင် ဟာသ မင်းသမီး ဒန်နီယယ်ဘရော့ ပါဝင်လာကြောင်း ဒီဇင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

Minecraft ဇာတ်ကားတွင် ဒန်နီယယ်ဘရော့သည် မင်းသားဂျေဆင်မိုမိုအာ၊ ဆီဘက်ရှန်ယူဂျင်း ဟန်ဆန်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Minecraft ဇာတ်ကားသည် ကမ္ဘာကျော် Minecraft ဗီဒီယိုဂိမ်းကို ရုပ်ရှင်အဖြစ်ပြန်လည်ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို Napoleon Dynamite ဒါရိုက်တာ ဂျရတ်ဟက်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

ဝါနာဘရားသားကုမ္ပဏီသည် Minecraft ဇာတ်ကားရိုက်ကူးရေးလုပ်ငန်းကို ယခုဒီဇင်ဘာလကုန်ပိုင်းတွင် နယူးဇီလန်နိုင်ငံ၌ စတင်ရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အသက် ၇၅ နှစ်အထက် သက်ကြီးရုပ်ရှင်အနုပညာရှင်များကို လစဉ်ပံ့ပိုးကြေးများ ထုတ်ပေးလျက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၃

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အသက် ၇၅ နှစ်အထက် သက်ကြီး ရုပ်ရှင်အနုပညာရှင်များအား လစဉ်ပံ့ပိုးကြေးများကို ဒီဇင်ဘာ ၂ ရက်မှစတင်ကာ ထုတ်ပေးလျက်ရှိကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် သက်ကြီးရုပ်ရှင်အနုပညာရှင်များကို လစဉ်ပံ့ပိုးကြေးအဖြစ် သက်ကြီး ရုပ်ရှင်အနုပညာရှင် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ မပျက်မကွက် လစဉ်ထုတ်ပေးလျက်ရှိသကဲ့သို့ ရုပ်ရှင်အစည်းအရုံးဝင် အလွှာအသီးသီးမှ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား အခါအားလျော်စွာ ပံ့ပိုးကြေးများကိုလည်း ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

"အသက် ၇၅ နှစ်အထက် သက်ကြီးရုပ်ရှင် အနုပညာရှင် အတတ်ပညာရှင်အယောက် ၅၀ ကို ရုပ်ရှင်အစည်းအရုံးအနေနဲ့ လစဉ် ပံ့ပိုးပေးလျက်ရှိပါတယ်။ အခုဒီဇင်ဘာ ၂ ရက်ကစပြီး နိုဝင်ဘာလအတွက် ပံ့ပိုးကြေးတွေကို ထုတ်ပေးနေပြီ ဖြစ်ပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။

ထို့ပြင် အောက်တိုဘာ ၁၃ ရက်ကလည်း (၁၀၃) နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့အခမ်းအနားနှင့် (၄၆) ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချုပ်ရပ်ကွက်ရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတွင် ကျင်းပခဲ့ပြီး သက်ကြီးရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင် ဦးရေ ၁၈၀ ခန့်ကို ငွေကျပ်တစ်သိန်းစီနှင့် ဂါရဝပြုပစ္စည်းများဖြင့် ကန်တော့ခဲ့ကြောင်း သိရသည်။

ASH

SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win addresses International Day of Persons with Disabilities 2023

Vice-Senior General Soe Win addresses International Day of Persons with Disabilities 2023.

Nay Pyi Taw December 3

International Day of Persons with Disabilities 2023 was observed at Myanmar International Convention Centre 2 here this morning, addressed by Chairman of National Committee on Rights of Persons with Disabilities Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Present were SAC members, Union ministers, senior military officers, the Nay Pyi Taw Council chair, deputy ministers, permanent secretaries, directors general, representatives of international organizations, officials of Myanmar Federation of Persons with Disabilities, persons with disabilities, guests and officials.

The Vice-Senior General said globally, UN is sponsoring the International Day of Persons with Disabilities on 3 December every year to raise awareness of the matters relating to persons with disabilities, and as a motivation for supporting their prestige, rights and interest, and with the aim of developing abilities of the persons with disabilities in the Myanmar society, ensuring rights in equal with others, giving due respect to their dignity and performance, the country has been observing the Day since 1994, and the present one is the 30th event.

The UN has adopted the theme **"United in action to rescue and achieve the SDGs for, with and by persons with disabilities"** for this year. UN General Assembly laid down 17 Sustainable Development Goals in 2015 to overcome the social, economic and environmental challenges of the world. Of the goals, 1, 4, 8, 10, 11 and 17 are related to the persons with disabilities.

"Goal No.1" is to end poverty in all places. People with disabilities are facing hardships in education, employment, healthcare and social protection. They are also facing poverty. Hence, inclusive development strategies must be adopted to end poverty, and their rights, necessaries and performances must be taken into consideration.

Vice-Senior General Soe Win presents prize to an award winner.

An equal opportunity for inclusive and quality education and continuous learning is the aim of "Goal No. 4". Inclusive education will be set up for students with disabilities to acquire development to the extent of their performance and to pursue an independent life and to gain access to vocational education and lifelong learning.

"Goal No. 8" aims to provide appropriate employment and achieve economic development. The workforce with the capability to manufacture must consider and provide support to disabled people as a human resource of the country. Eighty-five percent of disabled people are unemployed but willing to work. Even though they are capable, most of the employers reject them to offer a job. It is therefore learned that those people have difficulties getting a job. For people with disabilities, suitable employment, an unobstructed workplace, equality with other people and access to personal income and benefits must be created. And they must improve their self-confidence and quality in order to make them want to work on their own.

The purpose of "Goal No. 10" is to reduce inequality within the country and among countries. As people with disabilities, they have less rights to participate in society; they still face discrimination today. In the culture and social relations of Myanmar society, there has been respect for elders, respect for peers and help for the weaker. With the mentality of supporting the weak, Myanmar people are encouraging and helping the disabled without throwing them out of the social circle. People with disabilities should be supported not only mentally but also physically to become healthy and strong, and to reach the point of being strong despite being weak. Therefore, it is necessary to educate people about the rights of people with disabilities, and to make them aware of and able to access services for people with disabilities.

Vice-Senior General Soe Win presents honourary cash award to members of the dance troupe.

"Goal No. 11" aims to establish urban and residential areas that will lead to inclusive and sustainable development. Making public vehicles accessible to people with disabilities, and public places and buildings should be made barrier-free. People with disabilities should be able to move around and participate in the same way as others.

"Goal No. 17" is to promote global cooperation in order to achieve the expected goals. It will be necessary to cooperate between governments, and between government and social organizations. Likewise, the participation of disabled people and disability organizations will be required. People with disabilities must be included in decision-making stages and the views and attitudes of people with disabilities must be taken into consideration.

On December 7, 2011, Myanmar joined the United Nations Convention on the Rights of Persons with Disabilities. The Law on the Rights of Persons with Disabilities was enacted in 2015, and the Regulations in 2017.

In addition, the "National Committee on the Rights of Persons with Disabilities" was formed in 2017. In accord with a sustainable and balanced development plan in Myanmar and the ASEAN Strategic Process 2015, the Grand Strategy 5-Year Plan (2022-2027) on the Rights of Persons with Disabilities has been enacted and is being implemented.

Under the five-year strategic plan, multiple sectors including health, education, social

See Page 13

Vice-Senior General Soe Win views documentary photos.

Union Minister Admiral Tin Aung San presents prize to an award winner.

75 vessels transport commodities to Mandalay from Yangon, Katha, Htigyaing, Bhamo

Goods being loaded onto a ship at a jetty.

Mandalay December 3

A total of 74 vessels serve transport of commodities from Yangon, Katha, Htigyaing and Bhamo cities to Mandalay, said Daw Tin Tin Tun, deputy staff officer of Mandalay Region Department of Marine Administration.

Although water level of Ayeyawady River is low, the waterway is not narrow. So, vessels transport commodities such as rice, salt, sugar, gram and beans from Yangon, Katha and other major cities to Mandalay port.

"Although waterway of the river is still proper, vessels should not carry excessive weight including passengers in waterway transportation," she added.

Yangon, Katha, Htigyaing and other major cities send 880 tons of maize, 8,673 tons of coal, 890 tons of salt, 2,234 tons of molasses, 1,975 tons of sugar, 7,619 tons of groundnut expeller cakes and 29.0153 tons of plywood to Mandalay port in November.

Likewise, the Department of Meteorology and Hydrology stated that 210 cm of water level in Myitkyina, 352 cm in Bhamo, 255 cm in Shwegu, 306 cm in Katha, and 380 cm in Mandalay at 6.30 on 3 December. 184

Tamu District finishes cultivation of cold season groundnut on 1625 acres of land

Tamu December 3

Tamu District has placed cold season groundnut on 1,625 acres of croplands this cultivation season, according to the district Agriculture Department.

The district set an aim of growing 2,150 aces of cold season groundnut in 2023-24 financial year. Starting from October to date, local farmers have cultivated 1,625 acres of crops.

"We set a target of growing more than 2,000 acres of cold season groundnut in Tamu District. So far, we have grown more than 1,000 acres of groundnut. The department provides assistance for local farmers in order to increase per-acre yield of groundnut," said Head of Tamu District Agriculture Department U Hla Myint.

This year, farmers from Myothit Township have cultivated 425 acres of cold season groundnut, Tamu Township 550 acres and Khampat Township 650 acres, totalling 1,625.

With regard to the target in 2023-24 financial year, Myothit Township needs to grow 400 acres of groundnut, Tamu Township 700 acres and Khampat 1,050 acres, totalling 2,150.

Cold season groundnut is being cultivated on 2,150 acres in Tamu District from October to December 2022.

This year, staff of relevant township agriculture department make field trips to provide assistance to local farmers in growing cold season groundnut. 206

A winter groundnut plantation.

Eime Township to grow 2,310 acres of sunflower

Myaungmya December 3

Einme Township of Ayeyawady Region decided to grow 2,310 acres of sunflower this cold season, said U Kyaw Moe Win, Head of Myaungmya District Agriculture Department.

Einme Township of Myaungmya District will cultivate 2,310 acres of sunflower in the second week of December this year. Hence, local farmers and district and township Agriculture Department together with local authorities are joining hands in striving for meeting the target of growing sunflower in the township.

"Einme Township plans to cultivate 2,310 acres of sunflower. Arrangements are being made to provide necessary agricultural techniques for local farmers to grow sunflower. They have experiences of growing the oil crop last year. The department will help local farmers have thriving sunflower plantations with high yield," said U Kyaw Moe Win.

Township Agriculture Department gave lectures on agricultural techniques to local farmers so as to conveniently grow sunflower in the township and made soil preparations for the plantations with provisions of agricultural inputs.

Kyaw Kyaw Lin

From Page 12

protection, natural disaster and other emergencies, accessibility have been approved and plans are underway to implement them.

Learning each sector of the strategy, it can be found that they are linked to the sustainable development goals. Therefore, implementation of the five-year strategic plan amounts to implementation of the sustainable development goals.

In accordance with the theme of the International Day of Persons with Disabilities this year "United in action to rescue and achieve the SDGs for with and by persons with disabilities" and upholding the sustainable development goals of leaving no one behind, everyone is urged to cooperate for the rights of the disable.

Then, Vice Chairman (1) of the National Committee on the Rights of Persons with Disabilities Union Minister Dr Soe Win reported to the meeting on measures taken for the rights of the disable.

Then, the message of the secretary-general of the united nations and the documentary video of the International Day of Persons with Disabilities were screened.

Then, Vice Chairman (2) of the National Committee on the Rights of Persons with Disabilities U Thein Han Thu spoke words of thanks.

Then, the Vice Senior General presented prizes to winners of professional level article competition.

Afterward, union ministers General Mya Tun Oo and Admiral Tin Aung San presented prizes to high school level essay competition and the those who won honorary prizes for creating access for travels for the disable.

Then, the disabled youths from the School for the Listening Impaired Children and the Schol for the Young Disable performed the Enaung Dance and U Shwe Yoe and Daw Moe dance respectively.

Afterward, the Vice-Senior General and attendees posed for documentary photographs and viewed the books, handicraft of the disable and documentary photos and as a separate program, the Vice-Senior General presented cash reward MMK 1 million to listening impaired children from the School for the hearing Impaired Children (Mandalay) who performed the Enaung Dance and MMK 500,000 for the disabled from the Disabled Children School (Yangon), who performed U Shwe Yoe and Daw Moe dance. 100

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

တရုတ်နိုင်ငံတွင် အသက်ခုနစ်နှစ်မှ ၂၅ နှစ်အရွယ်ထိ အားကစားသမားများ စစ်ရေးလေ့ကျင့်မှုပြုလုပ်

တရုတ်နိုင်ငံသည် အသက်ခုနစ်နှစ်မှ ၂၅ နှစ်အရွယ်ထိ အားကစားသမား ရာနှင့်ချီ၍ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တိုက်ခိုက်ရေးစွမ်းရည် ကောင်းမွန်စေရန် ရည်ရွယ်၍ ရှန်ဟိုင်းမြို့တွင် စစ်ရေးလေ့ကျင့်မှုများပြုလုပ်နေကြသည်ဟု တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့မှ တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခဲ့ကြောင်း The Defense Post သတင်းဌာနက နိုဝင်ဘာ ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

လူငယ်လူရွယ် အားကစားသမားများသည် တရုတ်စစ်ဘက်၏ စံနှုန်းများနှင့်အညီ တိုက်ခိုက်ရေး တိုက်ပွဲဝင်စိတ်ဓာတ်ကို နက်နက်ရှိုင်းရှိုင်း လေ့လာ၊ လေ့ကျင့်၊ သင်ကြားကြရမည်ဖြစ်ကြောင်း ရှန်ဟိုင်း အားကစားဗျူရိုက ထုတ်ပြန်ခဲ့သည်။

တရုတ် ဘောလုံးအသင်းများသည် ကွန်မြူနစ်ပါတီ၏တန်ဖိုးများကိုမြှင့်တင်ရန် ကျယ်ပြန့်သောလှုပ်ရှားမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည့် အလားတူလေ့ကျင့်မှုကို ယခင်ကပြုလုပ်ခဲ့ဖူးသည်။ တရုတ်သမ္မတရှီကျင့်ဖျင်က ယခုနှစ်တွင် တကယ့်အစစ်အမှန် တိုက်ပွဲအတွက် အဆင်သင့်ဖြစ်နေကြောင်း ပြောကြားခဲ့သည်။

ယခုသီတင်းပတ်အတွင်း လေ့ကျင့်မှုတွင်ပါဝင်သည့် အမျိုးသားကျွမ်းဘားအဖွဲ့၏နည်းပြချုပ် He Youxiao က ၎င်း၏ အားကစားသမားများ အသက်အပိုင်းအခြားသည် ခုနစ်နှစ်မှ ၂၅ နှစ်ထိရှိသည်ဟု ပြောကြားခဲ့သည်။

မည်မျှအသက်ကြီးသည် ဖြစ်စေ၊ ငယ်သည်ဖြစ်စေ လူတိုင်း ဤအခွင့်အရေးကို လေးလေးနက်နက် မြတ်နိုးတန်ဖိုးထားကြသည်ဟု တရုတ်နိုင်ငံ အားကစားဗျူရိုက သတင်းထုတ်ပြန်ချက်အရ သိရသည်။

စစ်ရေးလေ့ကျင့်မှုများကို နိုဝင်ဘာ ၂၇ ရက်ကစတင်ခဲ့ပြီးလာမည့် ဒီဇင်ဘာ ၅ ရက်ထိ ကြာမြင့်မည်ဖြစ်သည်။ စစ်ရေးလေ့ကျင့်မှုတွင် အားကစားစင်တာ ၁၁ ခုမှ အားကစားသမား ၉၃၂ ဦး ပါဝင်သည်။

၎င်းသည် ရှန်ဟိုင်းအားကစားအဖွဲ့၏ စည်းမျဉ်းစည်းကမ်းနှင့် အဖွဲ့လိုက်လုပ်ဆောင်မှုကို အားကောင်းလာစေရန်နှင့် ရှန်ဟိုင်းအားကစားသံအဖွဲ့က တရုတ်နိုင်ငံ သံမဏိစစ်ဘက်ကို ဖန်တီးဖွဲ့စည်း၊ ထူထောင်နိုင်ရေးအတွက် ကူညီပေးရန် ရည်ရွယ်ကြောင်း သိရသည်။

"မိုးလင်းကနေ နေ့ခင်းထိ အားကစားသမားတွေက သပ်သပ်ရပ်ရပ်နဲ့ ဝတ်စားဆင်ယင်ပြီး တည်ကြည်တည်ကြည်လိုက်ပါလုပ်ဆောင်ကြပါတယ်။ လူငယ်လူရွယ်တွေဟာ စစ်ဝတ်စုံတွေနဲ့နေပျိုပြေပြစ်၊ တက်တက်ကြွကြွ ရှိကြပါတယ်"ဟု ရှန်ဟိုင်းအားကစားအဖွဲ့၏ ထုတ်ပြန်ချက်တွင် ရေးသားဖော်ပြထားသည်။

China Athletes as Young as Seven in Military Training to 'Create Iron Army' ကို ဘာသာပြန်ဆိုထားပါသည်။

အိန္ဒိယနိုင်ငံက အမေရိကန်ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ လေယာဉ်တင်သင်္ဘောတစ်စီး ထပ်မံဝယ်ယူမည်

အိန္ဒိယနိုင်ငံ ကာကွယ်ရေးပစ္စည်းဝယ်ယူရေးကောင်စီ Defence Acquisition Council (DAC) သည် အမေရိကန်ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ လေယာဉ်တင်သင်္ဘောတစ်စီး ထပ်မံဝယ်ယူမည်ဖြစ်ကြောင်း PTI သတင်းအေဂျင်စီက နိုဝင်ဘာ ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ လေယာဉ်တင်သင်္ဘောကို ပြည်တွင်း၌ တည်ဆောက်သွားမည်ဖြစ်ကြောင်း PTIသတင်းဌာနက ထည့်သွင်းပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝန်ကြီး Rajnath Singh ဦးဆောင်သော ဝယ်ယူရေး ဆုံးဖြတ်ချက်ချမှတ်သည့်အဖြင့်ဆုံးအဖွဲ့အစည်းဖြစ်သော DAC သည် နိုဝင်ဘာ ၃၀ ရက်က တွေ့ဆုံပြီး လေယာဉ်တင်သင်္ဘောအတွက် အဆိုပြုချက်ကိုစစ်ဆေးအကဲဖြတ်၊ ဆန်းစစ်ခဲ့သည်။

အိန္ဒိယသမုဒ္ဒရာအတွင်း တရုတ်နိုင်ငံ၏ ရေကြောင်းစွမ်းအား ကြီးထွားလာမှုအပေါ် စိုးရိမ်မှုများမြင့်တက်နေချိန်တွင် အိန္ဒိယနိုင်ငံသည်၎င်း၏ရေတပ်စွမ်းအားကို အဆင့်မြှင့်တင်ရန် ကြိုးပမ်းလျက်ရှိသည်။ ပြီးခဲ့သည့်လက အိန္ဒိယရေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး R. Hari Kumar က အိန္ဒိယရေတပ်သည် INS Vikrant ကဲ့သို့ ပြည်တွင်းထုတ် ဒုတိယမြောက် လေယာဉ်တင်သင်္ဘောတစ်စီးကို ဝယ်ယူရန် ကြိုးပမ်းနေသည်ဟု ပြောကြားခဲ့သည်။

အိန္ဒိယသည် လက်ရှိတွင် ဆိုဗီယက်ခေတ်၌ တည်ဆောက်ထားခဲ့သော INS Vikramaditya နှင့် ပြည်တွင်းထုတ် INS Vikrant လေယာဉ်တင်သင်္ဘော နှစ်စီးပိုင်ဆိုင်ထားသည်။ INS Vikrant ကို ပဋ္ဌလိကသင်္ဘောတည်ဆောက်ရေးကုမ္ပဏီ Cochin Shipyard Limited က အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ ဘီလီယံခန့်ဖြင့် တည်ဆောက်ခဲ့ပြီး ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် တပ်တော်ဝင်နိုင်ခဲ့သည်။

INS Vikrant လေယာဉ်တင်သင်္ဘောတွင် ကိုယ်ထည်ပိုင်း ၉၀ ရာခိုင်နှုန်းခန့်၊ စက်ယန္တရား ၅၀ ရာခိုင်နှုန်းနှင့် တပ်ဆင်အသုံးပြုထားသည့်လက်နက်များ၊ အာရုံခံကိရိယာများ၏ ၃၀ ရာခိုင်နှုန်းကို အိန္ဒိယနိုင်ငံ ပြည်တွင်း၌ ဒီဇိုင်းရေးဆွဲတည်ဆောက်ထားခြင်းဖြစ်သည်။

လေယာဉ်တင်သင်္ဘောသစ်အတွက် စာရွက်စာတမ်းပိုင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလက အပြီးသတ်လုပ်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ ပထမဆုံး လေယာဉ်တင်သင်္ဘော INS Vikramaditya ကို မူလက Baku ဟု အမည်ပေးထားပြီး ၂၀၀၄ ခုနှစ်တွင် အိန္ဒိယနိုင်ငံက အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၅ ဘီလီယံဖြင့် မဝယ်ယူမီတွင် ဆိုဗီယက်ခေတ် ရေတပ်၊ လက်ရှိ ရုရှားရေတပ်တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းကို Severodvinsk မြို့ရှိ ရုရှားသင်္ဘောကျင်းတွင် အကြီးစားပြုပြင်မွမ်းမံခဲ့ပြီးနောက် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၆ ရက်က တပ်တော်ဝင်နိုင်ခဲ့သည်။

New Delhi to greenlight $4.8 billion aircraft carrier ကို ဘာသာပြန်ဆိုထားပါသည်။

ရေဒါဖျက်ဒုံးကျည် ၁၁၈ စင်း ထုတ်လုပ်ရန်နှင့် လွှဲပြောင်းပေးပို့ရန် အမေရိကန်ရေတပ်နှင့် Northrop ကုမ္ပဏီစာချုပ်ချုပ်ဆို

အမေရိကန်ရေတပ်သည် အကွာအဝေး စွမ်းဆောင်ရည်တိုးမြှင့်ထားသော ဝေဟင်ပစ်ရေဒါဖျက်ဒုံးကျည် ၁၁၈ စင်း ထုတ်လုပ်ရန်နှင့် လွှဲပြောင်းပေးပို့ရန် Northrop ကုမ္ပဏီနှင့် စာချုပ် ချုပ်ဆိုထားကြောင်း www.thedefense post.com သတင်းဌာနက နိုဝင်ဘာ ၂၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆင့်မြင့် ရေဒါဖျက်ဒုံးကျည် - AGM-88G Advanced Radiation Guided Missiles – Extended Range (AARGM-ER) စုစုပေါင်း ၈၄ စင်းကို အမေရိကန် ရေတပ်ထံပေးပို့သွားမည်ဖြစ်ပြီးကျန် ၃၄ စင်းကို အမေရိကန် လေတပ်သို့ ပို့ဆောင်ပေးသွားမည်ဖြစ်သည်။ အမေရိကန်ဒေါ်လာ ၂၃၅ သန်းတန် ကနဦးထုတ်လုပ်ရေးအတွက် သီးခြားစာချုပ်သုံးခုကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် အပြီးသတ် လုပ်ဆောင်သွားမည်ဖြစ်သည်။

၂၀၂၃ ခုနှစ် မေလတွင် ၎င်း၏ ပဋ္ဌမအကြိမ် ပျံသန်းစမ်းသပ်မှုများအပြီးတွင် ဒုံးကျည်ထုတ်လုပ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ရန် စာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်းလည်းဖြစ်သည်။ ထုတ်လုပ်မှုကို ယခုနှစ် နှောင်းပိုင်းတွင် စတင်မည်ဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် စတင်အသုံးပြုနိုင်ရန် မျှော်မှန်းထားသည်။ ဒုံးကျည်ကို ၂၀၁၅ ခုနှစ်ကတည်းက တီထွင်ထုတ်လုပ်ခဲ့ပြီး ၂၀၂၁ ခုနှစ်က ပထမဆုံးတိုက်ရိုက်ပစ်လွှတ်စမ်းသပ်မှုပြုလုပ်ခဲ့သည်။

အမေရိကန်ရေတပ်၏ လေကြောင်းတပ်ဖွဲ့သုံး F/A-18E/F ၊ EA-18R တိုက်လေယာဉ်များနှင့် လေတပ်မှ F-35A တိုက်လေယာဉ်များတွင် တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်သည်။ အမေရိကန် ရေတပ်နှင့် မရိန်းတပ်ဖွဲ့သုံး F-35C နှင့် မရိန်းတပ်ဖွဲ့သီးသန့်သုံး F-35B တိုက်လေယာဉ်တို့တွင်လည်း ဒုံးကျည်များတပ်ဆင်အသုံးပြုနိုင်ရန် မျှော်မှန်းထားသည်။ အမေရိကန်ကြည်းတပ်အပြင် ဖင်လန်နှင့် ဩစတြေးလျှနိုင်ငံတို့ကလည်း ဒုံးကျည်များဝယ်ယူရန် တောင်းဆိုထားသေးသည်။

AARGM-ER ဒုံးကျည်သည် AGM-88E AARGM ဒုံးကျည်ကို အဆင့်မြှင့်တင်ထားသည့် ဗားရှင်းဖြစ်ပြီး အမြန်နှုန်းနှင့် အကွာအဝေးကို သိသိသာသာ တိုးမြှင့်ထားခြင်းဖြစ်သည်။ ၎င်းသည် အကွာအဝေးကီလိုမီတာ ၈၀ ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိပြီး အပြီးသတ်ပျံသန်းမှုအဆင့်တွင် Mach 2 အမြန်နှုန်းထိ ရောက်ရှိနိုင်သည်။ AGM-88G ဒုံးကျည်သည် ၎င်း၏ ယခင်မျိုးဆက်များကဲ့သို့ပင် လေကြောင်းထောက်လှမ်းရေး ရေဒါများကို အာရုံခံထောက်လှမ်းကာ တိုက်ခိုက်ဖျက်ဆီးခြင်းဖြင့် နေရာရွှေ့ပြောင်းတပ်ဖြန့်နိုင်သော ရန်သူပေါင်းစည်း လေကြောင်းရန်ကာကွယ်ရေးစနစ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိမည်ဖြစ်သည်။ ၎င်းတွင် လမ်းညွှန်ထိန်းကျောင်းရေးစနစ်နှင့် အာရုံခံကိရိယာတို့ တပ်ဆင်ထားသည့်အတွက် ရန်သူ့ရေဒါစနစ်များမှ အချက်ပြလှိုင်းထုတ်လွှင့်မှုများ ကိုရပ်တန့်ထားသော်လည်း ပစ်မှတ်များကို ရှာဖွေထောက်လှမ်းနိုင်စွမ်း ရှိမည်ဖြစ်ကြောင်း သိရသည်။

Northrop to Deliver 118 Extended Range Anti-Radar Missiles to US Navyç Air Force ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ နိုဝင်ဘာလအတွင်း စပါးအကြမ်းတင်းရေ ၉၈၅၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၃

ရောဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ နိုဝင်ဘာလအတွင်း စပါးအကြမ်းတင်းရေ ၉၈၅၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ အောက်တိုဘာလအတွင်းက စပါးအကြမ်းတင်းရေ ၇၂၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ စပါးအကြမ်းတင်းရေ ၉၈၅၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါစပါးအကြမ်းများကို ရန်ကုန်စျေးကွက်မှ ဝယ်ယူမှု အားကောင်းလျက်ရှိကြောင်း သိရသည်။

"နိုဝင်ဘာလအတွင်း စပါးအကြမ်းတင်းရေ ၉၈၅၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်ကနေ ရန်ကုန်မြို့ကို လယ်ယာထွက်ကုန်တွေ အများဆုံး တင်ပို့ရောင်းချနေပါတယ်။ စပါးအကြမ်းတွေကို ရန်ကုန်ဘက်က ဝယ်ယူအားများနေလို့ တင်ပို့အားတက်ခဲ့တာပါ။ ပြီးခဲ့တဲ့တစ်လအတွင်း တင်ပို့ရောင်းချနေရတဲ့စပါးတွေက စပါးအကြမ်းအမျိုးအစားတွေ များပါတယ်။ လက်ရှိ စပါးဈေးကလဲ နည်းနည်းမြှောက်လာပါတယ်။ ရန်ကုန်ဘက်က စပါးတွေကို အများအပြား ဝယ်ယူဖို့ ချိတ်ဆက်ထားတာရှိပါတယ်။ လက်ရှိ ပြည်တွင်းဈေးကွက်မှာတင် စပါးအကြမ်းက ဝယ်လိုအား များနေတာပါ"ဟု မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ နိုဝင်ဘာလအတွင်း သီးထပ်ရင်၊ မနောသုခ၊ ဆင်းသုခ၊ ပခမ်း စသည့်စပါးအကြမ်းအမျိုးအစားများကို အများဆုံး တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ စပါးအကြမ်းအမျိုးအစားများသည် လက်ရှိ တင်း ၁၀၀ လျှင် ငွေကျပ် ၁၆၀၀၀၀၀ မှ ၁၇၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

လားရှိုးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပန်းနှမ်း ၁၁၆၀၅ ဧက စိုက်ပျိုးပြီးစီး

လားရှိုး ဒီဇင်ဘာ ၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် လားရှိုးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပန်းနှမ်း ၁၁၆၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်နွယ်ဝင်းက ပြောပြ၍ သိရသည်။

လားရှိုးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပန်းနှမ်း ၁၁၄၃၈ ဧကကို အောက်တိုဘာလက စတင်လျှာထားစိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၆၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ရှမ်းပြည်နယ် (မြောက်ပိုင်း)မှာ ဒေသတွင်းစားသုံးဆီဖူလုံစေဖို့ ဆောင်းဆီထွက်သီးနှံ ပန်းနှမ်းအပါအဝင် မြေပဲ၊ နေကြာ၊ ဆီမုန်ညင်းတွေကို မြို့နယ်အလိုက် စိုက်ပျိုးလျက်ရှိပါတယ်။ လားရှိုးမြို့နယ်အနေနဲ့ ပန်းနှမ်းကို ဒီနှစ်မှာ လျှာထားချက်ထက် ကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ပန်းနှမ်းအထွက်နှုန်း တိုးတက်ကောင်းမွန်စေဖို့အတွက် ပန်းနှမ်းစံပြစိုက်ကွက်တွေကို ဖော်ဆောင်စိုက်ပျိုးပေးနေပါတယ်။ စိုက်နည်းစနစ်ဆိုင်ရာ တောင်သူပညာပေးသင်တန်းတွေ၊ ရာသီအလိုက်ကျရောက်တတ်တဲ့ ပိုးမွှားအန္တရာယ်ကာကွယ်ရေးသင်တန်းတွေကိုလဲ သက်ဆိုင်ရာမြို့နယ်အလိုက် ဖွင့်လှစ်ပို့ချပေးနေပါတယ်"ဟု ဦးစီးအရာရှိ ဒေါ်နွယ်နွယ်ဝင်းက ပြောပြသည်။

ယခင်နှစ်က ပန်းနှမ်းစိုက်ခင်းကို တွေ့ရစဉ်။

လားရှိုးမြို့နယ်တွင် ၂၀၂၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက ဆီထွက်သီးနှံပန်းနှမ်း ၁၁၃၂၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကျော်ဓောဦး(မောရှမ်းမြေ)

ရွှေဘိုမြို့နယ် အောင်ချမ်းသာကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ရွှေဘို ဒီဇင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေရ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရွာတော်ကျေးရွာအုပ်စု အောင်ချမ်းသာကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂ ရက်နံနက်ပိုင်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ နေအိမ်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရွှေဘိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးခိုင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်း၏ ရည်ရွယ်ချက်၊ စီမံကိန်းလုပ်ငန်းလည်ပတ်ဆောင်ရွက်ပုံအဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါ နည်းဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများ၊ မတည်ရန်ပုံငွေ အရင်းအတိုးပေးဆပ်ရမည့်ကာလများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၀ ဒသမ ၂ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အောင်ချမ်းသာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူအသင်းသား၊ အသင်းသူ ၉၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၀ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သန်းသန်းစိုး**

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

သက်ရှိကမ္ဘာကြီး ရှင်သန်ရပ်တည်ဖို့...
သဘာဝတောတောင်များ ထာဝရတည်တံ့စေဖို့...
သင့်ဘဝ သန့်ရှင်းကျန်းမာလုပစေဖို့...
နေ့စဉ်နှင့်အမျှ ရှားပါးလာသော
အဖိုးတန်ရေချိုကို ချွေတာကြပါစို့။

မန္တလေးမြို့ ကုန်စည်စျေးနှုန်းများ

၃-၁၂-၂၀၂၃

ဆန်		
ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်)	ကျပ်	၁၁၀၀၀၀/၁၁၅၀၀၀
ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်)	ကျပ်	၁၀၂၀၀၀/၁၀၄၀၀၀
ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်)	ကျပ်	၉၆၀၀၀/၉၈၅၀၀
မဂျမ်းတော(အသစ်) (တစ်အိတ်)	ကျပ်	၉၆၀၀၀/၉၈၀၀၀
မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်)	ကျပ်	၇၄၀၀၀/၇၈၀၀၀
နွေဇီယာ(အသစ်) (တစ်အိတ်)	ကျပ်	၇၂၀၀၀/၇၅၀၀၀
မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်)	ကျပ်	၆၉၀၀၀/၇၂၀၀၀
စားဆီ		
ပဲဆီ (တစ်ပိဿာ)	ကျပ်	၁၄၀၀၀/၁၅၀၀၀
နှမ်းဆီ (တစ်ပိဿာ)	ကျပ်	၁၂၅၀၀/၁၃၅၀၀
နေကြာဆီ (တစ်ပိဿာ)	ကျပ်	၁၄၀၀၀/၁၄၅၀၀
စက်သုံးဆီ		
ဒီဇယ်(ရိုးရိုး) (တစ်လီတာ)	ကျပ်	၂၂၆၀
ဒီဇယ်(ပရီမီယံ) (တစ်လီတာ)	ကျပ်	၂၃၅၅
ဓာတ်ဆီ(တစ်လီတာ)	ကျပ်	၂၂၁၀
အောက်တိန်း(၉၂) (တစ်လီတာ)	ကျပ်	၂၅၆၀
အောက်တိန်း(၉၅) (တစ်လီတာ)	ကျပ်	၂၆၉၀

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)

အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

ဘိလပ်မြေ		
အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်)	ကျပ်	၉၅၂၀
AAA အမှတ်တံဆိပ် (တစ်အိတ်)	ကျပ်	၉၅၀၀
Apache အမှတ်တံဆိပ် (တစ်အိတ်)	ကျပ်	၉၉၀၀
Crown အမှတ်တံဆိပ် (တစ်အိတ်)	ကျပ်	၉၂၀၀
ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်)	ကျပ်	၉၉၀၀
သံချောင်း		
တစ်မတ်လုံး (တစ်တန်)	ကျပ်	၁၇၀၀၀၀၀
ငါးမူးလုံး (တစ်တန်)	ကျပ်	၁၄၀၀၀၀၀
သုံးမူးလုံး(တစ်တန်)	ကျပ်	၁၃၁၀၀၀၀
ခြောက်မူးလုံး (တစ်တန်)	ကျပ်	၁၂၉၀၆၀၀
ကျပ်လုံး (တစ်တန်)	ကျပ်	၉၉၈၀၀၀
အိမ်မိုးသွပ်		
(၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ)	ကျပ်	၁၁၀၀
(၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ)	ကျပ်	၁၂၅၀
(၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ)	ကျပ်	၁၄၀၀

(၁၉၆)

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

၇၀ ရှေ့ဖုံးမှအဆက်

အကျိုးစီးပွားတို့ကို ပံ့ပိုးကူညီဆောင်ရွက်နိုင်ရေး စည်းရုံးလှုံ့ဆော်ရန်အတွက် ဒီဇင်ဘာ ၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အဖြစ် သတ်မှတ်ပြီး ကုလသမဂ္ဂကဦးဆောင်၍ ကမ္ဘာတစ်ဝန်း နှစ်စဉ်ကျင်းပလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်းရှိ မသန်စွမ်းသူများ၏ ဘဝအရည်အသွေးပိုမိုဖွံ့ဖြိုးလာစေရန်၊ အများပြည်သူနည်းတူ တန်းတူညီမျှအခွင့်အရေးရရှိရေး ကြိုးပမ်းဖော်ဆောင်ရန်၊ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာနှင့် စွမ်းဆောင်ရည်တို့ကို အလေးဂရုပြုတတ်စေရန်စသည့် ရည်ရွယ်ချက်များနှင့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားများကို ၁၉၉၄ ခုနှစ်ကစ၍ အစဉ်အလာမပျက် ကျင်းပခဲ့ရာ ယခုနှစ်ထိ အကြိမ် ၃၀ ပြည့်မြောက်ပြီဖြစ်ကြောင်း။

၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက သတ်မှတ်ပေးသည့် ဦးတည်ဆောင်ပုဒ်အနေဖြင့် "**United in action to rescue and achieve the SDGs for, with and by persons with disabilities**" **“စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ မသန်စွမ်းသူများနှင့်အတူကူညီဆောင်ရွက်စို့”** ပင်ဖြစ်ကြောင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် Sustainable Development Goals ၁၇ ချက်ကို ၂၀၁၅ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက ချမှတ်ခဲ့ပြီး ကမ္ဘာတစ်ဝန်းရင်ဆိုင်ကြုံတွေ့နေရသည့် လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် ရည်ရွယ်ချက်ထားရှိကြောင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များအနက် ပန်းတိုင်အမှတ် (၁) (၄) (၈) (၁၀) (၁၁) နှင့် (၁၇) တို့သည် မသန်စွမ်းသူများနှင့်ဆက်စပ်နေသည့် ပန်းတိုင်များဖြစ်ကြောင်း။

“ပန်းတိုင်အမှတ်-၁” အနေဖြင့် ဆင်းရဲမှုကို နေရာတိုင်းတွင် အဆုံးသတ်စေရေးပင်ဖြစ်ကြောင်း၊ မသန်စွမ်းသူများအနေဖြင့် ပညာရေး၊ အလုပ်အကိုင်ရရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုကာကွယ်စောင့်ရှောက်မှုများရရှိရေးအတွက် အခက်အခဲများ ကြုံတွေ့နေရပြီး ဆင်းရဲမှုနှင့် ရင်ဆိုင်ကြရကြောင်း၊ ထို့ကြောင့် ဆင်းရဲမှုအဆုံးသတ်စေရေး ဆောင်ရွက်ရာတွင် အားလုံးပါဝင်သည့် ဖွံ့ဖြိုးမှုမဟာဗျူဟာ Inclusive Development Strategies ကို ချမှတ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး မသန်စွမ်းသူများ၏ အခွင့်အရေး၊ လိုအပ်ချက်နှင့် စွမ်းဆောင်နိုင်မှုများကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း။

“ပန်းတိုင်အမှတ်-၄” ၏ ရည်ရွယ်ချက်အနေဖြင့် အားလုံးအကျုံးဝင်ပြီး အရည်အသွေးမီညီမျှသည့် ပညာရေးကိုရရှိစေရေးနှင့် အစဉ်လေ့လာသင်ယူနိုင်ရေးပင်ဖြစ်ကြောင်း၊ မသန်စွမ်းသူ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့စွမ်းဆောင်ရည်ရှိသလောက် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အမှီအခိုကင်းစွာ ဘဝရပ်တည် နေထိုင်နိုင်စေရေးအတွက် အားလုံးအကျုံးဝင်ပညာရေး Inclusive Education ပေါ်ပေါက်လာစေရေး ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ အသက်မွေးဝမ်းကျောင်းပညာသင်ကြားနိုင်ရေး၊ ဘဝသက်တမ်းတစ်လျှောက် သင်ယူလေ့လာနိုင်စေရေး စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

“ပန်းတိုင်အမှတ်-၈” သည် သင့်လျော်သည့် အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးကို ရည်ရွယ်ထားခြင်းဖြစ်ကြောင်း၊ ထုတ်လုပ်နိုင်စွမ်းရှိသည့် လုပ်သားအင်အားစုမှာ မသန်စွမ်းသူများကိုလည်း နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်တစ်ခုအဖြစ် ထည့်သွင်းစဉ်းစားပြီး ပံ့ပိုးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မသန်စွမ်းသူများ၏ ၈၅ ရာခိုင်နှုန်းသည် အလုပ်လက်မဲ့ဖြစ်ကြပြီး အလုပ်လုပ်ရန်ဆန္ဒရှိ၊ စွမ်းဆောင်ရည်ရှိကြသော်လည်း အလုပ်ရှင်အများစုက ငြင်းပယ်ကြသည့်အတွက် အလုပ်ရရှိရန်၊ အလုပ်လုပ်ကိုင်နိုင်ရန် အခက်အခဲရှိသူများဖြစ်ကြသည်ကို လေ့လာသိရှိရပါကြောင်း၊ မသန်စွမ်းသူများအနေဖြင့် သင့်တော်သည့် အလုပ်အကိုင်ရရှိရေး၊ အတားအဆီးကင်းသည့် လုပ်ငန်းခွင်ဖြစ်ပေါ်ရေး၊ အခြားသူများနှင့် တန်းတူကိုယ်ပိုင်ဝင်ငွေနှင့် ခံစားခွင့်များ ရရှိရေးတို့ကို ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ဂုဏ်ပြုဆုရရှိသူတစ်ဦးကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

သို့ မသန်စွမ်းသူများကိုယ်တိုင် အလုပ်လုပ်လိုစိတ်ဖြစ်ပေါ်လာစေရေးအတွက် မိမိကိုယ်ကိုယုံကြည်မှုနှင့် အရည်အသွေးကို မြှင့်တင်ပေးကြရမည်ဖြစ်ကြောင်း။

“ပန်းတိုင်အမှတ်-၁၀” ၏ ရည်ရွယ်ချက်သည် နိုင်ငံတွင်းနှင့် နိုင်ငံများအကြားမညီမျှမှု လျှော့ချရေးပင်ဖြစ်ကြောင်း၊ မသန်စွမ်းသူများအနေနှင့် လူ့အဖွဲ့အစည်းအတွင်းတွင် ပါဝင်ဆောင်ရွက်ခွင့်နည်းပါးခြင်း၊ ခွဲခြားဆက်ဆံခံရခြင်းတို့ကို ယနေ့ထိ ကြုံတွေ့နေရဆဲပင်ဖြစ်ကြောင်း၊ မြန်မာ့လူ့ဘောင်၏ ယဉ်ကျေးမှုနှင့် လူမှုဆက်ဆံရေးတွင် ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား၊ အားနည်းသူကိုဖေးမကူညီဆိုသည့် စိတ်နေစိတ်ထားများရှိပြီးဖြစ်သည်နှင့်အညီ မသန်စွမ်းသူများကို လူမှုအသိုင်းအဝိုင်းထဲက ပစ်ပယ်မထားဘဲ အားပေးကူညီပေးလျက်ရှိကြကြောင်း၊ မသန်စွမ်းသူများကို စိတ်ပိုင်းဆိုင်ရာ သာမက ရုပ်ပိုင်းဆိုင်ရာပါ ကျန်းမာကြံ့ခိုင်လာပြီး မသန်သော်လည်း စွမ်းသူများအဖြစ် ရောက်ရှိအောင် ကူညီဖေးမသွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မသန်စွမ်းသူများ၏ အခွင့်အရေးများကို သိရှိနားလည်စေရေး အသိပညာပေး ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ မသန်စွမ်းသူများအတွက် ဆောင်ရွက်ပေးနေသည့် ဝန်ဆောင်မှုများကို မသန်စွမ်းသူများကိုယ်တိုင် သိရှိစေရေးနှင့် လက်လှမ်းမီရယူ အသုံးပြုနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း။

“ပန်းတိုင်အမှတ်-၁၁” သည် အားလုံးအကျုံးဝင်ပြီး စဉ်ဆက်မပြတ် တိုးတက်မှုကိုဖြစ်စေမည့် မြို့ပြများနှင့် လူနေရပ်ကွက်များ ထူထောင်ရေးကို ရည်မှန်းထားရှိကြောင်း၊ အများပြည်သူသုံးယာဉ်များကို မသန်စွမ်းသူများအသုံးပြုနိုင်ရေး ဆောင်ရွက်ခြင်း၊ အများပြည်သူနှင့်ဆိုင်သည့်နေရာ၊ အဆောက်အအုံများကို အတားအဆီးကင်းမဲ့စွာ သွားလာနိုင်စေရေး Barrier Free ဖြစ်စေရေးတို့ကို စီစဉ်ဆောင်ရွက်ခြင်းတို့နှင့် မသန်စွမ်းသူများအနေဖြင့် အခြားသူများနည်းတူ သွားလာနေထိုင် ပါဝင်ဆောင်ရွက်နိုင်ကြစေရန် စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

“ပန်းတိုင်အမှတ်-၁၇” သည် မျှော်မှန်းထားသည့် ရည်မှန်းချက်ပန်းတိုင်များရရှိစေရေးအတွက် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရေးဖြစ်ကြောင်း၊ အစိုးရများအကြား၊ အစိုးရနှင့် လူမှုအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်သကဲ့သို့ မသန်စွမ်းသူများနှင့် မသန်စွမ်းအဖွဲ့အစည်းများ၏ ပါဝင်ဆောင်ရွက်မှုကိုလည်း လိုအပ်မည်ဖြစ်

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးရေး ဂုဏ်ပြုဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နားမကြားသောကလေးများကျောင်း(မန္တလေး)မှ မသန်စွမ်းကလေးများက အီနောင်အကဖြင့် ကပြဖျော်ဖြေတင်ဆက်နေမှုကို ကြည့်ရှုအားပေးစဉ်။

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ကြောင်း၊ မသန်စွမ်းသူများအနေဖြင့် ဆုံးဖြတ်ချက်ချမှတ်သည့်အဆင့်များတွင် ပါဝင်နိုင်စေရေးနှင့် မသန်စွမ်းသူများ၏ အမြင်နှင့် သဘောထားကို အလေးထားထည့်သွင်းပေးရေးတို့ကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်နေ့တွင် ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့် ၂၀၁၇ ခုနှစ်တွင် နည်းဥပဒေများကို အသီးသီး ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း။

ထို့ပြင် **“မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ”** ကို ၂၀၁၇ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံချက်၊ အာဆီယံမဟာဗျူဟာလုပ်ငန်းစဉ် ၂၀၁၅ တို့နှင့်အညီ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာ ငါးနှစ်စီမံကိန်း ၂၀၂၂-၂၀၂၇ ကို အတည်ပြုပြဋ္ဌာန်း အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

မဟာဗျူဟာ ငါးနှစ်စီမံကိန်းတွင် မသန်စွမ်းသူများအတွက် ကျန်းမာရေး၊ ပညာရေး၊ လုပ်ငန်းနှင့် အလုပ်အကိုင်၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ သဘာဝဘေးနှင့် အခြား အရေးပေါ်အခြေအနေ၊ အလွယ်တကူ လက်လှမ်းမီရယူအသုံးပြုနိုင်မှု စသည့်ကဏ္ဍစုံပါရှိကြောင်း၊ မဟာဗျူဟာ ငါးနှစ်စီမံကိန်း၏ လုပ်ငန်းစီမံချက်များကိုလည်း ရေးဆွဲအတည်ပြုထားပြီးဖြစ်၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မဟာဗျူဟာအခန်း တစ်ခုချင်းစီအလိုက် လေ့လာကြည့်ပါက စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ Sustainable Development Goals နှင့် ချိတ်ဆက်နေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မဟာဗျူဟာငါးနှစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ Sustainable Development Goals ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း။

ယခု **၂၀၂၃ ခုနှစ်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့၏ ဦးတည်ဆောင်ပုဒ်ဖြစ်သည့် “စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ မသန်စွမ်းသူများနှင့်အတူ ကူညီဆောင်ရွက်စို့” နှင့်အညီ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ** Sustainable Development Goals **ရရှိစေရေး ဦးတည်ဆောင်ရွက်ကြရာတွင် မသန်စွမ်းမှုကိုအကြောင်းပြုပြီး ချန်လှပ်ထားခံရခြင်းမရှိစေဘဲ မည်သူတစ်ဦးတစ်ယောက်မျှ နောက်ကျမကျန်ရစ်စေရေး** Leaving no one behind **မူကို လက်ကိုင်ထားပြီး မသန်စွမ်းသူများ၏အခွင့်အရေးကို မသန်စွမ်းသူများနှင့်အတူ ပူးပေါင်းကူညီဆောင်ရွက်**ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြသည်။

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးရွှေရိုးနှင့် ဒေါ်မိုးအကဖြင့် ကပြဖျော်ဖြေခဲ့သည့် မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (ရန်ကုန်)မှ မသန်စွမ်းကလေးများအား ဆုတော်ငွေများဂုဏ်ပြုချီးမြှင့်ပေးအပ်စဉ်။

ယင်းနောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ကပေးပို့သည့် သဝဏ်လွှာဗီဒီယိုမက်ဆေ့နှင့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် ဗီဒီယိုမှတ်တမ်းတို့ကို ပြသသည်။

ဆက်လက်၍ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဟန်သူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် **အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင်** ဂုဏ်ပြုဆုရရှိကြသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ဗိုလ်ချုပ်ကြီးတင်အောင်စန်းတို့က အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများနှင့် မသန်စွမ်းသူများအတွက် အတားအဆီးမဲ့ ခရီးသွားလာရေး ဂုဏ်ပြုဆု ရရှိကြသူများအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးရေး ဂုဏ်ပြုဆုရရှိသူကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နားမကြားသောကလေးများကျောင်း(မန္တလေး)မှ မသန်စွမ်းကလေးများက အီနောင်အကဖြင့်လည်းကောင်း၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (ရန်ကုန်)မှ မသန်စွမ်းကလေးများက ဦးရွှေရိုးနှင့် ဒေါ်မိုးအကဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး **ခင်းကျင်းပြသထားသည့်** မသန်စွမ်းသူများနှင့်သက်ဆိုင်သော စာအုပ်များ၊ လက်မှုထုတ်ကုန်ပစ္စည်းများနှင့် အထိမ်းအမှတ်ဓာတ်ပုံပြခန်းများကို ကြည့်ရှုခဲ့ကြောင်းနှင့် သီးခြားအစီအစဉ်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အီနောင်အကဖြင့် ကပြဖျော်ဖြေခဲ့သည့် နားမကြားသောကလေးများကျောင်း (မန္တလေး)မှ မသန်စွမ်းကလေးများကို ဆုတော်ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ဦးရွှေရိုးနှင့် ဒေါ်မိုးအကဖြင့် ကပြဖျော်ဖြေခဲ့သည့် မသန်စွမ်းသက်ငယ် သင်တန်းကျောင်း (ရန်ကုန်)မှ မသန်စွမ်းကလေးများကို ဆုတော်ငွေ ငါးသိန်းကိုလည်းကောင်း ဂုဏ်ပြုချီးမြှင့် ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

ကျဆုံးလေပြီးသော သူရဲကောင်းစစ်သည်များအတွက် ဒသမအကြိမ်မြောက် အောက်မေ့ဖွယ်ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနား ကျင်းပပြုလုပ်

တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း အသက်ပေးကျဆုံးသွားခဲ့သည့် ခေတ်အဆက်ဆက်မှ ကျဆုံးစစ်သည်များကို အောက်မေ့ဖွယ်ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနား တက်ရောက်လာကြသူများက သူရဲကောင်းစစ်သည်များ မြင့်မြတ်သောကောင်းမွန်ရာဘုံဘဝရောက်ရှိစေရန် မိုးပျံပူဖောင်းများလွှတ်တင်စဉ်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးတေဇကျော်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ တပ်မတော်အရာရှိကြီးများနှင့် တက်ရောက်လာကြသူများက ထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်မှန်း၍ အထိမ်းအမှတ်ချီးဖြူဂုက်များ လွှတ်ကြစဉ်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးတေဇကျော်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးနှင့် တပ်မတော်အရာရှိကြီးများက ခေတ်အဆက်ဆက်မှ တိုင်းပြည်အတွက် အသက်ပေးလှူသွားကြသည့် သူရဲကောင်းစစ်သည်များအား လွမ်းသူပန်းခြင်းချ၍ အလေးပြုစဉ်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း (အငြိမ်းစား)က ခေတ်အဆက်ဆက်မှ တိုင်းပြည်အတွက်အသက်ပေးလှူသွားကြသည့် သူရဲကောင်းစစ်သည်များအား လွမ်းသူပန်းခြင်းချ၍ ဂါရဝပြုစဉ်။

နေပြည်တော် ဒီဇင်ဘာ ၃

နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း အသက်ပေးကျဆုံးသွားခဲ့သည့် ခေတ်အဆက်ဆက်မှ ကျဆုံးစစ်သည်များကို အောက်မေ့ဖွယ်ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနားကို ဒသမကြိမ်မြောက်အဖြစ် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ သူရဲကောင်းဗိမာန်(နေပြည်တော်)၌ ကျင်းပပြုလုပ်သည်။

အဆိုပါ ဂါရဝပြုဆုတောင်းပွဲအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးတေဇကျော်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း(အငြိမ်းစား)နှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ပါတီခေါင်းဆောင်များ၊ ရောင်နီဦးနှင့်မိတ်ဆွေများပရဟိတအသင်း၊ ရွှေပြည်တော်သို့ဆုံမှတ် ပရဟိတအသင်းနှင့် တပ်မတော်အား ချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

ဦးစွာ အောက်မေ့ဖွယ်ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနားကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နိုင်ငံတော်သီချင်း သီဆိုခြင်း၊ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ခေတ်အဆက်ဆက်က တိုင်းပြည်အတွက် အသက်ပေးလှူသွားကြသည့် သူရဲကောင်းစစ်သည်များအား အလေးပြုခြင်း၊ သစ္စာအမိန့်ခံယူခြင်းတော်သို့ဆုံမှတ် ပရဟိတအသင်းနှင့် တပ်မတော်အား ချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

ဦးစွာ အောက်မေ့ဖွယ်ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနားကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နိုင်ငံတော်သီချင်း သီဆိုခြင်း၊ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ခေတ်အဆက်ဆက်က တိုင်းပြည်အတွက် အသက်ပေးလှူသွားကြသည့် သူရဲကောင်းစစ်သည်များအား အလေးပြုခြင်း၊ သစ္စာအမိန့်ခံယူခြင်းတို့ကို ဆောင်ရွက်ကြသည်။ ထို့နောက် တိုင်းပြည်အတွက် အသက်ပေးလှူသွားခဲ့ကြသည့်သူရဲကောင်းစစ်သည်များကိုရည်စူး၍ ဝမ်းနည်းခြင်းအထိမ်းအမှတ် နှစ်မိနစ်ငြိမ်သက်ခြင်း၊ သူရဲကောင်းစစ်သည်များ မြင့်မြတ်သောကောင်းမွန်ရာဘုံဘဝရောက်ရှိစေရန် မိုးပျံပူဖောင်းများ လွှတ်တင်ခြင်း၊ ထာဝရငြိမ်းချမ်းရေးရရှိစေရန်ရည်မှန်း၍ အထိမ်းအမှတ်ချီးဖြူဂုက်များလွှတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ကျဆုံးစစ်သည်များအတွက် လွမ်းသူပန်းခြင်းများဖြင့် ဂါရဝပြုခြင်းကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့ပြင် ယနေ့နံနက်ပိုင်းတွင်လည်း ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာအုပ်စု ပေါက်တောကျေးရွာ သဒ္ဓါခ၊ကျောင်းတိုက်၌ ကျဆုံးစစ်သည်များကိုရည်စူး၍ သံယာတော်များအား အရှေ့ဏ်ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများလှူဒါန်းပြီး ရေစက်သွန်းချအမှုပေးဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

☆ ကျောဖုံးမှအဆက်

ထိုသို့ အားပေးထောက်ခံလျက်ရှိရာ ယနေ့နက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အတွင်းရှိ ငြိမ်းချမ်းရေးကိုလိုလားသည့် သံယာတော်များနှင့် ပြည်သူများ စုစည်း၍ တိုင်းပြည်အလုံးစုံပျက်စီးရေးလုပ်ဆောင်နေကြသည့် KIA၊ TNLA၊ MNDAA၊ AA နှင့် PDF အမည်ခံ အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများကို ဆန့်ကျင်ရှုတ်ချပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံအားပေးပွဲကို ကျင်းပပြုလုပ်သည်။

ဦးစွာ မြိတ်မြို့အတွင်းရှိ ငြိမ်းချမ်းရေးကိုလိုလားသည့် သံယာတော်များနှင့် ပြည်သူအင်အား ၂၀၀၀ ခန့်သည် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ကြီးရပ်ကွက် ဘုရားငါးဆူလမ်း မြို့မဘောလုံးကွင်းအတွင်း၌ အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများကို ဆန့်ကျင်ရှုတ်ချပြီး တပ်မတော်သားများကို ထောက်ခံအားပေးသည့် ကြွေးကြော်သံများ ဟစ်ကြွေး၍ ဆန္ဒထုတ်ဖော်ကြသည်။

ထို့နောက် အမျိုးသားရေးတက်ကြွလှုပ်ရှားသူများက နိုင်ငံတော်သီချင်းကို သံပြိုင်ရွတ်ဆိုကာ ထောက်ခံပွဲကိုဖွင့်လှစ်ခဲ့ပြီး အစွန်းရောက်အကြမ်းဖက်သမားများ၏ ယုတ်မာကောက်ကျစ်မှုများ၊ အကြမ်းဖက်သတ်ဖြတ်မှုများ၊ အကြမ်းဖက်လုပ်ရပ်များနှင့်ပတ်သက်၍ အမျိုးသားရေးတက်ကြွလှုပ်ရှားသူများက ရှင်းလင်းဟောပြောခြင်းကို ဆက်လက်ဆောင်ရွက်ကြသည်။

ၜင်းနောက် "အမျိုးဘာသာသာသနာကို စောင့်ရှောက်ပေးသော တပ်မတော်အား ထောက်ခံပါသည်၊ တပ်နှင့်ပြည်သူ အတူတူ သွေးခွဲလာသူ ဗိုဠိရန်သူ၊ ရှေ့တန်းရောက် တပ်မတော်သားများ ကျန်းမာပါစေ၊ ပြည်သူတို့၏အကျိုး အမှန်ဖော်ဆောင်သည့် တပ်မတော်ကို ထောက်ခံပါသည်၊ တရားသော စစ်အောင်ရမည်၊ အစဉ်အလာကောင်းတဲ့ တပ်မတော်ဗိုတပ်မတော်၊ မြန်မာ့တပ်မတော်အား အပြည့်အဝထောက်ခံအပ်ပါသည်၊ အကြမ်းဖက် PDFများကျဆုံးပါစေ၊ စွန့်လွှတ်စွန့်စား တပ်မတော်သားများ အောင်မြင်ပါစေ၊ KIA အလိုမရှိ၊ TNLA အလိုမရှိ၊ MNDAA အလိုမရှိ၊ AA အလိုမရှိ၊ PDF အလိုမရှိ" စသည့် ကြွေးကြော်သံများကို သံပြိုင်ကြွေးကြော်ခဲ့ကြပြီး အခမ်းအနားကို ရှုပ်သိမ်းခဲ့သည်။

အဆိုပါပွဲသို့ တက်ရောက်လာကြသည့် ပြည်သူများ၏ ရင်တွင်းစကားသံများကို လည်း ယခုလိုတင်ပြလိုက်ပါသည်-

ဦးလှဖြိုး
ကျွဲကျေးကျေးရွာအုပ်စု စနေဝတ်ကျေးရွာ

"ကျွန်တော် ဒီတပ်မတော်ထောက်ခံပွဲကိုလာရတဲ့ အကြောင်းရင်းကတော့ တပ်မတော်သားတွေကို အားပေးချင်တာလည်းပါတယ်။ အမျိုးဘာသာသာသနာကို ဖျက်ဆီးနေတဲ့ KIA၊ PDF၊ TNLA၊ MNDAA နဲ့ အကြမ်းဖက် PDF တွေကို တိုက်ခိုက်နေတဲ့အတွက် ထောက်ခံချင်လို့ လည်းပါပါတယ်။ အခုဖြစ်နေတဲ့ နိုင်ငံရေးအခင်းအကျင်းမှာဆိုရင် ပြည်သူတွေ အသုံးပြုနေတဲ့လမ်းတံတားတွေကို ဖျက်ဆီးတာလည်း PDFတွေပဲဖြစ်ပါတယ်။ သတင်းတွေလည်းကြားကြမှာပါ။ ဒါတွေကိုလူတိုင်းက သိကြတာပါပဲ။ အခုကုန်စျေးနှုန်းတွေ တက်လာတာလည်း ဒီ PDF တွေက လမ်းတံတားတွေကို ဖျက်ဆီးပစ်ကြလို့ ကုန်စျေးနှုန်းတွေ တက်လာတာပါ။ လမ်းပန်းဆက်သွယ်ရေးမကောင်းဖြစ်ကြတာ။ အဲ့ဒီတော့ ကျွန်တော်တို့က တပ်မတော်ကိုပဲ အားပေးတယ်။ အမြဲတမ်းလည်း အားပေးပြီးတော့ ရင်ထဲမှာ ထာဝရတပ်မတော်ကိုပဲ အားပေးနေအုံးမှာပါ"ဟု ပြောကြားခဲ့သည်။

အမွန်မြတ်ဆုံးသောစွန့်လွှတ်ခြင်း၏တုန့်ပြန်ဖွယ်ရာမရှိသော ဂုဏ်ဒြပ်နင့်ပြည့်စုံသော သူရဲကောင်းစစ်သည်များအား ဒသမအကြိမ်မြောက် အောက်မေ့ဖွယ်ရာဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနား တက်ရောက်လာကြသူများ၏ စကားသံများ

နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း အသက်ပေးကျဆုံးသွားခဲ့သည့် ခေတ်အဆက်ဆက်မှ ကျဆုံးစစ်သည်များအား ဒသမအကြိမ်မြောက် အောက်မေ့ဖွယ်ရာဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနားကို ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေရှိ သူရဲကောင်းဗိမာန်၌ကျင်းပရာ အခမ်းအနားသို့တက်ရောက်လာကြသူများ၏ စကားသံများကို ဖော်ပြပေးလိုက်ရပါသည်။

ဦးစိုင်းမောက်ဟိန်း ရွှေပြည်တော်သို့ဆုံမှတ်ပရဟိတအသင်း(နယက)

ခေတ်အဆက်ဆက်က ကျဆုံးသွားသည့် သူရဲကောင်းစစ်သည်တွေကို အောက်မေ့ဖွယ် ဂါရဝပြုဆုတောင်းပွဲနဲ့ အလေးပြုခြင်းအခမ်းအနားကို ကျင်းပတဲ့ပွဲဖြစ်ပါတယ်။ သူရဲကောင်းဗိမာန်အခမ်းအနားကျင်းပတာ ၂၀၁၄ ခုနှစ်က စတင်ကျင်းပခဲ့ပြီး ၂၀၂၃ ခုနှစ် အခုဆိုရင် ၁၀ ကြိမ်မြောက်ဖြစ်ပါတယ်။ ရန်ကုန်မှာ အခမ်းအနားကို ခုနှစ်ကြိမ်မြောက် ကျင်းပခဲ့ပါတယ်။ နေပြည်တော်မှာ ၂၀၂၀ ပြည့်နှစ်တွင်ကျင်းပခဲ့ပြီး အခုအကြိမ်နဲ့ဆိုရင် သုံးကြိမ်မြောက် အားလုံးစုစုပေါင်း ၁၀ ကြိမ်မြောက်တိုင်တိုင် ကျင်းပနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီလိုမျိုးအခမ်းအနားကို ကျင်းပရတဲ့ရည်ရွယ်ချက်ကတော့ ခေတ်အဆက်ဆက်က အမျိုးဘာသာသာသနာနဲ့ တိုင်းပြည်အတွက်အသက်စွန့်သွားကြတဲ့ သူရဲကောင်းတွေကို ဂုဏ်ပြုပေးတဲ့အခမ်းအနားဖြစ်ပါတယ်။ ဒီလိုမျိုးပွဲအခမ်းအနားကို နှစ်စဉ်ပြုလုပ်ပေးတာ သိပ်ကောင်းတဲ့အစီအစဉ်ဖြစ်ပါတယ်။ အားလုံးကို မသိလိုက်ရသော်ငြားလည်း သတင်းမီဒီယာတွေနဲ့ ကိုယ့်မျက်စိရှေ့မှာ အမှန်တကယ်တိုင်းပြည်ကို ကာကွယ်ပေးခဲ့ကြတဲ့ သူရဲကောင်းစစ်သည်တွေကို ရင်ထဲကနေ လှိုက်လှိုက်လှဲလှဲနဲ့ နှစ်စဉ်နှစ်တိုင်းမပျက်ဘဲ တက်ရောက်ဂုဏ်ပြုပေးဖြစ်ပါတယ်။ တပ်မတော်သားတွေက ရွတ်ဆိုထားတဲ့ သစ္စာအဓိဋ္ဌာန်ချက်များနဲ့ ကိုယ်ကျိုးလုံးဝမဖက်ဘဲ မိမိနိုင်ငံကို ကာကွယ်ပေးနေတဲ့ ပုဂ္ဂိုလ်များလည်းဖြစ်ကြပါတယ်။ အစဉ်ထာဝရလည်း လေးစားပြီးသားဖြစ်ပါတယ်။ ကိုယ်တိုင်ကလည်း အခုအခမ်းအနားကို ရှမ်းပြည်(မြောက်ပိုင်း) ကနေလာတာဖြစ်ပါတယ်။ တိုင်းပြည်ငြိမ်းချမ်းအောင် နိုင်ငံတော်အတွက်၊ မိမိတို့မြန်မာပြည်အတွက် လက်ရှိဖြစ်ပွားနေတဲ့ ရှေ့တန်းမှာတာဝန်ထမ်းဆောင်နေတဲ့ တပ်မတော်သား စစ်သည်များအားလုံး ဘေးရန်အပေါင်းမှ ကင်းရှင်းပြီး တရားသောစစ်အောင်မြင်ပါစေလို့ ဆုတောင်းပေးပါတယ်။

ဦးထွန်းထွန်းဦး ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဥက္ကဋ္ဌ

အသက်ပေးခဲ့ကြတဲ့ သူရဲကောင်းများကို အောက်မေ့ဖွယ်ရာဂါရဝပြုခြင်းနဲ့ အလေးပြုခြင်းကို သူရဲကောင်းဗိမာန်မှာ ကျင်းပတဲ့အခမ်းအနားကို ကျွန်တော်လာပြီး တက်ရောက်ခြင်းဖြစ်ပါတယ်။ ကျွန်တော်က တပ်မတော်သားဟောင်းတစ်ဦးဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ဘာသာပေါင်းစုချစ်ကြည်ညီညွတ်ရေးအသင်းရဲ့ ရည်ရွယ်ချက်ကဘာလဲဆိုရင် ဘာသာပေါင်းစုချစ်ကြည်ညီညွတ်ရေးအသင်းမှသည် ငြိမ်းချမ်းရေးဆီသို့ဆိုတဲ့ ဆောင်ပုဒ်ရှိပါတယ်။ ငြိမ်းချမ်းရေးကို ဖော်ဆောင်တဲ့အသင်းဖြစ်သလို တပ်မတော်ကိုလည်း အပြည့်အဝထောက်ခံတဲ့အတွက် ဒီပွဲကိုတက်ရောက်ရခြင်းဖြစ်ပါတယ်။ ဒီအခမ်းအနားကို နှစ်စဉ်နှစ်တိုင်း တက်ရောက်ဖြစ်ပါတယ်။ နောက်ပြီး တပ်မတော်ကိုထောက်ခံတဲ့ ပြည်သူပြည်သားအားလုံးကို စုံစုံညီညီ တွေ့ရတော့ ဝမ်းသာပါတယ်။ လက်ရှိတိုက်ပွဲဖြစ်ပွားနေတဲ့ ရှမ်းပြည်နယ် (မြောက်ပိုင်း) ရှေ့တန်းမှာ တာဝန်ထမ်းဆောင်နေတဲ့အဖွဲ့ကို ကျွန်တော်တို့အသင်းအဖွဲ့က တတ်အားသရွေ့ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှာ လျှုဒါန်းပြီးပြီဖြစ်ပါတယ်။ ကျွန်တော်တို့အသင်းအဖွဲ့က ဒံပေါက်တွေလျှုဒါန်းဖြစ်ပါတယ်။ တိုက်ပွဲမှာပါဝင်တိုက်ခိုက်နေကြတဲ့ စီနီယာ၊ ဂျူနီယာညီနောင်အားလုံးပဲ တိုက်ပွဲမှာ အောင်မြင်နိုင်ပါစေ။ ဘေးရန်ကင်းရှင်းပြီး တရားသောစစ်အောင်မြင်ပါစေလို့ ဆုတောင်းပေးပါတယ်။ ပြည်သူပြည်သားများကလည်း ကိုယ့်တိုင်းပြည်အေးချမ်းသာယာအောင် တိုက်ပွဲဝင်နေကြတဲ့ တပ်မတော်သားများကိုဆက်လက်ထောက်ခံပေးကြပါလို့ပြောချင်ပါတယ်။

ဦးသက်နောင် စစ်မှုထမ်းဟောင်း

ကျွန်တော်ကတော့ ပုဗ္ဗသီရိမြို့နယ် နဝဒေးရပ်ကွက်က လာရောက်ဂုဏ်ပြုတာဖြစ်ပါတယ်။ ကျဆုံးသွားတဲ့တပ်မတော်သားတွေကို လာရောက်ဂုဏ်ပြုရတဲ့အတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်။ နှစ်စဉ်နှစ်တိုင်းကျင်းပပေးတဲ့အတွက် ကျဆုံးသွားတဲ့သူတွေအတွက်လည်း အမြဲတမ်းအမှတ်တရဂုဏ်ယူနေမှာပါ။ ကျွန်တော်တို့ညီအစ်ကိုများကလည်း လက်ဆင့်ကမ်းအမွေကို ထိန်းသိမ်းသွားဖို့လည်း လိုပါတယ်။ ကျွန်တော်လည်း စစ်သက် ၄၀ ထိ လုပ်ခဲ့တယ်။ တိုင်းပြည်အတွက် တာဝန်ကျေပွန်အောင် ထမ်းဆောင်ခဲ့ရတဲ့အတွက် ကျဆုံးသွားတဲ့ တပ်မတော်သားတွေကို အမြဲတမ်းသတိရပြီး လာရောက်ဂုဏ်ပြုခြင်းဖြစ်ပါတယ်။ တပ်မတော်ရဲ့ အခန်းကဏ္ဍက ဘယ်လောက်အရေးကြီးတယ်ဆိုတာ အသေးစိတ်တင်ပြဖို့တောင် မလိုပါဘူး။ ဒါ့ကြောင့် တပ်မတော်ဟာ ပြည်ထောင်စုမပြိုကွဲရေးအတွက် ထိပ်ဆုံးကနေပြီး ကာကွယ်ရမည့် အဖွဲ့အစည်းဖြစ်ပါတယ်။ တိုက်ပွဲတိုင်းမှာ အရာရာအောင်မြင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

ဒေါ်နီနီအောင်(ပြည်သူ)

ကျွန်မက ဇဗျူသီရိမြို့နယ်ကနေအခမ်းအနားကို လာပြီးတက်ရောက်တာဖြစ်ပါတယ်။ အခမ်းအနားကို မနှစ်ကလည်း တက်ရောက်ဖြစ်ပါတယ်။ ဒီနှစ်မှာ အခက်အခဲတွေကြားထဲကနေ တက်ရောက်တာဖြစ်ပါတယ်။ တိုင်းပြည်နဲ့ လူမျိုး၊ အမျိုးဘာသာသာသနာကို ချစ်မြတ်နိုးစိတ်နဲ့ တက်ရောက်တာဖြစ်ပါတယ်။ နောက်ပြီး တိုင်းပြည်အတွက် အသက်ပေးခဲ့ကြတဲ့ တပ်မတော်သားတွေကို ဂုဏ်ပြုအလေးပြုချင်တဲ့အတွက် လာရောက်ဖြစ်ပါတယ်။ ကျွန်မက တပ်မတော်သားမျိုးရိုး မဟုတ်ပါဘူး။ တပ်မတော်ကို ကျွန်မငယ်ငယ်ကတည်းက ချစ်ခင်တဲ့စိတ်ဖြစ်တဲ့အတွက် လာခဲ့ခြင်းဖြစ်ပါတယ်။

မောင်ရဲလင်းထွန်း (ကချင်တိုင်းရင်းသား)

ကျွန်တော်က ကချင်တိုင်းရင်းသားကိုယ်စားပြုနေရာကနေ ပါဝင်ပြီးကူညီပေးတာဖြစ်ပါတယ်။ ကျဆုံးသွားတဲ့စစ်သည်တွေကို မနှစ်ကလည်း သူရဲကောင်းဗိမာန်မှာ ကျွန်တော်လာရောက်ဂုဏ်ပြုခဲ့ပါတယ်။ ဒီနှစ်မှာတော့ လူအင်အားဖြည့်တာလည်းပါတယ်။ ကျွန်တော်ကိုယ်တိုင်ကလည်း ဒီတိုင်းရင်းသားနေရာမှာ ပါဝင်ကူညီရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ ကချင်တိုင်းရင်းသားနေရာကနေ လက်ရှိ မငြိမ်းချမ်းသေးတဲ့ တိုင်းရင်းသားတွေကိုလည်း ငြိမ်းငြိမ်းချမ်းချမ်းလေးဖြစ်စေချင်တယ်။ ဒီအတွက်လည်း လာရောက်ဂုဏ်ပြုခြင်းလည်းဖြစ်ပါတယ်။ တိုင်းရင်းသားတွေလည်း မြန်မာလူမျိုးတွေဖြစ်ပါတယ်။ တိုင်းရင်းသားတွေအားလုံးနဲ့ ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုကြီးကို ငြိမ်းချမ်းခြင်းတွေနဲ့ဖြတ်သန်းစေချင်ပါတယ်။ ရှေ့တန်းရောက် တပ်မတော်သားတွေအနေနဲ့ ကျွန်တော်တို့ကတော့ တိုက်ပွဲတွေတိုင်းတော့အောင်မြင်စေချင်ပါတယ်။ စစ်သည်တွေအားလုံးလည်း အောင်မြင်ပါစေလို့ ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်။

လဲ့ရည်အောင်

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာငွေကျပ် ၄၉၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဒီဇင်ဘာ ၃

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၄ ရက်မှ ဒီဇင်ဘာ ၁၀ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာ လျှင် ငွေကျပ် ၄၉၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစား ရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏

မြန်မာနိုင်ငံအတွင်း နယ်စပ်ဒေသများတွင် တရားမဝင်နေထိုင်သူများကို တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးမှုအခြေအနေများ၊ တရုတ်-မြန်မာနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးပူးပေါင်းဆောင်ရွက်နေမှုများအပေါ် အနောက်နိုင်ငံအားပေး၊အထောက်အပံ့ယူထားသည့်မီဒီယာများမှ နှစ်နိုင်ငံဆက်ဆံရေးပျက်ပြားလာအောင်ဝေဖန်တိုက်ခိုက်မှုများ၊AA အကြမ်းဖက်သောင်းကျန်းသူများက မြောက်ဦးခရိုင်ရွေးဟောင်းသုတေသနဦးစီးဌာန ကမ္ဘာ့အမွေအနှစ်စီမံခန့်ခွဲရေးဌာနပိုင်ယာဉ်များ၊ ခရိုင်ပို့ဖြိုးရေးယာဉ်များ၊ ကျေးလက်ပို့ဖြိုးရေးအတွက်ယာဉ်များ၊ သာသနာရေးဝန်ကြီးဌာနပိုင်ယာဉ်များကို လက်နက်ငယ်များဖြင့် ခြိမ်းခြောက်ယူဆောင်၍ ၎င်းတို့အပွဲ့ကိုယ်ကျိုးအတွက်အသုံးပြုနေမှုများ၊ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအနေဖြင့် ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ရခိုင်ပြည်နယ်၊စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် တပ်မတော်မှခြေလျင်တပ်များ၊ လေယာဉ်နှင့်အမြောက်များပေါင်းစပ်ပြီး ရွပ်ရွပ်ခ္ခုံခ္ခုံခုခံချေမှုန်းခဲ့မှုကြောင့် ဆုတ်ခွာထွက်ပြေးသွားမှုအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ပြောကြားချက်

ကျွန်တော်တို့ ဒီနေ့မှာတော့ နယ်စပ်ဒေသတွေမှာ တရားမဝင်ဝင်ရောက်နေထိုင်တဲ့ နိုင်ငံခြားသားများပြန်လည်လွှဲပြောင်းမှုအနေနဲ့ အမျိုးသား ၁၅၈ ဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၁၆၈ ဦးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံတာဝန်ရှိသူများထံ လွှဲပြောင်းပေးနိုင်ခဲ့ပါတယ်။ စုစုပေါင်းလွှဲပြောင်းပေးမှု ၁၀၉၅၂ ဦးရှိပြီးဖြစ်ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ မြန်မာနိုင်ငံတို့ဟာ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးကိစ္စများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုအချိန်မှာထုံးစံအတိုင်းဘဲ အနောက်နိုင်ငံအားပေး၊ အနောက်နိုင်ငံအထောက်အပံ့ယူထားတဲ့ မီဒီယာများအနေနဲ့ နှစ်နိုင်ငံဆက်ဆံရေးအပေါ်မှာ အထင်အမြင်လွဲမှားလာအောင် နှစ်နိုင်ငံဆက်ဆံရေးနှင့်ပတ်သက်ပြီး ဆက်ဆံရေးပျက်ပြားအောင် မျိုးစုံဝေဖန်တိုက်ခိုက်တာတွေ၊ မျိုးစုံသွေးထိုးလှုံ့ဆော်တာတွေရှိကြောင်းတွေ့ရပါတယ်။ ယခုအချိန်မှာရှမ်းပြည်နယ်(မြောက်ပိုင်း)မှာဖြစ်နေတဲ့ ဖြစ်စဉ်နှင့်ပတ်သက်ပြီးကြည့်မယ်ဆိုရင် ဒီနေရာတွေဟာ တရုတ်-မြန်မာ နှစ်နိုင်ငံကူးသန်းရောင်းဝယ်ရေး၊ တရုတ်-မြန်မာနှစ်နိုင်ငံဆက်ဆံရေးအတွက် အရေးကြီးတဲ့နေရာတွေဖြစ်ပါတယ်။ အရေးကြီးတဲ့ နယ်စပ်ကုန်သွယ်ရေးဂိတ်တွေရှိတဲ့နေရာတွေဖြစ်ပါတယ်။ ဒီနေရာတွေကိုနှစ်နိုင်ငံအစိုးရအနေနဲ့ အခြေအနေယိုယွင်းပျက်ပြားအောင် ဘယ်တော့မှလုပ်ဆောင်မှာမဟုတ်ပါဘူး။ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ စီမံကိန်းတွေရှိတဲ့နေရာတွေကို ဦးတည်ပြီးလုပ်ဆောင်နေတာရဲ့နောက်ကွယ်မှာ ယခင်ကတည်းကတိုင် မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးမတည်မငြိမ်ဖြစ်စေဖို့၊ နှစ်နိုင်ငံဆက်ဆံရေးမတည်မငြိမ်ဖြစ်စေဖို့အတွက် လုပ်ဆောင်နေတဲ့နောက်ကွယ်ကအင်အားစုများတယ်ဆိုတာကို ကျွန်တော်တို့အားလုံးက ဂရုစိုက်ရမှာဖြစ်ပါတယ်။ အားလုံးကနားလည်သဘောပေါက်ပြီး ဒီလုပ်ရပ်တွေကိုအမြန်ဆုံးရပ်တန့်နိုင်ရေးစီစဉ်ရမှာဖြစ်ပါတယ်။

ဒီနေ့ ရခိုင်ပြည်နယ်ဘက်က သတင်းတွေအရ AA အကြမ်းဖက်သောင်းကျန်းသူတွေဟာ မြောက်ဦးခရိုင် ရွေးဟောင်းသုတေသနကမ္ဘာ့အမွေအနှစ်စီမံခန့်ခွဲရေးဌာနပိုင် ယာဉ်သုံးစီးအပါအဝင် ခရိုင်ဖွံ့ဖြိုးရေးအတွက်ယာဉ်တွေ၊ ကျေးလက်ဖွံ့ဖြိုးရေးပိုင်ယာဉ်တွေ၊ သာသနာရေးဌာနပိုင်ယာဉ်တွေစုစုပေါင်း ယာဉ်ကိုးစီးကို လက်နက်ငယ်နဲ့ ခြိမ်းခြောက်ရယူသွားပြီး ၎င်းတို့အဖွဲ့အကျိုးအတွက် အသုံးပြုနေတယ်ဆိုတာကို သိရပါတယ်။ မြောက်ဦးခရိုင်ဆိုတာ ရွေးဟောင်းသုတေသနအဖွဲ့ရဲ့ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အောင်လုပ်ဆောင်နေတဲ့နေရာဖြစ်ပါတယ်။ ဒီနေရာတွေမှာဒီလုပ်ငန်းတွေကိုလုပ်ဆောင်နေတဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို လုပ်ဆောင်နေတဲ့ယာဉ်တွေကိုယူဆောင်သွားပြီး အဖွဲ့အကျိုးအတွက် အသုံးချခြင်း၊အဖွဲ့အကျိုးအတွက်ဆောင်ရွက်ခြင်းသည် ရခိုင်ပြည်သူလူထုကို တိုက်ရိုက်ထိပါးစော်ကားခြင်းဖြစ်တယ်လို့ဘဲ ကျွန်တော်ပြောချင်ပါတယ်။ ရခိုင်ပြည်နယ်မှာ မကြာသေးခင်ကမှ မိုခါမုန်တိုင်းတိုက်ခဲ့တယ်။ မိုခါမုန်တိုင်းနဲ့ပတ်သက်ပြီးတော့ တစ်တိုင်းတစ်ပြည်လုံးမှာရှိတဲ့ အဖွဲ့အစည်းအသီးသီး၊ တစ်တိုင်းတစ်ပြည်လုံးမှာရှိနေတဲ့ ပြည်သူလူထုပါဝင်လျှက်ဒါန်းကြတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ အချိန်မီကယ်ဆယ်ရေးလုပ်ငန်းတွေဆောင်ရွက်ခဲ့ရတယ်။ သတိပေးမှုတွေဆောင်ရွက်ခဲ့ရတယ်။ ဒီမိုခါမုန်တိုင်းဟာ ယခင်နာဂစ်မုန်တိုင်းထက်ကြီးမားတဲ့ လေတိုက်နှုန်းပြင်းထန်တဲ့မုန်တိုင်းဖြစ်ပါတယ်။ ဒီလိုအချိန်မှာ အစိုးရအနေနဲ့ ကြိုတင်သတိပေးမှုတွေလုပ်ဆောင်ခဲ့လို့ အချိန်စောစီးစွာကြိုတင်ပြင်ဆင်မှုတွေလုပ်ဆောင်ခဲ့လို့ လူအသေအပျောက်အနည်းဆုံးနဲ့ ကယ်ဆယ်ရေးလုပ်ငန်းတွေဆောင်ရွက်နိုင်ခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်းမှာ ကယ်ဆယ်ရေးလုပ်ငန်းတွေအရှိန်အဟုန်နဲ့ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အထင်အရှားဆုံးပြရရင် ဒီမိုခါမုန်တိုင်းတိုက်ပြီး မကြာခင်မှာကျောင်းတွေပြန်လည်ဖွင့်လှစ်ရမှာဖြစ်တယ်။ ဒီကျောင်းတွေပြန်လည်ဖွင့်လှစ်တဲ့နေရာမှာ ရခိုင်ပြည်နယ်အနေနဲ့ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကာ အမြန်ဆုံးပြန်လည်နာလန်ထူအောင်လုပ်နိုင်ခဲ့တာ အမြန်ဆုံးကဏ္ဍအသီးသီးကိုလုပ်ငန်းတွေပြီးမြောက်အောင်လုပ်ဆောင်ခဲ့တာ တစ်တိုင်းပြည်လုံးအမြင်ပဲဖြစ်ပါတယ်။ ဒီအချိန်မှာ ရခိုင်ပြည်နယ်နဲ့ပတ်သက်ပြီး ကြီးကြီးကျယ်ကျယ်ပြောဆိုနေတဲ့ AA အဖွဲ့သည် ဘာများလုပ်ခဲ့ဖူးသလဲဆိုတဲ့ မကြာသေးမီကဖြစ်ရပ်ကိုဘဲ ပြန်လည်သတိရကြဖို့လိုပါတယ်။ ယခုအချိန်မှာ ရခိုင်ပြည်နယ်အတွင်းမှာ တချို့နေရာတွေမှာ တိုက်ပွဲတွေဖြစ်ပွားနေတာရှိတယ်။ ရဲစခန်းတွေ ဝင်ရောက်သိမ်းပိုက်ခဲ့တာတွေရှိတယ်။ မြို့ရွာတွေကိုအကြောင်းမဲ့ပစ်ခတ်ပြီးစစ်ဆင်ရေးလုပ်ခဲ့တာတွေရှိတယ်။ ဒါတွေနဲ့ပတ်သက်ပြီးတော့ ယခင်ကတည်းက အစဉ်အဆက်ကောင်းကျိုးမပေးတဲ့ AA အဖွဲ့ဟာ ၎င်းအဖွဲ့နဲ့ပတ်သက်ပြီး သူတို့ပြောနေသလို ရခိုင်ပြည်သူလူထုအတွက် ရခိုင်ပြည်နယ်လွတ်မြောက်ရေးအတွက်ဆိုတာသည် ဟုတ်ပါ့မလားဆိုတာကို သေချာလေးနက်စွာစဉ်းစားကြဖို့လိုတယ်လို့ ကျွန်တော့်အနေနဲ့ပြောကြားလိုပါတယ်။ဒီနေ့ထိတွေ့တိုက်ပွဲအနေနဲ့ ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မုန်းဒေသမှာမနက်ကတည်းကတိုင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိခဲ့ပါတယ်။ အဲ့ဒီမှာရှိခဲ့တဲ့ ကျွန်တော်တို့တပ်ရင်းနှစ်ရင်း၊ ပြီးရင်ဖြူးဘက်ကနေ မုန်းဘက်ကိုဝင်တဲ့ တံတားဂိတ်နဲ့ ရဲစခန်းတွေမှာတိုက်ပွဲတွေဖြစ်ပွားခဲ့ပါတယ်။ ရဲစခန်းမှာလူအင်အားနည်းတဲ့အတွက်ကြောင့်မလို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေနဲ့ လုံခြုံတဲ့နေရာကို ပြောင်းရွှေ့ခဲ့ရတာရှိပါတယ်။ သံတံတားဂိတ်နဲ့ ကျောက်ကြီးဘက်အထွက်မှာရှိတဲ့ တပ်ရင်းနေရာတွေကို တပ်မတော်အနေနဲ့ အပြည့်အဝကာကွယ်မှုပေးခဲ့ပါတယ်။ဒါ့ပြင် အရှေ့ဘက်မှာရှိတဲ့ ခြေမြန်တပ်ရင်းတစ်ရင်းမှာ ထိတွေ့တိုက်ပွဲယခုအထိဖြစ်ပွားနေဆဲဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ ခြေလျင်၊ လေယာဉ်၊ အမြောက်ပေါင်းစပ်ပြီးတော့ ရွပ်ရွပ်ခ္ခုံခ္ခုံခုခံချေမှုန်းခဲ့ပါတယ်။ရန်သူအနေနဲ့ ဒီနေ့ညနေပိုင်းထိ အကျအဆုံးများစွာရှိပြီး စတင်ဆုတ်ခွာနေတာကို တွေ့ရပါတယ်။ ဒီအချိန်မှာပဲ ပြည်ဖျက်မီဒီယာများရယ်၊ KNU နဲ့ပေါင်းနေတဲ့ PDF အကြမ်းဖက်သမားများအနေနဲ့ မုန်းမြို့တစ်မြို့လုံးကို ထိန်းချုပ်ထားနိုင်ပြီတို့၊ တပ်ရင်းတွေအကုန်ကုန်ပြီဆိုတဲ့ ကောလာဟလသတင်းကို ဆက်တိုက်ထုတ်လွှင့်နေတာဖြစ်ပါတယ်။ ပြောချင်တာကတော့ သူတို့ဘယ်လောက်ကျဆုံးခဲ့တယ်၊ ဘယ်လောက်သေခဲ့တယ်၊ ဘယ်လောက်ဒဏ်ရာရခဲ့တယ်၊ ဘယ်လိုမျိုးဆုတ်ဖို့အတွက်စီစဉ်နေတယ်ဆိုတာသူတို့သာ အသိဆုံးဖြစ်တယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ ရှမ်းပြည်နယ်မြောက်ဘက်ပိုင်းမှာတော့ နမ့်ခမ်းမှာထိတွေ့တိုက်ပွဲဖြစ်ပွားနေတာရှိပါတယ်။ မူဆယ်(၁၀၅)မိုင်ဘက်မှာ ထိတွေ့တိုက်ပွဲဖြစ်ပွားနေတာရှိပါတယ်။ လောက်ကိုင်မြို့ အနီးဝန်းကျင်မှာ ရှော့တိုက်ဒုံးနဲ့ပစ်ခတ်မှုရှိပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာတော့ ယခင်အပတ်ကတည်းကတိုင်ဖြစ်နေတဲ့ ထရွန်အိုင်စခန်းကို ဒီနေ့မှာလည်းပြန်လည်တိုက်ခိုက်လာတာမျိုးရှိပါတယ်။ ဒီမှာလည်း ကျွန်တော်တို့အနေနဲ့ လက်နက်ကြီးပစ်ကူ၊ လေကြောင်းပစ်ကူတွေနဲ့ စနစ်တကျခုခံချေမှုန်းတဲ့အတွက် ရန်သူအကျအဆုံးများရှိပါတယ်။ စစ်ကိုင်းတိုင်းဘက်မှာတော့ ထီးချိုင့်မှာမြို့နေရာခုနစ်နေရာလောက်မှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိပါတယ်။ ဒီနေရာမှာလည်း စစ်ကိုင်းတိုင်းဘက်မှာ KIA ရဲ့မြောက်ထိုးပင့်ကော်လုပ်မှု၊ PDF များအနေနဲ့ နောက်က NUG အဖွဲ့များအနေနဲ့ မြောက်ထိုးပင့်ကော်လုပ်မှုနဲ့ မြို့ရွာတွေကို တိုက်ခိုက်နေတာရှိပါတယ်။ ဒီမြို့ရွာတွေတိုက်ခိုက်တဲ့နေရာမှာ တန့်ဆည်မှာလည်း သူတို့အနေနဲ့ အကျအဆုံးများစွာရှိခဲ့တယ်။ အခုထီးချိုင့်မှာလည်း အထိနာလျက်ရှိပါတယ်။ သို့သော်လည်းနောက်က အမြဲတမ်းမြောက်ထိုးပင့်ကော်လုပ်နေတဲ့အတွက်ကြောင့်မလို့ မတိုက်မနေရ မတိုက်မဖြစ်ဆိုတဲ့ဟာမျိုးနဲ့သူတို့ဆောင်ရွက်နေရတာဖြစ်ပါတယ်။ NUG၊ CRPH၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေအနေနဲ့ သူတို့အမြဲတမ်းပြောဆိုနေတဲ့ ဒီမိုကရေစီအရေးဆိုတာထက် မြန်မာနိုင်ငံမှာ အလုံးစုံပျက်သုဉ်းရေးသူတို့အာဏာရရှိရေးကို ဦးတည်ပြီးဆောင်ရွက်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာပြည်သူလူထုလိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ်ဆိုတာပါးစပ်ကနေပြီး ပြောရုံသက်သက်ပဲရှိပါတယ်။ လက်တွေ့မှာတော့ သူတို့သွားနေတဲ့လုပ်ငန်းတွေသည် လူသတ်၊ မုဒိမ်းကျင့်၊ ကျေးရွာတွေကို မီးရှို့ဖျက်ဆီး၊ ပြည်သူလူထုပိုင်အဆောက်အအုံတွေ၊ လမ်းတံတားတွေကိုဖြတ်တောက်တာတွေ၊ မိုင်ထောင်ဖောက်ခွဲတာတွေ၊ ပြည်သူလူထုတစ်ရပ်လုံးနဲ့ဆိုင်တဲ့ လျှပ်စစ်တာဝါတိုင်တွေကို ချိုးတာတွေ၊ ဆက်သွယ်ရေးတာဝါတိုင်တွေကိုချိုးတာတွေ၊ လက်တွေ့မှာ ဒီအဖျက်လုပ်ငန်းတွေပဲ လုပ်ဆောင်နေတာဖြစ်ပါတယ်။ ဒီအဖျက်သမားတွေရဲ့ ပါးစပ်ကထွက်တဲ့ ဒီမိုကရေစီဆိုတဲ့ စကားလုံးကိုယုံစားမိရင်တော့ ဒီအဖျက်သမားတွေနဲ့အတူ ပျက်သုဉ်းသွားရမှာဖြစ်တယ်လို့ပဲပြောချင်ပါတယ်။ ကျွန်တော်တို့ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့ နိုင်ငံတော်ကာကွယ်ရေးဆိုတာသည် နိုင်ငံသားအားလုံးရဲ့တာဝန်ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းတွေမှာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ၊ မိမိတို့တတ်နိုင်သမျှ စိတ်၏အားပေးခြင်း၊ကိုယ်၏အားပေးခြင်း၊နှလုံး၏အားပေးခြင်းဒါတွေနဲ့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကိုကာကွယ်စောင့်ရှောက်သွားဖို့ တာဝန်ရှိကြောင်းနဲ့ စုစည်းညီညာစွာလုပ်ဆောင်သွားဖို့ လိုအပ်ကြောင်းပြောကြားလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း(အထူးအားဖြင့် နာတာရှည်ရောဂါခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

(၅)ကြိမ်မြောက် ကမ္ဘာ့မီဒီယာထိပ်သီးညီလာခံသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

ကွမ်ကျီး ဒီဇင်ဘာ ၃

(၅)ကြိမ်မြောက် ကမ္ဘာ့မီဒီယာထိပ်သီးညီလာခံ(5th World Media Summit)ကို ယနေ့နံနက်ပိုင်းတွင် တရုတ်နိုင်ငံ ကွမ်တုံပြည်နယ် ကွမ်ကျီးမြို့ရှိ LN-Garden Hotel, Nansha Bay Marina Convention Center ၌ ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာတင်နှင့်အဖွဲ့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တရုတ်ကွန်မြူနစ်ပါတီ ပြည်သူ့ရေးရာဌာန ဒုတိယဌာနကြီးမှူး ဟူဟေပင်၊ ကွမ်တုံပြည်နယ်အကြီးအကဲ ဝယ်ဝေင်း၊ ကွမ်ကျီးခေတ္တမြို့တော်ဝန် စန်ဇီယန်း၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၊ နိုင်ငံတကာဆက်သွယ်ရေးတာဝန်ခံ မီးစ်မီလစ်ဆာဖဲလ်မင်းနှင့် ဆင်ဟွာ၊ ကျိုဂို၊ ရိုက်တာ၊ရှရှား-တာ့စ်၊တရုတ်ပြည်သူ့နေ့စဉ်၊ AFP၊ Associated Press၊ CMG၊ ဟိန္ဒူသတင်းအုပ်စု၊ တောင်အာဖရိကလွတ်လပ်သည့်သတင်းဌာနတို့မှ အကြီးအကဲများက မိန့်ခွန်းပြောကြားကြသည်။

ထို့ပြင် ဆင်ဟွာသတင်းဌာနအကြီးအကဲ မစ္စတာဖူဟွာက 5th Word Media Summit၏ ညီလာခံဆိုင်ရာအဖွင့်နှင့် အနှစ်ချုပ်တို့ကို ကြေညာသည်။

ယခုညီလာခံဆောင်ပုဒ်ကို "ကမ္ဘာလုံးဆိုင်ရာယုံကြည်မှုမြှင့်တင်ရန်နှင့် မီဒီယာဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရန်" (Boosting Global Confidence, Promoting Media Development)ဟု သတ်မှတ်ပြီး တရုတ်၊အင်္ဂလိပ်၊ပြင်သစ်၊ဂျပန်၊ပေါ်တူဂီ၊ ရုရှားနှင့်စပိန်ဘာသာတို့ဖြင့် ဘာသာပြန်ဆိုကျင်းပသည်။

ညီလာခံနှင့် ဆွေးနွေးပွဲများ၌ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာဆိုင်ရာဆန်းသစ်တီထွင်မှုနှင့် ပိုမိုကောင်းမွန်သည့်သဘောထားအမြင်များ (Media Development: New Technology, Better Vision)၊ မီဒီယာဈေးကွက်တွင် မိတ်ဖက်အဖွဲ့အစည်းသစ်များနှင့်ဈေးကွက်သစ်များ (Media Marketing: New Partners, New Markets)၊ သိပ္ပံနှင့်နည်းပညာပူးပေါင်းဆောင်ရွက်မှု၏ အနှစ်သာရဖြစ်သော လူထုအရေးပေါ်ကျန်းမာရေးအခြေအနေတွင် မီဒီယာတုံ့ပြန်ဆောင်ရွက်မှု(In the Spirit of Science and Co-operation: Media Response in Public Health Emergencies)၊ လူအဖွဲ့အစည်းများအကြား မီဒီယာ၏ ပေါင်းကူးဆက်သွယ်မှု(Media: A Bridge Among Civilizations)၊ ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွင်း မီဒီယာ၏ အခန်းကဏ္ဍ (Media's Role in Global Development)ဆိုင်ရာများကို ဆွေးနွေးကြသည်။

ကမ္ဘာ့မီဒီယာညီလာခံကို နိုင်ငံတကာမီဒီယာများ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ဆင်ဟွာ၊ အေပီ၊ ရိုက်တာ၊ ရုရှား-တာ့စ်၊ ကျိုဂိုသတင်းဌာနတို့အပါအဝင် ကမ္ဘာနာမည်ကြီးမီဒီယာအဖွဲ့အစည်းကြီးများက စုပေါင်း၍ ၂၀၀၉ ခုနှစ်မှ စတင်ကာ ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့မီဒီယာညီလာခံများကို ပထမအကြိမ်အဖြစ် ၂၀၀၉ ခုနှစ်တွင် တရုတ်နိုင်ငံ ပေကျင်းမြို့၌ နိုင်ငံနှင့် ဒေသပေါင်း ၇၀ ကျော်ရှိ မီဒီယာ ၁၇၀ ကျော်မှကိုယ်စားလှယ်ဦးရေ ၃၀၀ တက်ရောက်မှုဖြင့်လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ၂၀၁၂ ခုနှစ်တွင် ရုရှားနိုင်ငံ မော်စကိုမြို့၌ နိုင်ငံနှင့်ဒေသပေါင်း ၁၀၂ ခုရှိ မီဒီယာ ၂၁၃ ခုမှ ကိုယ်စားလှယ်ဦးရေ ၃၀၀ ကျော် တက်ရောက်မှုဖြင့်လည်းကောင်း၊တတိယအကြိမ်အဖြစ် ၂၀၁၆ ခုနှစ်တွင် ကာတာနိုင်ငံ ဒိုဟာမြို့၌ နိုင်ငံပေါင်း ၁၀၀ မှ ကိုယ်စားလှယ်ဦးရေ ၃၅၀ ကျော်တက်ရောက်မှုဖြင့်လည်းကောင်း၊ စတုတ္ထအကြိမ်ကို ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခဲ့မှုကြောင့် တရုတ်နိုင်ငံ ပေကျင်းမြို့မှ Video Conference စနစ်ဖြင့် ကျင်းပရာ နိုင်ငံတကာရုပ်သံသတင်းဌာန ၂၆၀ ကျော်မှ ကိုယ်စားလှယ်ဦးရေ ပေါင်း ၄၀၀ ခန့် တက်ရောက်မှုဖြင့်လည်းကောင်း ကျင်းပခဲ့ပြီး ယခု ၂၀၂၃ ခုနှစ်တွင် ပဉ္စမအကြိမ်အဖြစ် တရုတ်နိုင်ငံ ကွမ်တုံပြည်နယ် ကွမ်ကျီးမြို့၌ ကျင်းပရာ နိုင်ငံနှင့် သတင်းဌာနဦးရေ ၂၀၀ ကျော်မှ ကိုယ်စားလှယ်ဦးရေ ၄၅၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်း၀ဋ်)

ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "မိကျောင်း" နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်

နေပြည်တော် ဒီဇင်ဘာ ၃

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "မိကျောင်း" (MICHAUNG)သည် အနောက်မြောက်ဘက်သို့ရွှေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၆၇၅ မိုင်ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၇၆၀ ခန့်၊ အိန္ဒိယနိုင်ငံ ပူဒုချယ်ရီမြို့၏ အရှေ့ဘက် ရေမိုင် ၁၃၀ ခန့်၊ ချင်းနိုင်မြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၁၂၀ ခန့်၊ နီလိုရီမြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၁၈၀ ခန့်နှင့် မာ၁ီလီပတ္တနမ်မြို့၏တောင်-အရှေ့တောင်ဘက် ရေမိုင် ၂၅၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

ဆိုင်ကလုန်းမုန်တိုင်း "မိကျောင်း"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွှေ့လျားမည့်အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါဆိုင်ကလုန်းမုန်တိုင်း "မိကျောင်း" သည် အနောက်မြောက်ဘက်သို့ဆက်လက်ရွှေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) "မိကျောင်း" (MICHAUNG)အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်ကာ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရ်တောင်ပိုင်းကမ်းလွန်နှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော တမီးလ်နာဒူးမြောက်ပိုင်းကမ်းခြေသို့လည်းကောင်း၊ထိုမှတစ်ဆင့် အင်ဒရာပရာဒေ့ရ်တောင်ပိုင်း ကမ်းခြေနှင့်အပြိုင် မြောက်ယွန်းယွန်းသို့ ရွှေ့လျားကာ ဒီဇင်ဘာ ၅ ရက်တွင် အင်ဒရာပရာဒေ့ရ်တောင်ပိုင်းကမ်းခြေကို နီလိုရီမြို့နှင့် မာ၁ီလီပတ္တနမ်မြို့တို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

သို့ဖြစ်ပါ၍ ဆိုင်ကလုန်းမုန်တိုင်း "မိကျောင်း" (MICHAUNG)၏ အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊မိုးထစ်ချုန်းခြင်းများဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနေထိုင်ကြရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့် ဂလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။



နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

နေပြည်တော် ဒီဇင်ဘာလ ၃

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သော ပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်းသိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ လိုအပ်သည့်စိစစ်မှုများ ပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း တရုတ်နိုင်ငံသားအမျိုးသား ၁၅၈ ဦး၊အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၁၆၈ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် အောက်တိုဘာ ၃၁ ရက်မှ ဒီဇင်ဘာ ၃ ရက်ထိ တရုတ်နိုင်ငံသားအမျိုးသား ၉၇၅၅ ဦး၊ အမျိုးသမီး ၁၁၉၃ ဦး စုစုပေါင်း ၁၀၉၅၂ ဦးတို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့်စိစစ်ခြင်းများဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည်ပြည်ပနိုင်ငံသားများကို စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

နိုင်ငံတော်ကာကွယ်ရေးတာဝန် ပြန်လည်ထမ်းဆောင်ရန် ခွင့်မဲ့၊ စစ်ပြေးစစ်သည်များက ပြန်လည်ဆန္ဒပြုလာ

နေပြည်တော် ဒီဇင်ဘာလ ၃

တပ်မတော်သည် နိုင်ငံတော်၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးရေးအတွက် အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များကို ချေမှုန်းတိုက်ခိုက်လျက်ရှိရာ နိုင်ငံတော်ကာကွယ်ရေးအတွက် ခွင့်ပြုပါက တပ်မတော်တွင် ပြန်လည်တာဝန်ထမ်းဆောင်လိုကြောင်း ခွင့်မဲ့၊ စစ်ပြေးစစ်သည်များက ဆက်သွယ်တင်ပြလာမှုများအရ သတ်မှတ်ကာလနှင့် အကျုံးဝင်သည့် စစ်သည်များကို သက်ဆိုင်ရာသို့မဟုတ် နီးစပ်ရာတပ်များတွင် ပြန်လည်လက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် စစ်မှုထမ်းဆောင်ရန်ဆန္ဒပြုသည့် သာမန်ပြစ်မှုကျူးလွန်သူတပ်မတော်သားများကို ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

➢ ➢ ➢

ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ကျင်းပပြုလုပ်

နေပြည်တော် ဒီဇင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကော်မတီက ကြီးမှူးကျင်းပသော ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ကို ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့နယ်ရှိ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမင်္ဂလာခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသင်တန်းကျောင်းမှ လူငယ်မောင်မယ်များတက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ကုလသမဂ္ဂမှပေးပို့သည့် သဝဏ်လွှာနှင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ဇော်ဟိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသင်တန်းကျောင်းမှ လူငယ်မောင်မယ်များတက်ရောက်ကြသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း ၂၀၂၃ ခုနှစ်အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အစမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ကုလသမဂ္ဂမှပေးပို့သည့် သဝဏ်လွှာနှင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် Video Clip များကို ပြသကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မသန်စွမ်းသင်တန်းကျောင်းများမှ ဖျော်ဖြေရေးအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြပြီး ဖျော်ဖြေရေးအဖွဲ့များနှင့် ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အကြိုလှုပ်ရှားမှုပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အကြိုလှုပ်ရှားမှုအဖြစ် လူမှုဝန်ထမ်းဦးစီးဌာနမသန်စွမ်းသင်တန်းကျောင်းများမှ ခင်းကျင်းပြသထားသည့် ဓာတ်ပုံ၊ ပန်းချီနှင့် အိမ်တွင်းသက်မွေးမှုပညာလက်ရာမွန်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာအားကစားလ(ပထမပတ်) စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပပြုလုပ်

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ရုံး၊ဌာနများ၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာအားကစားလ(ပထမပတ်) စုပေါင်းလမ်းလျှောက်ပွဲကျင်းပစဉ်။

နေပြည်တော် ဒီဇင်ဘာ ၃

၂၀၂၃ ခုနှစ် ဒီဇင်ဘာအားကစားလ(ပထမပတ်)စုပေါင်းလမ်းလျှောက်ပွဲများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက်တပ်နယ်များ၌ကျင်းပပြုလုပ်ကြသည်။

ထိုသို့ စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပပြုလုပ်ရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို နယ်မြေခံစစ်ကြောရေးနှင့် တည်ခိုရေးစခန်းစစ်ရေးပြကွင်း၌လည်းကောင်း၊မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌လည်းကောင်း၊အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့်ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ တြိဝံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်၏စုပေါင်းလမ်းလျှောက်ပွဲကို တပ်နယ်အားကစားကွင်း၌လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် လှိုင်းဘွဲတပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တပ်နယ်အားကစားကွင်း၌လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကိုတိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်း၌လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်ဘောလုံးကွင်း၌လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် မုံရွာတပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲကိုတိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်း၌လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲကို နန်းမြို့တွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီးအနီး၌လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်းနှင့် တပ်နယ်စစ်ရေးပြကွင်းများ၌လည်းကောင်း အသီးသီး ကျင်းပပြုလုပ်ကြရာ တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများ၊တိုင်းစစ်ဌာနချုပ်မှတပ်မတော်အရာရှိကြီးများ၊ တပ်ရင်း၊တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပါဝင်ဆင်နွှဲကြပြီး သတ်မှတ်နေရာများတွင် စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရုံး၊ဌာနများ၏ ဒီဇင်ဘာအားကစားလ(ပထမပတ်) စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စခန်းမှူးရုံးစခန်းမှူးနှင့် ရုံး၊ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများပါဝင်ဆင်နွှဲကြပြီး ကိုယ်လက်ကြံ့ခိုင်ရေးများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာအားကစားလ(ပထမပတ်) စုပေါင်းလမ်းလျှောက်ပွဲကျင်းပစဉ်။

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာအားကစားလ (ပထမပတ်) စုပေါင်းလမ်းလျှောက်ပွဲကျင်းပစဉ်။

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက ဒံပေါက်ထမင်းဘူးများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း

စေတနာရှင် အလှူရှင် ပြည်သူများက လှူဒါန်းသည့် ဒံပေါက် ထမင်းဘူးများနှင့် စားသောက်ဖွယ်ရာများ လုံခြုံရေး တပ်ဖွဲ့ဝင်များ လက်ဝယ်ရောက်ရှိစဉ်။



စေတနာရှင်အလှူရှင်ပြည်သူများကလှူဒါန်းသည့် ဒံပေါက်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများကရေးသားပေးပို့သည့် မေတ္တာစာလွှာများကို တွေ့ရစဉ်။

နေပြည်တော် ဒီဇင်ဘာ ၃

နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင်လည်း စေတနာရှင်အလှူရှင်ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက်လိုက်လံပို့ဆောင်ပေးကြသည်။

စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားအားလုံးပိန်းကြာဖက်ပေါ် ရေမတင်သကဲ့သို့ ဘေးရန်ဟူသမျှ ကင်းဝေးပါစေ၊ တိုက်ပွဲတိုင်းအောင်မြင်ပါစေ၊ရေလိုအေးပြီးပန်းလိုမွှေးပါစေ"စသည့် ဆုတောင်းမေတ္တာစာလွှာများပါရှိကြောင်း သတင်းရရှိသည်။

AAအကြမ်းဖက်အဖွဲ့က မြောက်ဦးမြို့နယ်အတွင်းရှိ ရုံး၊ဌာနပိုင်မော်တော်ယာဉ်များကို အတင်းအဓမ္မလာရောက်ယူဆောင်

နေပြည်တော် ဒီဇင်ဘာ ၃

အကြမ်းဖက်သမားများအနေဖြင့် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ကုန်စည်စီးဆင်းမှုများ ရပ်တန့်စေရန် ရည်ရွယ်၍ စစ်ရေးပစ်မှတ်မဟုတ်သည့် အရပ်သားများနေထိုင်ရာရပ်ကွက်များ၊မြို့ရွာများ၊ ပညာရေးကျောင်းများ၊ သာသနိုက အဆောက်အအုံများကို လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drop Bombများဖြင့် ပစ်ချတိုက်ခိုက်ခြင်း၊ အများပြည်သူ အသုံးပြုသွားလာလျက်ရှိသည့် လမ်း၊တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ နိုင်ငံတော်ပိုင်ပစ္စည်းများကို အဓမ္မယူဆောင်ခြင်း၊ နိုင်ငံဝန်ထမ်းများနှင့် အေးချမ်းစွာနေထိုင်လျက်ရှိသည့် အပြစ်မဲ့ပြည်သူများကိုလည်း အကြောင်းမဲ့ဖမ်းဆီးခေါ်ဆောင်ခြင်း၊ သတ်ဖြတ်ခြင်းစသည်ဖြင့် အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ AA အကြမ်းဖက်အဖွဲ့သည် နိုဝင်ဘာ ၂၆ ရက်ညနေ ၅ နာရီ မိနစ် ၄၀ ခန့်တွင် ရခိုင်ပြည်နယ် မြောက်ဦးမြို့ ထမ္မရာဝ်ရပ်ကွက်ရှိ ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးရှိ ဌာနပိုင်မော်တော်ယာဉ် နှစ်စီးကို လည်းကောင်း၊ နိုဝင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် မြောက်ဦးမြို့ အလယ်ဈေးရပ်ကွက်ရှိ ရွှေဟောင်းသုတေသနဦးစီးဌာန ကမ္ဘာ့အမွေအနှစ်စီမံခန့်ခွဲရေးရုံးရှိ ဌာနပိုင်မော်တော်ယာဉ် သုံးစီးတို့ကိုလည်းကောင်း၊ နိုဝင်ဘာ ၂၉ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ခန့်တွင် မြောက်ဦး-စစ်တွေ ကားလမ်းမကြီးဘေးရှိ မြို့နယ်ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနပိုင်မော်တော်ယာဉ် နှစ်စီးကို လည်းကောင်း၊ နိုဝင်ဘာ ၃၀ ရက် နံနက် ၈ နာရီ ၄၅ မိနစ်ခန့်တွင် မြောက်ဦးမြို့ ခရိုင်ရွှေးကောက်ပွဲရုံးရှိ ဌာနပိုင်မော်တော်ယာဉ် တစ်စီး စုစုပေါင်း ခရိုင် သာသနာရေးဝန်ကြီးဌာနပိုင်မော်တော်ယာဉ် တစ်စီးကိုလည်းကောင်း၊ နိုဝင်ဘာ ၃၀ ရက် နံနက် ၉ နာရီခွဲခန့်တွင် မြောက်ဦးမြို့ ခရိုင်ရွှေးကောက်ပွဲရုံးရှိ ဌာနပိုင်မော်တော်ယာဉ် ကိုးစီးကို လက်နက်ငယ်ကိုယ်စီကိုင်ဆောင်ကာ အတင်းအဓမ္မလာရောက်ယူဆောင်သွားခဲ့ကြောင်း သိရှိရသည်။

AAအကြမ်းဖက်အဖွဲ့အနေဖြင့်အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိသည့် နိုင်ငံတော်ပိုင်ပစ္စည်းများကို ယခုကဲ့သို့ အတင်းအဓမ္မလာရောက်ယူဆောင်ခြင်းဖြစ်ပြီး ဒေသတွင်းတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်လုပ်ဆောင်လျက်ရှိသဖြင့် ဒေသခံပြည်သူလူထုတို့၏ လူမှုစီးပွားဘဝများစွာ ထိခိုက်နစ်နာမှုများဖြစ်ပေါ်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် အကြမ်းဖက်မှုချေမှုန်းရေးစစ်ဆင်ရေးကိုပြည်သူလူထုနှင့် ပူးပေါင်း၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၃

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊အသိဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့်တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၇နှစ်၀ါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "@chit-hto0 7095"TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အောင်ချမ်းသာကျေးရွာနေ သန်းနိုင်ဦးအား နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် တက်သစ်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့်ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

➢ ➢ ➢

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူ့သိုအသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

သဇင်(FM) အသံလွှင့်အစီအစဉ်

၄-၁၂-၂၀၂၃ (တနင်္လာနေ့)

၁။	၀၈:၀၀	ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့
၂။	၁၀:၄၆	Master Chef
၃။	၁၃:၃၀	Live For You
၄။	၁၅:၀၀	Fighting Music
၅။	၁၇:၀၀	သွေးချင်းတို့ဌာနေ
၅။	၁၉:၃၀	International Song

0w hKv bd @

သူ့ဘဝလေး ချမ်းမြေ့နိုင်ပါစေ

ကိုရွှေတောသား(ဆင်ကူး)

(၁)

"ဟာ"

မယုံကြည်နိုင်လောက်အောင်ပင် အိုစာသွားသည့် လိုင့်ကို ကျွန်တော် အံ့ဩမင်သက်စွာ ငေးကြည့်နေမိသည်။ အသက်ထက် အိုမင်းရင့်ရော်နေသည့် လိုင်သည် ကျွန်တော်တစ်ချိန်က အသက်တမျှ ချစ်ခဲ့၊ စွဲလမ်းခဲ့ရသောလိုင် ဟုတ်မှဟုတ်ပါလေစရယ်ဟုပင် သံသယဝင်မိသည်။

"ဘယ်လိုတွေဖြစ်ကုန်ရတာလဲ ကိုဦးရာ။ လိုင်က အဲဒီလောက်တောင်အခြေအနေဆိုးရသလား"

"ဆိုးဆို လိုင့်ဒုက္ခကသေးမှမသေးတာ ရဲနိုင်ရ။ လင်ဆိုးမယားတဖားဖားပေါ့ကွာ"

"တောက် ကွာ ဖြစ်မှဖြစ်ရလေလိုင်ရာ"

ကျွန်တော် မချိတင်ကဲရေရွတ်လိုက်မိသည်။ ရင်ထဲမှာလည်း လိုင့်ကိုကြည့်ပြီး သနားကရုဏာစိတ်ဖြင့် ကြေကွဲဝမ်းနည်းမိသည်။ ကလေးတစ်ယောက်ကို ခါးထစ်မှာခွတင်ချီပြီး ခေါင်းထက်မှာတော့ ဟင်းသီးဟင်းရွက်များကို အပြည့်အမောက်ထည့်ထားသည့် ဈေးတောင်းကို တနင့်ကြီးသယ်ရွက်ထားရသည်။ လိုင့်နောက်မှာတော့ ခုနစ်နှစ်သား၊ ရှစ်နှစ်သား အရွယ်ခန့်ရှိမည့် ကလေးတစ်ယောက်က တကောက်ကောက်လိုက်နေသည်။

"အဲဒါ အခုက နည်းနည်းတော်သွားတာ ရဲနိုင်ရေ။ အစတုန်းကဆို ခုထက်တောင်ဆိုးသေး"

"ဟေ"

"သူ့မှာ တစ်နေ့တစ်နေ့ ဈေးရောင်းရတာကတစ်မျိုး၊ သားသမီးတွေကို ပြုစုပျိုးထောင်ရတာက တစ်မျိုး၊ ဟော အရက်မူးပြီးပြန်လာတတ်တဲ့ လင်ယောကျ်ားရဲ့ ဆဲတဲ့ဆိုတဲ့ဒဏ်၊ နိုင်ထက်စီးနင်းနဲ့ ရိုက်တဲ့ပုတ်တဲ့ဒဏ်ကတစ်မျိုးနဲ့။ မနှစ်ကပဲ သူ့ယောကျ်ားက ဆုံးသွားပြီး အခုတော့ လိုင်က ကလေးနှစ်ယောက်နဲ့မုဆိုးမဖြစ်ကျန်ခဲ့တာပေါ့ကွာ"

ကိုဦးပြောသမျှ လိုင့်အကြောင်းများ ကျွန်တော့်နားထဲ မကြားတစ်ချက် ကြားတစ်ချက်။ ကျွန်တော့်အတွေးထဲမှာတော့ ဟိုးယခင် အတိတ်ကာလတစ်ခုဆီသို့ ပြန်လည်ရောက်ရှိလို့နေပါတော့သည်။

(၂)

"လိုင် နင့်အချိုးတွေပြင်ထားနော်။ ငါ ကြီးတော်တို့ကို သွားတိုင်ပြောရမှာလား"

ကျွန်တော်က လိုင့်ကိုအခဲမကျေစွာ ပြောလိုက်သည်။ လိုင်က ခိုးခိုးခစ်ခစ်လှောင်ရယ်ရယ်ရင်း ကျွန်တော့်ကို ပြန်ပြောသည်။

"ရဲနိုင် နင် မနာလိုချွန်တွန်းဖြစ်နေတာ မဟုတ်လား။ ဟင်း ဟင်း"

"ဘာမှ မနာလိုတာမဟုတ်ဘူး။ နင် ဒုက္ခရောက်မှာစိုးလို့ ပြောနေတာ"

"ဘာဒုက္ခရောက်စရာရှိလို့လဲ ရဲနိုင်ရယ် လူပျိုကအပျိုကို ရည်းစားစာလိုက်ပေးတယ်။ အပျိုက ယူချင်ယူမယ်။ ပြန်ကြိုက်ချင်ပြန်ကြိုက်မယ်။ အဲဒါ လူပျိုအပျိုတွေရဲ့အခွင့်အရေး။ ဘာတွေများထူးဆန်းနေလို့လဲ။ ဒုက္ခရောက်စရာရော ဘာရှိလို့လဲဟဲ့"

"နင်ဟာ"

လိုင်က ဇွတ်တရွတ်နိုင်သည်။ သူဖြစ်ချင်ရာကို မရရအောင် လုပ်တတ်သည်။ မိဘများက ပစ္စည်းဥစ္စာအသင့်အတင့်ရှိကြပြီး သားသမီးဆိုလို့ လိုင်တစ်ယောက်သာရှိ၍ အရာရာလိုင့်သဘောပင်၊ အလိုလိုက်ထားကြခြင်းကြောင့်လည်းပါသည်။ ကျွန်တော်နှင့်လိုင်က ငယ်ငယ်လေးကတည်းက သွားအတူ လာအတူ တတွဲတွဲရှိခဲ့ကြသည်။ လူကြီးမိဘချင်းက ခင်မင်ရင်းနှီးကြသလို အိမ်နီးချင်းလည်းဖြစ်ကြသည်။

"ကြည့် ယောကျ်ားလေးတန်မဲ့ စိတ်ကောက်သွားရပြန်ပြီလား။ ဟဲ့ ရဲနိုင် ငါမေးနေတယ်လေ"

လိုင်က ကျွန်တော့်ပခုံးကို လှုပ်ခါပြီးမေးသည်။ ကျွန်တော်က လိုင့်မျက်နှာကို တည်တည်ကြီးကြည့်ကာ ပြောလိုက်သည်။

"လိုင် နင် အဲဒီ မင်းခိုင်ဆိုတဲ့ကောင်ကိုပြန်မကြိုက်ပါဘူးလို့ ငါ့ကိုကတိပေးနိုင်မလား"

ကျွန်တော့်စကားကြားသည့်အခါ လိုင်က ခပ်ထေ့ထေ့ကလေးရယ်ရင်း ပြန်ပြောသည်။

"ရဲနိုင်ရယ် နင်ကတော့လုပ်ပြီ။ အောင်သူနဲ့တုန်းကလဲ အရက်သမားမို့လို့ နင်မကြိုက်လို့ ငါဖြတ်ခဲ့တယ်။ စိုးနောင်နဲ့လဲ နင်သဘောမတူဘူး။ ကိုကိုလွင်ကျတော့လဲ ဆေးလိပ်သောက်တတ်တာက ဘယ်လို၊ အလောင်းကစားဝါသနာပါတာက ဘယ်ကြောင်းနဲ့။ ဟော အခု မင်းခိုင်ကျတော့လဲ နင်မကြိုက်ပြန်ဘူးလား။ ငါက ဒီတစ်သက် ရည်းစားကောထားရအုံးမှာလားဟယ်"

လိုင့်စကားကြောင့် ကျွန်တော် ဝမ်းနည်းကြေကွဲမိသည်။ လိုင်နားလည်အောင်ဖြင့် ကျွန်တော်တတ်သလောက် ပြောပြရသည်။

"မဟုတ်ဘူး လိုင်။ ငါပြောချင်တာ အဲဒီလိုမဟုတ်ဘူး။ ငါက နင့်ကို လူမတော်သူမတော်တွေနဲ့တွေ့မှာစိုးလို့ပြောနေတာ။ မိန်းကလေးဆိုတာ စဉ်းစားနိုင်မှတော်ရုံကျတယ်တဲ့လိုင်ရဲ့။ ပြီးတော့ ရည်းစားထားတယ်ဆိုတာ ကစားရမဲ့ကိစ္စမဟုတ်ဘူး။ ပေါ့သေးသေး မတွေးလိုက်ပါနဲ့လိုင်ရာ။ နင့်ကို ငါ စိုးရိမ်လို့ ပြောနေရတာ"

"အေးပါဟာ နင်မကြိုက်ရင် ငါ မင်းခိုင်ကို ပြန်မကြိုက်ပါဘူး"

လိုင်က ပညာသားပါပါ စကားစဖြတ်လိုက်ရင်း ကျွန်တော့်ကိုနှစ်သိမ့်သည်။ ကျွန်တော် တကယ်ပင် လိုင့်ကိုစိုးရိမ်မိသည်။

(၃)

ကျွန်တော့်မှာ အစ်မသုံးယောက်ရှိသည်။ အစ်မသုံးယောက်စလုံး အိမ်ထောင်ရေးကံမကောင်းကြဘူး။ လင်ဆိုးမယား တဖားဖားတွေချည်း။ တစ်နေ့တစ်နေ့ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်နေကြသည့် အစ်မများကိုကြည့်ရင်း လိုင့်ကိုစိုးရိမ်မိသည်။

❖ "လိုင် နင်အဆင်ပြေရဲ့လား။ ကလေးတွေကော ဘယ်နှယောက်ရပြီလဲ။ နင့်ယောကျ်ားကော အခု ဘာတွေလုပ်နေလဲဟ" ကျွန်တော် လိုင့်အကြောင်းကို တစ်စွန်းတစ်စသိနေပါလျက်ဖြင့် တမင်မေးလိုက်ခြင်းဖြစ်သည်။ ကျွန်တော့်စကားဆုံးတော့ လိုင့်ပါးပြင်ထက်တွင် မျက်ရည်များ စီးကျလို့နေသည်။ "ရဲနိုင်ရယ် နင် ငါ့အကြောင်းတွေကို မသိချင်ပါနဲ့ဟယ်။ ငါပြောဖို့ အားမရှိတော့လို့ပါဟာ။ နင် ဒီကို အလည်ပြန်လာတာလား။ နင်ကော အိမ်ထောင်ကျနေပြီလား။ စီးပွားရေးကော အဆင်ပြေကြတယ်မဟုတ်လား" ❖

"မင်း လိုင့်ကို ကြိုက်နေတာလား ရဲနိုင်"

အမှတ်မထင်မေးလိုက်သည့် ကိုဦးစကားကြောင့် ကျွန်တော့်စိတ်ကို ကျွန်တော်မလုံစွာ ရှက်ကိုး ရှက်ကန်းဖြစ်မိသည်။ ကိုဦးထင်သလိုပင် ကျွန်တော် လိုင့်ကို တကယ်ပဲချစ်မိနေချေပြီ။ အစတုန်းကတော့ တစ်ယောက်နှင့်တစ်ယောက်အနေနီးပြီး သံယောဇဉ်ကြောင့်ဟုထင်ခဲ့မိသည်။ အချိန်ကြာလာသည်နှင့်အမျှ ကျွန်တော် လိုင့်ကို ချစ်နေသည့်အချစ်က ခိုင်မာလာခဲ့သည်။

"ငါ မရှက်တမ်းဝန်ခံရရင် မင်းပြောတာဟုတ်တယ် ကိုဦး။ ငါ လိုင့်ကို ချစ်မိနေပြီ"

"ဟ အဲဒါဆိုရင် လူကြီးတွေကိုဖွင့်ပြောပြီး တောင်းရမ်းယူလိုက်ပါလား ရဲနိုင်။ လူကြီးချင်းကလဲ မင်းတို့နှစ်ယောက်ကို သဘောတူနေကြတာပဲ မဟုတ်လား"

"အေး ဟုတ်တော့ဟုတ်တယ်ကွ ဒါပေမဲ့"

"ဘာ ဒါပေမဲ့လဲ ဘာကကျန်နေသေးလို့လဲ"

"လိုင်ပေါ့ကွာ လိုင်ပေါ့။ လိုင့်ဆန္ဒက ကျန်နေသေးတယ် ကိုဦးရ"

"ဟင်"

တကယ်တမ်းပင် လိုင်သည် ကျွန်တော့်အချစ်ကို လက်မခံခဲ့ပေ။ ကျွန်တော့်အပေါ် သံယောဇဉ်ရှိနေပါလျက် လိုင်က အခြားတစ်ယောက်ကို ရွေးချယ်သွားခဲ့သည်။ လိုင် အိမ်ထောင်ပြုပြီး ရက်ပိုင်းကတည်းကပင် ကျွန်တော်လည်း လိုင်နှင့်ဝေးရာဆီသို့ထွက်ခွာခဲ့မိသည်။

(၄)

"ဟဲ့ ဒီကလေးကတော့လေ မအေက ဈေးဦးမပေါက်သေးဘူး လို့ပြောနေတာမကြားဘူးလား။ ဘယ်က ပိုက်ဆံနဲ့နင့်ကိုမုန့်ဝယ်ကျွေးရမှာလဲ သားလေးရဲ့"

မုန့်ဆိုင်ကိုလက်ညှိုးထိုးပြပြီး မုန့်ပူဆာနေသည့် သားဖြစ်သူကို ပြောနေသည့် လိုင့်ကို ကြည့်ရင်း ကျွန်တော့်ရင်ထဲ ဆို့နင့်နေမိသည်။ လိုင့်တို့သားအမိရှေ့တည့်တည့်ကို ပိတ်ပြီးမတ်တတ်ရပ်လိုက်မိသည်။

"ဟဲ့ တိတ်တိတ်လေးနေစမ်းပါအုံး။ ဒီမှာ အမေ ဈေးရောင်းလိုက်အုံးမယ်"

လိုင်က ဈေးတောင်းထဲက ဟင်းသီးဟင်းရွက်များကို လှန်လှောပြရင်း ကျွန်တော့်ကို ကြည့်လိုက်သည်။

"ဟင်"

လိုင်က ကျွန်တော့်ကိုကြည့်ပြီး အံ့ဩနေပုံရသည်။

"ဟဲ့ မိလိုင် အဲဒါရဲနိုင်လေ နင် မှတ်မိတယ်မဟုတ်လား"

ကိုဦးက လိုင့်ကို ပြောလိုက်သည်။ လိုင်က ကျွန်တော့်မျက်နှာကို မော့ကြည့်နေရင်း တစ်ခုခုပြောရန်ကြိုးစားနေသည်။

"လိုင် နင်အဆင်ပြေရဲ့လား။ ကလေးတွေကော ဘယ်နှယောက်ရပြီလဲ။ နင့်ယောကျ်ားကော အခု ဘာတွေလုပ်နေလဲဟ"

ကျွန်တော် လိုင့်အကြောင်းကို တစ်စွန်းတစ်စသိနေပါလျက်ဖြင့် တမင်မေးလိုက်ခြင်းဖြစ်သည်။ ကျွန်တော့်စကားဆုံးတော့ လိုင့်ပါးပြင်ထက်တွင် မျက်ရည်များ စီးကျလို့နေသည်။

"ရဲနိုင်ရယ် နင် ငါ့အကြောင်းတွေကို မသိချင်ပါနဲ့ဟယ်။ ငါပြောဖို့ အားမရှိတော့လို့ပါဟာ။ နင် ဒီကို အလည်ပြန်လာတာလား။ နင်ကော အိမ်ထောင်ကျနေပြီလား။ စီးပွားရေးကော အဆင်ပြေကြတယ်မဟုတ်လား"

လိုင့်စကားများတွင် တုန်တုန်ယင်ယင်ရှိလှသည်။ လိုင့်ကလေးနှစ်ယောက်က ကျွန်တော်နှင့် ကိုဦးကို တည်တည်ကြီးကြည့်နေကြသည်။

"လိုင် နင်ဈေးရောင်းတာကော အဆင်ပြေရဲ့လား"

စာမျက်နှာ ၂၅ သို့ ➤

တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၆၂၅ ဧကစိုက်ပျိုးပြီးစီး

ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

တမူး ဒီဇင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၆၂၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။

တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေ ၂၁၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၆၂၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ တမူးခရိုင်မှာ ဆီထွက်သီးနှံဖြစ်တဲ့ မြေပဲကေ ၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ ဆက်လက်လဲ စိုက်ပျိုးလျက်ရှိပါတယ်။ မြေပဲစိုက်ပျိုးရာမှာလဲ တစ်ဧကအထွက်နှုန်းတိုးဖို့အတွက် ဆောင်ရွက်ပေးပါတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် ယခုနှစ် မြို့နယ်အလိုက် မြေပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ၄၂၅ ဧက၊ တမူးမြို့နယ်တွင် ဧက ၅၅၀ နှင့် ခါမ်းပါတ်မြို့တွင် ဧက ၆၅၀ စုစုပေါင်း ၁၆၂၅ ဧကဖြစ်ကြောင်း သိရသည်။

တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ဧက ၄၀၀၊ တမူးမြို့နယ်တွင် ဧက ၇၀၀ နှင့် ခါမ်းပါတ်မြို့တွင် ဧက ၁၀၅၀ စုစုပေါင်းဧက ၂၁၅၀ ဖြစ်ကြောင်း သိရသည်။

တမူးခရိုင်တွင် ယခုနှစ် မိုးမြေပဲ အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

မက်မန်းမြို့နယ် ရောင်အူကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

မက်မန်း ဒီဇင်ဘာ ၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းခရိုင် မက်မန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ရောင်အူကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မက်မန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး မိုင်းညီဇော်လှအောင်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ ရောင်အူကြီးကျေးရွာတွင် အရှည် ပေ ၈၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းကြရန် မှာကြားပြီး ကျေးရွာ၏တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပုံပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၇ ဒသမ ၂၇ သန်းအသုံးပြုကာ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် သြဂုတ်လ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မောင်စိုင်

➤ **စာမျက်နှာ ၂၄ မှအဆက်**

"ပြေတယ်လဲမဟုတ်ပါဘူး ရဲနိုင်ရယ်။ ဒီလိုပဲ ရှုန်းကန်နေရတာပေါ့။ ဒါနဲ့ ရဲနိုင် ကြုံတုန်းလေး နင့်ကို ငါတောင်းပန်ပါတယ်ဟယ်။ တကယ်တော့ တစ်ချိန်က နင်ပြောခဲ့တဲ့စကားတွေက ငါ့အတွက်ဆိုတာ ငါ အခုမှ သိခဲ့ရတာ။ ရည်းစားထားတာကအစ အိမ်ထောင်ပြုတာအဆုံး ဘာပဲဖြစ်ဖြစ် ငါ အမှားကြီးမှားသွားခဲ့တယ်ရဲနိုင်ရယ်။ တကယ်တော့ ငါ နင့်ကိုအရှဲ့တိုက်ခဲ့မိတာ"

"ဘာတွေပြောနေတာလဲလှိုင်ရာ နင်ကဘာတွေ အရှဲ့တိုက်ခဲ့လို့တုံး"

"ဒီလို ရဲနိုင်ရဲ့ ဟိုတုန်းကလူကြီးတွေက နင်နဲ့ ငါ့ကို အိမ်ထောင်ချပေးဖို့ ငါ့ကိုနားချကြတယ်လေ။ ဒါပေမဲ့ အဲဒီတုန်းက ငါ့အတွေးထဲ နင်က ငါ့ကိုဆိုရင် အရာရာ ချုပ်ချယ်တယ်။ ဟိုဟာက မသင့်တော်ဘူး။ ဟို မသွားနဲ့ ဒီမသွားနဲ့ဆိုပြီး စည်းကမ်းချက်တွေ သိပ်ကြီးတယ်။ နင်နဲ့သာ အိမ်ထောင်ပြုလိုက်ရင် ငါမလွတ်လပ်နိုင်ဘူးဆိုပြီး ငါထင်ခဲ့မိတယ်။ ငါ့ကို အလိုလိုက် အကြိုက်ဆောင်တဲ့ ကိုသာတင့်နောက် ငါလိုက်ပြေးခဲ့မိတာ။ တကယ်တော့ ငါ့အထင်နဲ့အမြင် တလွဲဖြစ်ခဲ့ရတယ် ရဲနိုင်။ လူတွေ အကြောင်းကိုလဲ နောက်မှ ငါသိခဲ့ရတယ်။ အချို့ယောကျ်ားတွေက မိန်းမတွေကို မရခင်တုန်းကတော့ ခေါင်းပေါ်တင် ဖျာလိုရွက်နဲ့ အလိုလိုက် အကြိုက်ဆောင်တတ်ကြသလောက် ရလဲရကော ဖျာလိုခင်း နင်းလို့ချေ သူတို့လုပ်ချင်ရာလုပ် ထားရာနေစေရာသွားပေါ့ဟာ။ ယောကျ်ားမှန်ရင် အသောက်အစားနဲ့ မကင်းဘူးဆိုတဲ့ လူဖျင်းလူညံ့တွေရဲ့ လက်သုံးစကားနဲ့ပြော တစ်စတစ်စနဲ့ပျက်စီးကြ၊ အိမ်ထောင်ရေးဘာမှပြန်မကြည့်ကြ၊ တာဝန်မကျေကြသလောက်ယူထားတဲ့ မိန်းမတွေအပေါ် နိုင်ထက်စီးနင်းနဲ့။ ဘို ငါ့အမှားတွေက အများကြီးပါပဲ ရဲနိုင်ရယ်။ နင်ပြောတဲ့စကားတွေ သိပ်မှန်တယ်ရဲနိုင်။ မိန်းကလေးဆိုတာ စဉ်းစားနိုင်မှ တော်ရဲ့ကျတယ်ဆိုတဲ့စကားလေ။ တကယ်ကိုပဲ မိန်းကလေးဆိုတာ အစစအရာရာ စဉ်းစားနိုင်မှတော်ရဲ့ ကျတာ။ အထူးသဖြင့် အိမ်ထောင်ပြုတဲ့အခါမျိုးလိုပေါ့ ရဲနိုင်ရယ်။ ရောင်းကုန်ရှုံးရင် တစ်ခေါက်ဆိုပေမဲ့ လင်ကုန်ရှုံးတော့ တစ်သက်လုံးလေ။ အခု ငါက လင်ကုန်ရှုံးခဲ့တာ။ ငါ တစ်သက်လုံး ဒုက္ခတွေချည်းကြုံခဲ့ရတာ"

ပြောပြောဆိုဆိုပင် လှိုင်ပါးပြင်ထက်တွင် မျက်ရည်များစီးကျလို့နေသည်။ ကျွန်တော် လှိုင်ကိုအားပေးနှစ်သိမ့်ပေးခဲ့သည်။ လှိုင်လိုအပ်တာကူညီပေးခဲ့သည်။ လှိုင်က ကျွန်တော့်ကိုအားနာကြောင်းပြောရင်း မယူချင့်ယူချင်ဖြင့် ကျွန်တော်ပေးခဲ့သည့် ငွေတချို့ကိုယူရင်း ကျွန်တော့်ကို ကျေးဇူးတင်ကြောင်းပြောပါ၏။ ဘာပဲဖြစ်ဖြစ် လှိုင်တို့မိသားစုကလေး ကျွန်တော်တတ်အားသရွေ့ ပံ့ပိုးပေးခဲ့သည့် ငွေတချို့ကြောင့် အလုပ်အကိုင် အရင်းအနှီးတစ်ခုခုတော့ အဆင်ပြေပြေလုပ်ကိုင်နိုင်မှာ အသေအချာပင်ဖြစ်ပေလိမ့်မည်။

သံသရာခရီးသည် သတိရှိကွယ်

- ကုသိုလ်ကံ အရှိန်တောက်
ရောက်ခဲ့ရ ဤလူရွာ၊
အတ္တကို ရှောင်ကြဉ်လျက်
ရှေ့ဆက်ကြပါ။
လူ့ဘဝ ဇာတ်ခုံမှာ
အလွှာစုံ မြင်နေရ၊
အကုသိုလ် စရိုက်ဆိုးကို
ရိုက်ချိုးပယ်ကြ။

- ဘဝမှာ အသိတွဲပါမှ
ဒုက္ခဝဲက လွတ်နိုင်ပေ၊
တစ်နေ့သော် အချိန်ကျ
ပြန်ရမယ်လေ၊
လူဖြစ်ခိုက် ကုသိုလ်ဖွေ
စေတနာ ဖြူစင်ဖွေး၊
ရင်ထဲတွင် မေတ္တာကိန်းဖို့
စောင့်ထိန်းစို့လေး။

- သောကတွေ ကင်းဝေးဖို့
ပေးလျှလို့ စိတ်ကိုပြင်၊
ဝိပဿနာ တရားမြတ်
ရှုမှတ်ဖို့ပင်၊
အနတ္တ အရိပ်ထင်
ဉာဏ်ဆင့်လျှင် ဘဝသိမ်း၊
သံသရာ မလည်ရလို့
ဒုက္ခချုပ်ငြိမ်း။ ။

ခင်နွဲ့မှူ(ပုလဲ)

မလှိုင်မြို့နယ် ကျွဲကျောင်း(တောင်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မလှိုင် ဒီဇင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှစ်ရွာတစ်ယူနစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျွဲကျောင်း(တောင်)+ ကျွဲကျောင်း(မြောက်)ကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက ကျွဲကျောင်း(တောင်)ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများကို တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၇ သန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၇ ဦးကို ငွေကျပ် ၄၇သန်းထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

စာပေမြင့်မှ လူမျိုးတင့်မည်

ဆိုဆုံးမလွယ်သူဖြစ်ပါစေ

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းလိုလို မိမိနိုင်ငံ၏ လူငယ်များကို အနာဂတ်ခေါင်းဆောင်များဟု သတ်မှတ်ထားကာ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာနများ၊ ကျောင်းများ၊ အသင်းများက နည်းလမ်းအမျိုးမျိုးဖြင့် လုပ်ဆောင်နေကြသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံတွင်လည်း လူငယ်များကို လေ့ကျင့်ပျိုးထောင်မှုမှာ ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာကျောင်းများ၊ ကောလိပ်၊ သိပ္ပံ၊တက္ကသိုလ်များက နည်းအမျိုးမျိုးဖြင့် လေ့ကျင့်ပျိုးထောင်ပေးနေသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံတွင် အခြေခံပညာကဏ္ဍ၌ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းပေါင်း ၄၀၀၀၀ ကျော်တွင် ကျောင်းသား၊ ကျောင်းသူပေါင်း ရှစ်သန်းခန့် ပညာသင်ကြားနေကြသည်။

(အထက်တန်း) အဆင့်မြင့်ပညာကဏ္ဍတွင် တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံပေါင်း ၁၅၇ ကျောင်းရှိသည်ဟု သိရပြီး ကျောင်းသား၊ ကျောင်းသူပေါင်း နှစ်သန်းခန့် ပညာသင်ကြားနေကြသည်ကို တွေ့ရှိရပါသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရက ပညာရေးဝန်ကြီးဌာန၊ မြန်ကြားရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းပြီး လူငယ်တွေ့ဆုံပွဲ၊ လူငယ်စာဖတ်ဝိုင်း၊ လူငယ်လေ့ကျင့်ပြုစုပျိုးထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် လုပ်ဆောင်နေသည်ကို တွေ့ရှိရသည်။

ကျောင်းများက ဆိုင်းဘုတ်များဖြင့် လှုံ့ဆော်ဖော်ပြထားသည်မှာ "ကာယ၊ ဉာဏ၊ စာရိတ္တ" ဟူ၍ လည်းကောင်း "စိတ်ဓာတ်၊စည်းကမ်း၊ပညာ"ဟူ၍ လည်းကောင်းဖြစ်သည်။ ကျောင်းများတွင် ဆရာသမား၊ လူကြီး၊ မိဘများ၊ စာရေးဆရာ၊ ကဗျာဆရာများ၊ ဘာသာရေးအသင်းအဖွဲ့အမျိုးမျိုးမှ ပုဂ္ဂိုလ်ကြီးများကလည်း လူငယ်တို့အခြေခံ ဗလငါးတန်ကို ဟောပြောပို့ချ ညွှန်ပြဆုံးမကြသည်ကို လေ့လာတွေ့ရှိရသည်။

ဗလငါးတန်မှာ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဟူ၍ ဖြစ်သည်။

အမျိုးသားပညာဝန် ဆရာကြီး ဦးဗိုးကျားကမူ လူငယ်တို့ လက်ရုံးရည်၊ နှလုံးရည်၊ ပညာရည် ဟူ၍ အတိုဆုံးဖော်ပြထားသည်ကို တွေ့ရှိရသည်။

မည်သို့ဆိုစေ လူကြီးသူမ၊ ဆရာသမားတို့၏ ဦးတည်ချက်မှာ လူငယ်တို့ လိမ္မာယဉ်ကျေးပြီး တိုင်းချစ်၊ ပြည်ချစ်စိတ်၊ နိုင်ငံချစ်စိတ်များ ကိန်းအောင်းမွေ့လျော်ပြီး မိမိတိုင်းပြည်၊ မိမိလူမျိုးကြီးပွားတိုးတက်စေရန်အတွက် နည်းလမ်းအမျိုးမျိုးနှင့် ဆောင်ရွက်ကြစေရန်ဖြစ်သည်။

ဆရာကြီးမင်းသုဝဏ်၏ လူငယ်ရေးရာဆောင်းပါး တစ်ပုဒ်တွင် အနောက်နိုင်ငံများ၌ အထူးသဖြင့် အမေရိကန်နိုင်ငံတွင် ကျောင်းသား လူငယ်ဂုဏ်ရည်ကို ၃၉ ပုဒ်ဖြင့် ဖော်ပြထားကြောင်း တွေ့ရသည်။ ၎င်းဂုဏ်ရည်တို့မှာ-

၁။ အကောင်းအမြတ်ကို သိမြင်ခြင်း (Appreciation of the beautiful)
၂။ သတိရှိခြင်း (Caution)
၃။ ကြည်လင်ရွှင်ပျခြင်း (Cheerfulness)
၄။ သန့်ပြန့်စင်ကြယ်ခြင်း (Cleanliness)
၅။ ပူးပေါင်းဆောင်ရွက်ခြင်း (Cooperation)
၆။ စွဲမြဲစူးစိုက်ခြင်း (Concentration)
၇။ ရောင့်ရဲတင်းတိမ်ခြင်း (Contentment)
၈။ ရဲရင့်သတ္တိရှိခြင်း (Courage)
၉။ ယဉ်ကျေးသိမ်မွေ့ခြင်း (Courtesy)
၁၀။ သိချင်တတ်ချင်စိတ်ရှိခြင်း (Curiosity)
၁၁။ ဝတ္တရားကျေခြင်း (Duty)
၁၂။ ကြိုးစားအားထုတ်ခြင်း (Effort)
၁၃။ မိတ်ဖွဲ့စိတ်ရှိခြင်း (Friendliness)
၁၄။ ပေးကမ်းစွန့်ကြဲခြင်း (Generosity)
၁၅။ ကျေးဇူးသိခြင်း (Gratitude)
၁၆။ ကူညီရိုင်းပင်းခြင်း (Helpfulness)
၁၇။ ပျော်ရွှင်ခြင်း (Happiness)
၁၈။ ရိုးသားဖြောင့်မတ်ခြင်း (Honesty)
၁၉။ နှိမ့်ချစိတ်ရှိခြင်း (Humility)

❖ ဗလငါးတန်မှာ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဟူ၍ ဖြစ်သည်။ အမျိုးသားပညာဝန် ဆရာကြီး ဦးဗိုးကျားကမူ လူငယ်တို့ လက်ရုံးရည်၊ နှလုံးရည်၊ ပညာရည်ဟူ၍ အတိုဆုံးဖော်ပြထားသည်ကို တွေ့ရှိရသည်။ မည်သို့ဆိုစေ လူကြီးသူမ၊ ဆရာသမားတို့၏ ဦးတည်ချက်မှာ လူငယ်တို့ လိမ္မာယဉ်ကျေးပြီး တိုင်းချစ်၊ ပြည်ချစ်စိတ်၊ နိုင်ငံချစ်စိတ်များ ကိန်းအောင်းမွေ့လျော်ပြီး မိမိတိုင်းပြည်၊ မိမိလူမျိုးကြီးပွားတိုးတက်စေရန်အတွက် နည်းလမ်းအမျိုးမျိုးနှင့် ဆောင်ရွက်ကြစေရန်ဖြစ်သည်။ ဆရာကြီးမင်းသုဝဏ်၏ လူငယ်ရေးရာဆောင်းပါး တစ်ပုဒ်တွင် အနောက်နိုင်ငံများ၌ အထူးသဖြင့် အမေရိကန်နိုင်ငံတွင် ကျောင်းသား လူငယ်ဂုဏ်ရည်ကို ၃၉ ပုဒ်ဖြင့် ဖော်ပြထားကြောင်း တွေ့ရသည်။ ဂုဏ်ရည်တို့မှာ-

၂၀။ ဉာဏ်ကွန့်မြူးခြင်း (Imagination)
၂၁။ လုံ့လဝီရိယရှိခြင်း (Industry)
၂၂။ တရားမျှတခြင်း (Justice)
၂၃။ သနားကြင်နာခြင်း (Kindness)
၂၄။ ခေါင်းဆောင်ခြင်း (Leader Ship)
၂၅။ သစ္စာစောင့်ထိန်းခြင်း (Loyalty)
၂၆။ ချစ်ခင်မြတ်နိုးခြင်း (Love)
၂၇။ ဆုံးမနာယူခြင်း (Obedience)
၂၈။ စနစ်စည်းကမ်းရှိခြင်း (Orderliness)
၂၉။ သည်းညည်းခံခြင်း (Patience)
၃၀။ ဇွဲကောင်းခြင်း (Perseverance)
၃၁။ အချိန်မှန်ခြင်း (Punctually)
၃၂။ ကိုယ်ထူကိုယ်ထလုပ်ခြင်း (Self-reliance)
၃၃။ ခြိုးခြံချွေတာခြင်း (Thrift)
၃၄။ ပညာဉာဏ်ရှိခြင်း (Wisdom)
၃၅။ ကောင်းဆိုး ပိုင်းခြားသိမြင်ခြင်း (Tact)
၃၆။ ကြံရည်ဖန်ရည်ရှိခြင်း (Resourcefulness)
၃၇။ မြဲမြံခိုင်ခံ့သောစိတ်ရှိခြင်း (Steadfastness)
၃၈။ ယုံကြည်မှုရှိခြင်း (Faith)
၃၉။ ရယ်ရွှင်မှုကိုနားလည်ခြင်း (Humour)

တို့ဖြစ်သည်။

အမှန်တကယ်ဆိုလျှင် ဤဂုဏ်ရည်များသည် အသေးစိတ်ပြောပြထားခြင်းဖြစ်သည်။ ချုပ်လိုက်လျှင် ကာယ၊ ဉာဏ၊ စာရိတ္တပင် ဖြစ်သည်။ တစ်နည်း "စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ" လည်းဖြစ်သည်။

ဤဂုဏ်ရည်များအနက် ရှေးဦးစွာ လူငယ်များ ဆုံးမနာယူခြင်း(Obedience)အကြောင်းကို ဖော်ပြလိုပါသည်။ လူငယ်များအတွက် ဆရာသမား၊ မိဘ၊ ဘိုးဘွား၊ လူကြီးသူမများက လိမ္မာယဉ်ကျေးစေရန် ဆုံးမတတ်ကြသည်။ လူကြီးတို့၏ ဆိုဆုံးမမှုကို နာခံတတ်မှုသည် မင်္ဂလာတစ်ပါးဖြစ်သည်။

မြန်မာတို့ အစဉ်အလာ ဆုံးမစာများသည် အင်းဝခေတ်ကပင် စတင်ပေါ်ထွန်းခဲ့သည်။ စာသင်သားလောကတွင် လူငယ်မောင်မယ်များ နာယူလိုက်နာရန် ဆုံးမစကားတို့များစွာရှိခဲ့သည်။ လောကသာရပျို့တွင် ဆရာရခိုင်သူမြတ်က-

"အသက်ရှည်စွာ၊ အနာမဲ့ကြောင်း
ကောင်းလှစေချင်၊ ပဲ့ပြင်နိစ္စ
ကွပ်ဆုံးမသား၊ မိဘဆရာ
စကားနာ၍၊ ကျမ်းစာသိမြင်
တတ်အောင်သင်လော့. . . "

ဟူ၍ မိဘဆရာတို့၏ ဆုံးမစကားကိုနားထောင်၍ ကျမ်းစာကိုတတ်အောင် သင်ယူပါဟူ၍ ဆုံးမခဲ့သည်။ ဆရာတော်က ဆက်၍

"ပေါ်လွင်မပြ၊ ကောင်းရာတုလျက်
ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍
ကောင်းကျိုးကိုယ်၌တည်စေမင်း"

ဆရာတော်၏ဆုံးမစကားကို လူငယ်မောင်မယ်များ လိုက်နာလျက် ကောင်းရာကို အတုယူကြရန်။ ကောင်းမှုကို မြတ်နိုးရန်၊ ကောင်းကျိုးကိုယ်မှာ တည်ရန် ကြိုးစားသင့်သည်။

ဆရာတော် ရှင်မဟာရဋ္ဌသာရကလည်း

"ဟုတ်သောအကြံ၊ မှန်သောအကျင့်
သင့်သောအယူ၊ ပြူသောနှလုံး
သူတော်ထုံးကို၊ စွဲသုံးသောထွေ
မှန်လှစေ"

ဟူ၍ စာသင်သားတို့ကို ဆုံးမတော်မူသည်။ ဆုံးမစကားကိုနာယူကာ သူတော်ကောင်းတို့၏ထုံးကို နှလုံးမူလျက် ဟုတ်သောအကြံတို့ကိုကြံစည်ရန်၊ မှန်သောအကျင့်ကိုကျင့်ရန်၊ သင့်တော်သောအယူကိုယူရန် နှလုံးသားပြူစင်အောင်ကြိုးပမ်းအားထုတ်သင့်ပါသည်။

ဆရာသမားမိဘများက ကောင်းစေလိုလျှင် သွန်သင်ဆုံးမသောစကားကို နားထောင်လျှင်-

"ရင်ဝယ်ဖြစ်ငြား မွေးသည့်သားကို
မယ်ဘွားမိခင် ဆုံးမသင်သို့
အကြင်ဆရာ တို့သူငါကို
လိမ္မာစေကြောင်း ကောင်းပါစေလို
ဆိုပါသမျှ ဩဝါဒကို
နားမျှမထောင် မကြားယောင်သို့
မောင်တို့ပြုက ယခုပစ္စုပ္ပန်
နောင်သံသရာ ဆက်များစွာ၌
ချမ်းသာမည်ရေး အလွန်ဝေးသည်"

ဆရာ၏ဆုံးမစကားကို နာယူလိုက်နာခြင်းမရှိဘဲ တလွဲလုပ်ကိုင်ပြုမူခဲ့လျှင် ယခုဘဝနောင်သံသရာ အဆက်ဆက်တွင် ချမ်းသာမည်မဟုတ်ကြောင်း ဆရာတော်က ဆုံးမခဲ့၏။

"ဓမ္မပဒ၊ ပဏ္ဏိတဝဂ်"တွင်

"အပြစ်ကိုဖော်ပြပြီး နှိပ်၍ ဆိုဆုံးမသော ပညာရှိကို မြေတွင်မြှုပ်ထားသော ရွှေအိုးကိုညွှန်ပြပေးသူဟူ၍ မှတ်ယူရာ၏"ဟူ၍ ဖော်ပြထားသည်ကို လူငယ်များ အထူးမှတ်သားသင့်ပါသည်။ ကြီးသူဖြစ်စေ၊ ငယ်သူဖြစ်စေ မိမိမှားယွင်းမှုကို ထောက်ပြဝေဖန်လျှင် စိတ်မဆိုးသင့်ပါ။ ရွှေအိုးပြသူဟူ၍ မှတ်ယူသင့်ပါသည်။

တစ်ရံရောအခါ ရှင်သာရိပုတ္တရာသည် မြို့တွင်းသို့ကြွရန် သင်္ကန်းကိုသေချာစွာမရုံဘဲ ကျောင်းတဲမှ ထွက်လာတော်မူသည်။

သင်္ကန်းဝတ်ရုံမညီမညာဖြစ်နေသည်ကို တွေ့မြင်မိသော ခုနစ်နှစ်အရွယ်သာမဏေယ် တစ်ပါးက

"အရှင်ဘုရား သင်္ကန်းမညီမညာဖြစ်နေပါသည်" ဟု လျှောက်ထားလေသည်။ ထိုအခါ ရှင်သာရိပုတ္တရာသည် ကျောင်းသို့ပြန်ကြွ၍ သင်္ကန်းကို အဝန်းညီစွာ ဝတ်ရုံပြီး သာမဏေယ်ကို-

"ဒီလောက်ဆိုလျှင် သင့်တော်ပြီလား"ဟူ၍ လက်အုပ်ချီကာ ရှိသေစွာမေးလေသည်။ သာမဏေယ်က-

"သင့်တော်ပါပြီဘုရား"ဟု လျှောက်ထားမှ မြို့တွင်းသို့ ဆက်လက်ကြွသွားတော်မူပါသည်။

ဤအဖြစ်အပျက်သည် လွန်စွာမှတ်သားနာယူထိုက်သည်။ လူငယ်မောင်မယ်များသည် လူကြီးသူမတို့က ဆိုဆုံးမလျှင် နာယူလွယ်သောသူများဖြစ်အောင် ကြိုးစားကြရပါမည်။ မိမိထက်ကြီးသူဖြစ်စေ၊ ငယ်သူဖြစ်စေ မိမိအကျိုးကိုမျှော်ကိုးလျက် ပြောဆို၊ ဝေဖန်၊ အကြံပြုဆုံးမလာပါလျှင် လွယ်လင့်တကူ လက်ခံ၍ ပြုပြင်ရန် အထူးလိုအပ်သည်။

ဘုရား၏သားတော်ရာဟုလာသည်

"သဲအစုကို လက်ဝါးပေါ်တင်ထား၍ ဤသဲလုံးများနှင့်အမျှ ငါ့ကိုဆိုဆုံးမမည်သူ ဆရာရလျှင် တော်လေစွ"ဟု တောင့်တခဲ့ဖူးပါသည်။ ရာဟုလာထုံးကို နှလုံးမူသင့်ပါသည်။

လူငယ်မောင်မယ်များ ရာဟုလာ၏ စိတ်ဓာတ်မျိုး မွေးနိုင်ကြပါစေသတည်း။ ဆိုဆုံးမလွယ်သောသူများ ဖြစ်ပါစေသတည်း။

ကိုးကား

– **အခြေခံပညာသိကောင်းစရာ ဦးမြကျော်**

အောင်ကြည်ညွှန့်(တက္ကသိုလ်)

ဘားအံမြို့နယ်တွင် ဘက်စုံသုံးခန်းမ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

ဘားအံ ဒီဇင်ဘာ ၃

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကော့ဒါန်းမယ် ကျေးရွာ၌ ဘက်စုံသုံးခန်းမ ခြံစည်းရိုးကာရံခြင်း လုပ်ငန်းပြီးစီးမှုကို ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် အတူ ကော့ဒါန်းမယ်ကျေးရွာ၌ ဘက်စုံသုံးခန်းမ ခြံစည်းရိုးကာရံခြင်း လုပ်ငန်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ပိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့သည်။

ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကော့ဒါန်းမယ် ကျေးရွာရှိ ဘက်စုံသုံးခန်းမကို အရှည်ပေ ၂၈၀၊ အမြင့် ၎င်းပေရှိ အုတ်ခြံစည်းရိုးကာရံခြင်း၊ အရှည် ၂၅၈ ပေ၊ အမြင့် ၎င်းပေရှိ သွပ်ဆူးကြိုးကာရံခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀ စုစုပေါင်း ငွေကျပ်သိန်း၁၈၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် စက်တင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီးဖြစ်ကြောင်း သိရသည်။ **ဆက်လူ**

အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့်ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝအဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ယင်းမာပင်ခရိုင်တွင် ဟင်းသီးဟင်းရွက် ၆၄၀၅ ဧက စိုက်ပျိုးပြီးစီး

ယင်းမာပင် ဒီဇင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၆၄၀၅ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် ဟင်းသီးဟင်းရွက်သီးနှံ ဧက ၁၉၄၄၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ်အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၄၀၅ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

"ဒီနှစ် ဆောင်းရာသီကာလ ယင်းမာပင်ခရိုင်မှာ ဟင်းသီးဟင်းရွက် ဧက ၁၉၀၀၀ လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၆၄၀၅ ဧက စိုက်ပျိုးပြီးနေပြီ။ ဆက်လက်စိုက်ပျိုးနေပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ ကျန်းမာရေးနဲ့ညီညွတ်တဲ့သီးနှံတွေဖြစ်စေဖို့၊ စိုက်ပျိုးရေးနည်းစနစ်တွေကို ဆောင်ရွက်ပေးတယ်။ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်းသီး၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ရုံးပတီသီး စတဲ့ ဟင်းသီးဟင်းရွက်တွေ စိုက်ပျိုးကြတယ်" ဟု ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် ဟင်းသီးဟင်းရွက်သီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၁၀၅၆ ဧက၊ ကနီမြို့နယ်တွင် ဧက ၁၂၅၀၊ ဆားလင်းကြီးမြို့နယ်တွင် ၁၆၀၉ ဧက နှင့် ပုလဲမြို့နယ်တွင် ဧက ၂၄၉၀ စုစုပေါင်း ၆၄၀၅ ဧကတို့ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၄၂၅၅ ဧက၊ ကနီမြို့နယ်တွင် ဧက ၅၇၅၀၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၆၇၀၀ နှင့်ပုလဲမြို့နယ်တွင် ၂၇၃၅ ဧက စုစုပေါင်း ဧက ၁၉၄၄၀ တို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ယင်းမာပင်ခရိုင်အတွင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

တောင်တွင်းကြီးမြို့နယ် တလုပ်ပင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

တောင်တွင်းကြီး ဒီဇင်ဘာ ၃

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် တောင်တွင်းကြီးမြို့နယ် တလုပ်ပင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၂ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်နှင့်တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ တလုပ်ပင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေး ကျေးရွာကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြစေလိုကြောင်း မှာကြားခဲ့သည်။

တလုပ်ပင်ကျေးရွာ၌ အရည် ၆၃၇ ပေ၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပုံပိုးရန်ပုံငွေကျပ် ၁၅ သန်းနှင့် ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် ၁ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာနေပြည်သူများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ ပထမပတ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းပြီးစီးပြီဖြစ်သည့် အတွက် တလုပ်ပင်ကျေးရွာရှိ အိမ်ခြေ ၅၁ အိမ်၊ လူ ၁၉၆ ဦးတို့ ရာသီမရွေးသွားလာရလွယ်ကူလာမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်ထံမှ သိရသည်။ **နွဲ့ယဉ်**

ယိမ်းအက

ကိုဇော်ဌေး(ယဉ်ကျေးမှု)

တစ်ကိုယ်ကောင်းမဆန်သော၊ အတ္တကင်းသော၊ အစုအဖွဲ့တစ်ခု၏ ပူးပေါင်းဆောင်ရွက်မှုသဘောကို ပြဆိုသောကြောင့် ကျွန်တော်တို့သည် ယိမ်းတင်ဆက်မှုကို သဘောကျနှစ်ခြိုက်အားပေးကြသည်။ ယိမ်းအကဆိုသည်နှင့် လူတစ်ဦးထက်ပိုမိုကပြသောအကဟု နားလည်ကြသည်။

ယိမ်းအကသည် မြန်မာ့ဇာတ်သဘင်အစီအစဉ်များစွာတို့အနက် အရေးပါသောကဏ္ဍမှပါဝင်လာသည်ကိုလည်း ငြင်းဆိုကြမည်မထင်ပါ။ မြန်မာယိမ်းအကသည် ပညာရပ်တစ်ခုအနေဖြင့် ဖြန့်ကြက်နိုင်ခြင်း၏ နောက်ကွယ်တွင် လေးနက်သောတန်ဖိုးများစွာရှိသည်။ လူတို့သည် တစ်ဦးတည်းနေသောအခါဖြစ်စေ၊ အများနှင့် စုပေါင်းနေသောအခါဖြစ်စေ ပတ်ဝန်းကျင်နှင့်ကင်းကွာနေ၍မရပေ ပတ်ဝန်းကျင်၏ဆွဲငင်အား၊ တွန်းကန်အားများကြောင့် သက်ရှိလူတို့သည် ခံစားချက်အမျိုးမျိုးကို စိတ်တွင်ဖြစ်ပေါ်ခံစားလာကြသည်။ ထိုခံစားချက်များကို ကိုယ်တိုင်ဖော်ထုတ်ပြသလိုသော်လည်းကောင်း၊ အများသိစေလိုသော်လည်းကောင်း ကိုယ်အင်္ဂါအစိတ်အပိုင်းများကို လှုပ်ရှား၍ သရုပ်ဖော်ကြသည်။ ထိုလှုပ်ရှားချက်များကို ခံစားသရုပ်ဖော်ရာ၌ ကြည့်ရှုရသူများ၏အာရုံကို ဖမ်းစားနိုင်စေရန် ကိုယ်အင်္ဂါအစိတ်အပိုင်းများဖြစ်ကြသည့် ခေါင်း၊ ခါး၊ ခြေ၊ လက် စသည်တို့ကို ချောမောပြေပြစ်စွာလှုပ်ရှားခြင်းဖြင့် အကမည်လာခဲ့သည်။ အကကိုနောက်တစ်ဆင့်တက်၍ အများစုပေါင်းကာ ချောမောပြေပြစ်စွာ လှုပ်ရှားခြင်းဖြင့် ယိမ်းအကဖြစ်ပေါ်လာတော့သည်။ စင်စစ် ယိမ်းအကသည် လူတို့၏ပေါင်းစုခြင်း ဓလေ့စရိုက်သဘာဝနှင့် အနီးစပ်ဆုံးဆက်စပ်နေသော လှုပ်ရှားမှုပင်ဖြစ်သည်။

ယိမ်းအက၏စတင်ရာသည် သမိုင်းဦးကာလ စုပေါင်းကခုန်ခြင်းမှ ဖြစ်တည်လာခဲ့သည်။ အောင်ပွဲတစ်ခုကိုခံယူရင်း အမဲလိုက်အက၊ စစ်သည်တော်အက၊ ထွန်ယက်စိုက်ပျိုးတမန်းနိုးအက စသည်တို့ဖြစ်တည်လာခဲ့သည်။ ထိုမှ ညီညီညာညာ၊ တစ်ဖန် တေးဂီတ ရောစွက်မှု၊ ပိုမိုဖွံ့ဖြိုးသောကြံဆမှု၊ ဆန်းသစ်တီထွင်မှုတို့သည် ယိမ်းနယ်ပယ်ကို ကျယ်ပြန့်စေခဲ့သည်။

တရုတ်နိုင်ငံ ထန်မင်းဆက်မှတ်တမ်းအရ ခရစ်နှစ် ၈၀၁- ၈၀၂ ခုနှစ်တွင် ချန်အန်းမြို့တော်သို့ ရောက်ရှိသွားခဲ့သည့် ပျူဘုရင်ယုန်ချန်ကိုယ်တိုင် ခေါင်းဆောင်၍ ညီတော်သီရိမြို့စား သုနန္ဒမင်းသားလည်း လိုက်ပါခဲ့သည့် သဘင်ပညာရှင်များမှတ်တမ်းအရ မြန်မာအက၏ ရောင်နီဦးစကာလကတည်းက မြန်မာအကနှင့်အတူ ယိမ်းအကပေါ်ထွန်းခဲ့ပြီးဖြစ်သည်ကို သိနိုင်သည်။ ၎င်းကို "တေးသီချင်းသီဆိုကြသောအခါ၊ သံပြိုင်ညီညာစွာသီဆိုကြ၏။ လက်နှစ်ဖက် လက်ချောင်း ၁၀ ချောင်းကို ညီညာစွာပြန့်လိုက်၊ ညီညာစွာစုလိုက်နှင့် တေးသွားကို စည်းချက်ပေးသကဲ့သို့ပင်" ဟူသော မှတ်တမ်းစကားအရ တေးသီချင်းများကို သံပြိုင်သီဆို၍ ယိမ်းအသွင် ညီညာစွာလှုပ်ရှားမှုဟန်ပန်များ ထည့်သွင်းထားခြင်းဖြစ်သည်ဟု မှတ်ယူနိုင်သည်။

လောကနန္ဒာစေတီနှင့် မျှားစွာမကွာမလှမ်းလှသော ရွှေဖက်လိပ်၊ ငွေဖက်လိပ်စေတီတော်တို့တွင် တွေ့မြင်ရသည့် ပုဂံခေတ်အုတ်ခွက်တို့၌ ပုဂံခေတ်ကခြေသည်တို့၏ ကခုန်နေကြဟန်ပုံများ အထင်အရှားတွေ့ရသည်။ တစ်ဦးထက်ပို၍ နှစ်ဦးညီညာစွာ ကပြခြင်းသည် ယိမ်းဟု အကပညာရှင်များက ဆိုညွှန်းပြုကြ၍ ပုဂံခေတ်တွင်လည်း ယိမ်းပေါ်ပေါက်ထွန်းကားခဲ့သည်ဟု ကောက်ယူနိုင်သည်။ ပင်းယခေတ်ကာချင်းများသည် စိတ်ကိုတက်ကြွစေသည်။ အစုအဖွဲ့နှင့် ကာချင်းကို သံပြိုင်သီဆိုကြည်ပါက ကြက်သီးဖြန်းမျှခံစားရသည်။ ဂီတသမိုင်း၌ ကာချင်းကို ဝေဝေဆာဆာဖော်ပြကြသော်လည်း အကသမိုင်းတွင်မူ "ပင်းယခေတ်၌ ဒိုင်း၊ လွှား၊ ကာနှင့် ညီညာစွာ ကပြခြင်း စသောစစ်ချီယိမ်းအကများရှိခဲ့သည်"ဆိုသည့် မှတ်ချက်စကားတစ်ခွန်းကိုသာ စာပေ၌ တွေ့ရသည်။ "စစ်ချီယိမ်းအကများရှိခဲ့သည်"ဟူသည့် မှတ်ချက်အရ ပင်းယခေတ်တွင် ပုဂံခေတ်ထက် လူဦးရေပိုမိုသော ယိမ်းအကများရှိခဲ့သည်ဟု ဆိုရပါလိမ့်မည်။

ယိမ်းအကထွန်းကားခဲ့ကြောင်း မှတ်တမ်းမှတ်ရာတို့ အားနည်းခဲ့သော်လည်း "မြန်မာ့ဇာတ်သဘင် တစ်ခေတ်ပြောင်းလဲရေး"စာအုပ်တွင် "ရတနာပုံခေတ် မင်းတုန်းမင်းလျှဒါန်းသော ရွှေတိဂုံထီးတော်တင်ပွဲ၌ ယိမ်းသီချင်းနှင့်ဟန်ချင်းများ သီဆိုကပြကြသည်ဟု သိရသည်။ ထိုမင်းလက်ထက်၌ မြင်းမိုရ်ပွဲ ကျင်းပရာ ကိုယ်ရံတော် ၁၆ ဦးက လှပသောအဝတ်အစားများနှင့် ဆီမီးယိမ်းကပြကြောင်း၊ ဖော့လုံးပေါင်း၍ ထိုင်မသိမ်းနှင့် ခါးတောင်းကျိုက်ဖြင့် ကပြခဲ့ကြောင်း တွေ့ရှိရသည်"ဟု၍ တွေ့ရသည်။ ဆီမီးအကကို တစ်ဦးချင်း

မြန်မာယိမ်းအကကို တွေ့ရစဉ်။

သာမက ယိမ်းအသွင်ကပြခဲ့ကြကြောင်း သက်သေကောင်းပင်ဖြစ်သည်။ "တစ်ဦးကောင်း တစ်ယောက်ကောင်း ကပြခဲ့ကြသည်ခေတ်၊ ဇာတ်လမ်းဇာတ်ကွက်များနှင့် ကပြခဲ့သည်ခေတ်များ၏နောက်၊ စုပေါင်းကပြရာတွင် ညီညီညာညာ ယိမ်းနွဲ့လှုပ်ရှား ကပြရာမှ ယိမ်းအကပေါ်ထွက်လာခြင်းဖြစ်ဟန်ရှိသည်"ဟူသည့် ပန်တျာမြင့်အောင်၏ "မြန်မာ့အကသမိုင်း"စာအုပ်ပါ ကောက်ချက်အရ ယိမ်းအက ပေါ်ပေါက်လာပုံ အကြောင်းကို ထပ်မံသိရှိရသည်။

ယိမ်းအကပေါ်ပေါက်လာပုံကို ဦးမင်းနိုင်၏ "ပြည်ထောင်စုအကပဒေသာ"စာအုပ်နှင့် မြန်မာ့စွယ်စုံကျမ်း အတွဲ-၁၁ တို့တွင် "တကောင်းခေတ်နတ်အက၊ မြင်စိုင်းခေတ် ကာအက၊ ကုန်းဘောင်ခေတ် မြေပိုင်းအက စသည်များမှတစ်ဆင့်တက်၍ အစုအရုံးဖြင့် ကပြသည့် ယိမ်းအသွင်အကတစ်မျိုး ပေါ်ပေါက်ပေသည်။ တောကျေးလက်တို့တွင် ဘုန်းကြီးပုံ၊ ဘုရားပွဲ၊ စွယ်တော်လှည့်ပွဲ၊ အလှူ။ ဆွမ်းကြီးလောင်းစသည့်ပွဲများကျင်းပသည့်အခါ ရပ်သူရွာသားတို့ အားရဝမ်းသာစွာဖြင့် စုပေါင်းကခုန်ရာမှအစပြု၍ ယိမ်းအက ပေါ်ပေါက်လာခဲ့ပေသည်။ ဦးစွာ အမျိုးသားများသာ ကပြသည့်ယိမ်းများပေါ်ထွက်လာသည်။ ထိုယိမ်းများမှာ သိုင်းကဟန်များပါဝင်ပြီး အနည်းဆုံး ရှစ်ယောက်မှ ၁၆ ယောက်ထိ ပါဝင်ကပြလေ့ရှိပေသည်။ အမျိုးသမီးယိမ်းအကများလည်း အမျိုးသားယိမ်းများနှင့် မရှေးမနှောင်းလောက်တွင် စတင်ပေါ်ပေါက်ခဲ့ရာ အမျိုးသမီး ရှစ်ယောက်မှ ၁၆ ယောက်၊ ၂၀ ခန့်အထိ၊ ထဘီ၊ ပဝါ၊ ထိုင်မသိမ်းအင်္ကျီဆင်တူများဖြင့် ဖျာပေါ်တွင် ကလေ့ရှိခဲ့ကြပေသည်"ဟူ၍ ဖော်ပြထားသည်ကို တွေ့ရှိရသည်။ ထိုမှ ညီညာစွာ စုပေါင်းကပြသောအလေ့များ ပေါ်ပေါက်ခဲ့သည်။

ဦးဖိုးစိန်နှင့် ဦးစိန်ကတုံးတို့သည် သူတို့၏ဇာတ်အဖွဲ့များ၌ ရှေ့ထွက်ယိမ်းများကို စေ့စေ့ငုငုပြုစုကာ တင်ဆက်ကပြခဲ့ကြောင်း တွေ့ရသည်။ ဦးဖိုးစိန်က အရိုးအစဉ်တွင် ခေတ်ဟန်ပြောက်မွမ်းလျက် ဆန်းသစ်တီထွင်မှုယိမ်းများ အသားပေးကပြခဲ့သကဲ့သို့ ဦးစိန်ကတုံးကလည်း ခဲရာခဲဆစ် မြန်မာကကြိုးကကွက်များထုတ်နုတ်၍ အဆိုနှင့်ရောနှောကာ ရိုးရာပညာသရုပ်ဖော်ယိမ်းများ တင်ဆက်ခဲ့သည်။ ၁၂၇၆- ၁၂၇၇ ခုနှစ်က ဦးဖိုးစိန်ဇာတ်တွင် မင်းသမီးနှစ်လက်မှစကာ ရှစ်ယောက်ထိ ပါဝင်သောယိမ်းများကပြခဲ့ပြီး ပုဏ္ဏားယိမ်း၊ အဖျိုတော်ယိမ်း၊ မြင်းခါးပြတ်ယိမ်း၊ ဇော်ယိမ်းများ ကပြခဲ့ကြသည်။ ဦးဖိုးစိန်သည် အိန္ဒိယနိုင်ငံ ဘုံဘိုင်မြို့မှရောက်ရှိလာသည့် အင်္ဂလိပ်ကပွဲတစ်ခုတွင် မိန်းကလေးများ ညီညာစွာ ပြိုင်တူကပြကြသည့်ဟန်ကိုကြည့်ရှုခဲ့ရ၍ ၎င်း၏ဇာတ်တွင် အင်္ဂလိပ်မလေးများကိုခေါ်ယူကာ ပြိုင်တူသီဆိုကပြပုံကို နှုတ်မှ "ယိမ်းလိုက်စမ်း၊ ယိမ်းလိုက်စမ်း"ဟု သင်ကြားပေးရင်း ပြိုင်တူဆို ပြိုင်တူကသည်များကို "ယိမ်း"ဟု ခေါ်စမှတ်ပြုသည်ဟုလည်း မှတ်သားရဖူးသည်။

မြန်မာယိမ်းအကသည် ပညာရပ်တစ်ခုအနေဖြင့် မြန်မာ့သဘင်မှုနယ်ပယ်တွင် ဖြန့်ကြက်လာပြီးနောက် ပိုမိုဖွံ့ဖြိုးသော ဖန်တီးမှုသို့ကြံ့ဆလာသည်။ ထို့ပြင် သင်္ကေတဆန်သော အကဗေဒပညာရပ်ကိုလည်း ချဉ်းကပ်လာကြသည်။ ဘာသာဗေဒအဖြစ် ထိုးဖောက်ခြေဆန့်ရန် အားယူလာကြသည်။ ရသဖန်တီးမှုသဘော၊ ရသသက်ဝင်စူးရှသည်ကိုလည်း လက်သင့်ခံစေသည်။ လက်သင့်ခံစေသူတို့မှာ ပွဲကြည့်ပရိသတ်ပင်ဖြစ်သည်။ လူတို့ တွေးတောကြံစည် အားထုတ်ကြိုးပမ်းမှုမှ ပေါ်ပေါက်လာသော အဝန်းအဝိုင်းသည် လူနှင့် စပ်ဆိုင်သောပညာတစ်ရပ်ဖြစ်စေခဲ့သည်။ ထို့ကြောင့် မြန်မာယိမ်းဖြစ်စဉ်ကို လေ့လာလိုက်စားသူတို့သည် ရသဖန်တီးမှုသဘောကိုလည်း ကျွမ်းဝင်ရင်းနှီးရန် လိုအပ်သည်။ သို့မှသာ ယိမ်းသည် မည်သို့ပေါ်ပေါက်လာသည်၊ လူသည် ယိမ်းကို ဘာကြောင့်ဖန်တီးသည် ဆိုသည့်အချက်များကို သိရှိနိုင်မည်ဖြစ်သည်။ ယိမ်းကို ဖန်တီးရာ၌လည်းကောင်း၊ ကြည့်ရှုခံစားရာ၌လည်းကောင်း လူနှင့်လူပတ်ဝန်းကျင်သည် အရေးကြီးသည်ဟု သိရန်ခက်ခဲမည်ဖြစ်သည်။ ယိမ်းကို တီထွင်ကပြရန်လည်း ခက်ခဲမည်သာဖြစ်သည်။ အကြောင်းမှာ လူသည် ရသကိုခံစားတတ်သောကြောင့်ပင်ဖြစ်သည်။

ယိမ်းကိုဖန်တီးရာတွင် အနုပညာဟူသော ပညာရပ်ကို ဖန်တီးနိုင်ခဲ့ခြင်းဖြစ်သည်။ အနုပညာ၌ ရသပါသောကြောင့် ဖန်တီးနိုင်ခြင်းဖြစ်ကာ အခြားမည်သို့သောအကြောင်းခြင်းရာမျှ မကပ်ငြိ၊ မရစ်တွယ်သည်ကိုတွေ့ရသည်။ အနုပညာဟူသောဘာသာရပ်ကို တတ်မြောက်ကျွမ်းကျင် နားလည်ရန် သင့်လျော်သည်။ အနုပညာနွယ်သော ယိမ်းအကကို နာယူတတ်မြောက်ရန် အလွန်အလွန် သင့်လျော်ပြေပြစ်သည့် ခန္ဓာကိုယ်အချိုးအဆစ်ရှိသူလည်းဖြစ်သည်။ လူ၏အရပ်အမောင်းသည် ပေါ့ပေါ့ပါးပါး ရှေ့လျားကခုန်နိုင်သော အရွယ်အစားဖြစ်သည်။ ခြေခွင်၌ ရပ်တည်ခြင်းသည် ဤကမ္ဘာမြေကြီးကိုဖိုးမိုးထားသော သင်္ကေတလည်းဖြစ်သည်။ လူဦးနှောက်သည် ခေတ်သစ်စကားအရ ကွန်ပျူတာတစ်လုံးပင်ဖြစ်သည်။ အံ့သြဖွယ်ရာပင်ဖြစ်သည်။ လူဦးနှောက်က ယိမ်း၏ကိုယ်ရည်ကိုယ်သွေးအားလုံးကို ပြဋ္ဌာန်းသိုဝှက်ပေးထားသည်။

ယိမ်းသည် လူ၏ကိုယ်ရောစိတ်ပါ စပ်ဆိုင်သော အရာဖြစ်သည်။ ကိုယ်၏လှုပ်ရှားမှုကို စိတ်ကစေခိုင်းသည်။ စိတ်သည် ကကြိုးကဲ့သို့သော အနုပညာ၊ ကကွက်ကို မြင်နိုင်စွမ်းသည့်အနုပညာ၊ ယိမ်း၏လှုပ်ရှားမှုကို အလိုက်သင့်စီးမြောနိုင်စွမ်းရှိသည့် အနုပညာ၊ သီဆိုမှု၊ ပြောဆိုမှုတို့နှင့် စုံဖက်ဖိတွေ့နိုင်စွမ်းရှိသည့်အနုပညာ၊ မီး၊ အသံ၊ ဆက်တင်၊ LED တို့နှင့်ပုံဖော်မှုအနုပညာ၊ အသုံးဝင်မှုဆိုင်ရာ အနုပညာ၊ သိမ်မွေ့သည့်သဘောဆိုင်ရာအနုပညာ၊ အလှအပဆိုင်ရာအနုပညာ၊ စာပေကို ညွှန်းဆိုချီးပသည့် အနုပညာ၊ ခေတ်ကိုပုံဖော်ထုဆစ်သည့် အနုပညာ၊ ကိုယ်ကျင့်တရားဆိုင်ရာအနုပညာ စသည့်ရသဖန်တီးသက်ရောက်မှုများစွာကို စေခိုင်းနေသည်လည်းဖြစ်သည်။ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ နေထိုင်မှုပြောဆိုမှု စသည့်သဘာဝတရားကြီးက သင်ကြားသည့်အတိုင်း လိုက်နာသင်ယူကာ ရသကိုဖန်တီးခြင်းဖြစ်သည်။

ထို့ကြောင့် မြန်မာယိမ်းအက၏ ကကွက်တို့သည် ရုပ်ဘဝလိုအပ်ချက်နှင့် စိတ်ဘဝလိုအပ်ချက်များကို ဖြည့်ဆည်းပေးလိုသည့်သဘောနှင့် ပေါ်ထွက်လာခြင်းဖြစ်သည်။ ပတ်ဝန်းကျင်ထံမှ အတုယူ၍ တစ်လုံးတစ်ခဲတည်းသော ရည်ရွယ်ချက်ဖြင့် လူတို့ကို ရသပေးသည်။ ကောက်နုတ်သင်ယူခြင်းဖြင့် ယိမ်းသည် လူတို့ကောင်းမြတ်သောရသတို့ဖြင့် ညွှန်းဆိုဖွဲ့သီထားသော အနုပညာပစ္စည်းဖြစ်လာသည်။ လူတို့ပြုလုပ်ဖန်တီးသောရသကိုအကျိုးပြုသည်။ သဏ္ဌာန်လုပ်သရုပ်တူသောအသိုင်းအဝန်းနှင့်ယှက်နွယ်သည်။ အစစ်မဟုတ်သော အတုခံစားမှုကိုပေးသော်လည်း သဘာဝအလှတရားကိုရင်းနှီးစေသည့်ရသကိုမျှဝေသည်။ တစ်ခါတစ်ရံတွင်အေးစက်၍၊ တစ်ခါတစ်ရံတွင် တက်ကြွမှုကို လှုံ့ဆော်ပေးပြန်သဖြင့် ကန့်သတ်ထားသော စည်းကမ်းဘောင်ကို လက်ဆင့်ကမ်းသည်။ စေတနာပါသည်။ စေတနာသည် လောကကောင်းကျိုးကိုဖြစ်ထွန်းစေသည်။ မကောင်းသောအင်္ဂေ့အသက်များကို ချုပ်ငြိမ်းစေသည်။ ယိမ်းသည်လှရမည်၊ လှမှသာလျှင် ပရိသတ်က အလှတရားကိုခံစားနိုင်မည်။ ယိမ်းမှ ရှာဖွေပေးလိုက်သော အလှတရားသည် လူ၏ရင်ကို ငြိမ်းအေးစေသည်။ ယိမ်းသည် သြဇာကြီးမားရမည်။ ဖြန့်ဝေခြင်းနှင့်လက်ဆင့်ကမ်းခြင်းကို သြဇာကြီးမားခြင်းက လှုံ့ဆော်သည်။ ယိမ်းသည် နောင်မျိုးကို အကျိုးမပြုလျှင် အနုပညာမမြောက်ဟူသည့်လောကအိပ်မက်အဖြစ်မက်စေသည်။ ထို့ကြောင့် ယိမ်းဖန်တီးခြင်းသည် မြားမြောင်လှစွာသောရသတို့ကို တစ်ပြိုင်တည်း ရနေခြင်းဖြစ်သည်။

ကခုန်ဖျော်ဖြေမှုသည် လူသားတို့၏ လောကသဘာဝနှင့် အမြှုရှင်သန်ပေါက်ဖွားနေသောသိမ်မွေ့နူးညံ့သည့်အနုပညာဖြစ်သည်။ ကခုန်မှုအနုပညာဖြစ်သော မြန်မာယိမ်းအကသည် လှပခြင်း၊ သိမ်မွေ့ခြင်း၊ ခက်ခဲခြင်း၊ လွယ်ကူခြင်း၊ နက်နဲခြင်း၊ ရှုပ်ထွေးခြင်းတို့ဖြင့် ခြယ်မှုန်းထားသည့် အနှစ်သာရပြည့်ဝသော မြန်မာယိမ်းအကကို ချစ်ခင်နှစ်သက်အားပေးကြရန်သာဖြစ်သည်။ ထိုနည်းတူ အနှစ်သာရပြည့်ဝသော စုပေါင်းလုပ်ဆောင်သည့် မည်သည့်အလုပ်ဖြစ်ပါစေ လှပအောင်မြင်ကြမည်သာဖြစ်ပါသည်။

ကိုးကား

၁။ ပြည်ထောင်စုအကပဒေသာ(ဦးမင်းနိုင်)
၂။ မြန်မာ့အကသမိုင်း(ပန်တျာမြင့်အောင်)

ဆူမတြားကျွန်းတွင် ရေကြီးရေလျှံပြီး မြေပြိုကျမှုကြောင့် လူ ၁၂ ဦးထက်မနည်းသေဆုံး

ဂျကာတာ ဒီဇင်ဘာ ၃

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံပြီး မြေပြိုကျမှုဖြစ်ပွားသဖြင့် ဒေသခံ ၁၂ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဆူမတြားကျွန်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဆူမတြားကျွန်းတွင် ရေကြီးရေလျှံပြီး မြေပြိုကျမှုမှာ ဒီဇင်ဘာ ၁ ရက်မှစတင်၍ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မြေပြိုကျမှုကြောင့် သစ်ပင်ကြီးတချို့လဲကျခြင်း၊ ရွှံ့ညွန်များ၊ ကျောက်တုံးများ ကျရောက်ခြင်းကြောင့် လမ်းပိတ်ဆို့မှုဖြစ်ပေါ်ခဲ့ကြောင်း၊ မြစ်ရေလျှံတက်မှုများလည်း ဖြစ်ပေါ်နေပြီး မြေပြိုကျမှုများကြောင့် ကျေးလက်ဒေသတချို့မှဒေသခံများ နေရပ်ကိုစွန့်ခွာခဲ့ရကြောင်း ဆူမတြားကျွန်းအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးတော့ ရေကြီးရေလျှံမှုတွေ၊ မြေပြိုကျမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ သေဆုံးသူ ၁၂ ယောက်ထက်မနည်းရှိခဲ့ပြီးတော့ ဒေသခံအမြောက်အများ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရပါတယ်။ မြေပြိုကျမှု၊ သစ်ပင်ကြီးတွေ လဲကျမှုကြောင့် လမ်းတွေပိတ်ဆို့မှုဖြစ်ပေါ်ခဲ့ပြီး လမ်းပန်းဆက်သွယ်ရေးတွေ ပြတ်တောက်နေပါတယ်" ဟု ဆူမတြားကျွန်းအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

ရေကြီးရေလျှံမှု၊ မြေပြိုကျမှုတို့ဖြင့် အဓိကရင်ဆိုင်ခဲ့ရသော ဧရိယာမှာ စီမန့်ဂူလမ်ပီကျေးလက်ဒေသဖြစ်ပြီး ယျက်စီးခဲ့သောနေအိမ်အများစုမှာလည်း စီမန့်ဂူလမ်ပီကျေးလက်ဒေသမှ ဖြစ်ကြောင်းလည်း သိရသည်။

ဆူမတြားကျွန်းတွင် နေထိုင်သည့် ဒေသခံများမှာ တောင်ခြေများ သို့မဟုတ် မြေညြောကောင်းသည့် ရေလွှမ်းဒေသများတွင် အများအပြားနေထိုင်သောကြောင့် မိုးရာသီကာလရောက်တိုင်း ရေဘေးအန္တရာယ်ဖြင့် ဆိုးရွားစွာ ရင်ဆိုင်ရခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : Sai Sat

ကနေဒါနိုင်ငံ ဗန်ကိုးဗားကျွန်းတွင် မိုးသည်းထန်စွာ ရွာသွန်းနေသဖြင့် ရေကြီးရေလျှံမှုဖြစ်ပေါ်လာနိုင်

အော့တာဝါ ဒီဇင်ဘာ ၃

ကနေဒါနိုင်ငံ ဗန်ကိုးဗားကျွန်းတွင် ဒီဇင်ဘာ ၂ ရက်မှစတင်၍ မိုးသည်းထန်စွာရွာသွန်းနေသဖြင့် ကိုဝီချန်မြစ်ရေပမာဏ မြင့်တက်လာသည်အတွက် လာမည့်ရက်ပိုင်းအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်လာနိုင်ကြောင်း ကနေဒါ ရေ၊ မြေ၊ သယံဇာတထိန်းချုပ်မှုဝန်ကြီးဌာန၏ မိုးလေဝသခန့်မှန်းတိုင်းတာရေးစင်တာက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဗန်ကိုးဗားကျွန်းတွင် အားကောင်းသည့် မုန်တိုင်းဝင်ရောက်လာဖွယ်ရှိနေပြီး မိုးရွာသွန်းမှုဖြစ်ပေါ်နေခြင်းမှာ မုန်တိုင်းဝင်ရောက်တော့မည့် လက္ခဏာဖြစ်ကြောင်း၊ မိုးရေချိန်လည်း ဆက်လက်မြင့်တက်လာဖွယ်ရှိနေပြီး မိုးရေချိန်မှာ လာမည့် ၄၈ နာရီအတွင်း ၁၅၀ မီလီမီတာမှ ၃၀၀ မီလီမီတာထိ မြင့်တက်လာဖွယ်ရှိနေသည့်အတွက် ရေကြီးရေလျှံမှုမှာလည်း လာမည့် ၄၈ နာရီအတွင်းဖြစ်ပေါ်လာနိုင်ကြောင်း ကနေဒါ ရေ၊ မြေ၊ သယံဇာတထိန်းချုပ်မှုဝန်ကြီးဌာန၏ မိုးလေဝသခန့်မှန်းတိုင်းတာရေးစင်တာက ထုတ်ပြန်ခဲ့သည်။

"မကြာခင်မှာ အားကောင်းတဲ့ မုန်တိုင်းဟာ ဗန်ကိုးဗားကျွန်းကို ဖြတ်သန်းတိုက်ခတ်ဖွယ် ရှိနေပါတယ်။ လာမဲ့ ၄၈ နာရီအတွင်း မုန်တိုင်းဝင်ရောက်လာဖွယ်ရှိနေပါတယ်။ ကိုဝီချန်မြစ်ရေပမာဏဟာလဲ မြင့်တက်မှုနှုန်း မြန်ဆန်နေပါတယ်"ဟု ကနေဒါ ရေ၊ မြေ၊ သယံဇာတထိန်းချုပ်မှုဝန်ကြီးဌာန၏ မိုးလေဝသခန့်မှန်းတိုင်းတာရေးစင်တာမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဗန်ကိုးဗားကျွန်းတွင် ဆိုးရွားသည့်ရေဘေးအန္တရာယ် ဖြစ်ပေါ်လာနိုင်သည့်အတွက်ကြောင့် ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအစီအစဉ်များ ပြုလုပ်သွားသင့်ကြောင်းလည်း ကနေဒါ ရေ၊ မြေ၊ သယံဇာတထိန်းချုပ်မှုဝန်ကြီးဌာန၏ မိုးလေဝသခန့်မှန်းတိုင်းတာရေးစင်တာက ဗန်ကိုးဗားကျွန်းအာဏာပိုင်အဖွဲ့အစည်းထံ အသိပေးခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

ဖိလစ်ပိုင်နိုင်ငံတွင် ပြင်းအား ၇ ဒသမ ၆ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွား

မနီလာ ဒီဇင်ဘာ ၃

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း ကမ်းရိုးတန်းဒေသများတွင် ဒီဇင်ဘာ ၂ ရက်က ပြင်းအား ၇ ဒသမ ၆ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း ဖိလစ်ပိုင်မီးတောင်နှင့် ငလျင်ဆိုင်ရာသိပ္ပံဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း ကမ်းရိုးတန်းဒေသများတွင် အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် တာဝန်ရှိသူများက ဆူနာမီသတိပေးချက်ကို ထုတ်ပြန်ခဲ့ပြီးနောက် ကမ်းရိုးတန်းဒေသရှိ အချို့ကျေးရွာများမှ ဒေသခံများမှာ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ကြရကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ကြီးကြီးမားမားပျက်စီးဆုံးရှုံးမှုနှင့် အသေအပျောက်သတင်းများကို ချက်ချင်းထုတ်ပြန်နိုင်ခြင်း မရှိသေးသော်လည်း ပြင်းအားနှင့် တည်နေရာပေါ် အခြေခံ၍ ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၊ အင်ဒိုနီးရှားနိုင်ငံ၊ ပါလာဥ ကျွန်းစုများနှင့် မလေးရှားနိုင်ငံ၏ အချို့အစိတ်အပိုင်းများတွင် ဆူနာမီလှိုင်းလုံးများ ရိုက်ခတ်နိုင်ကြောင်း ပစိဖိတ်ဆူနာမီသတိပေးဌာနက ခန့်မှန်းခဲ့ကြောင်း၊ နောက်ပိုင်းတွင် ဆူနာမီသတိပေးချက်ကို ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ ဆူရီကာအိုဒဲလ် ဆာပြည်နယ်နှင့် အရှေ့ပိုင်းဒါဗီရှိ ပြည်နယ်တို့၏ တောင်ပိုင်းကမ်းရိုးတန်းတစ်လျှောက်တွင် နေထိုင်သူများအနေဖြင့် ကုန်းတွင်းပိုင်းဒေသများသို့ ရွှေ့ပြောင်းနေထိုင်ကြရန်နှင့် ဆူနာမီလှိုင်းများဖြစ်ပေါ်နိုင်မှု မရှိသော်လည်း ဆက်လက်စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်မီးတောင်နှင့် ငလျင်ဆိုင်ရာသိပ္ပံဌာနမှ အကြီးအကဲဖြစ်သူ တယ်ရယ်စီတိုဘာကိုကိုက ပြောကြားသွားခဲ့သည်။

Ref : Sputnik News
Trs : AZH

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍတိုးတက်ရေးကို တိုးမြှင့်ဆောင်ရွက်သွားရန် COP 28 ညီလာခံတွင် နိုင်ငံပေါင်း ၁၁၇ နိုင်ငံ သဘောတူညီချက်ရရှိ

အဘူဒါဘီ ဒီဇင်ဘာ ၃

အာရပ်စော်ဘွားများပြည်ထောင်စု ဒုဘိုင်းမြို့၌ ကျင်းပနေသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံ(COP 28) တတိယမြောက်နေ့အပြီးတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍတိုးတက်ရေး ဆောင်ရွက်နေမှုကို လက်ရှိအခြေအနေထက် တိုးမြှင့်ဆောင်ရွက်သွားရန် နိုင်ငံပေါင်း ၁၁၇ နိုင်ငံမှ ကိုယ်စားလှယ်များကြား သဘောတူညီချက်ရရှိခဲ့ကြောင်း COP 28 ညီလာခံကျင်းပရေးကော်မတီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

COP 28 ညီလာခံတွင် ရုပ်ကြွင်းလောင်စာသုံးစွဲမှုဖြတ်တောက်ရေးကို အဓိကဆွေးနွေးလျက်ရှိပြီး ကာဗွန်ထုတ်လွှတ်မှုသုညမှတ်သို့ရောက်ရှိရေးအတွက် အရှိန်မြှင့်တင် ဆောင်ရွက်သွားနိုင်ရေးကို ဦးစားပေးဆွေးနွေးလျက်ရှိကြောင်း၊ ထို့ပြင် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်ခဲ့သော သဘာဝဘေးဒဏ်များကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသောဖွံ့ဖြိုးဆဲနိုင်ငံများကို ကူညီပေးရန်အတွက်လည်း ရန်ပုံငွေထူထောင်ရေး ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍတိုးတက်အောင် ဆောင်ရွက်သွားဖို့အတွက် ဆွေးနွေးခဲ့ရာမှာ နိုင်ငံပေါင်း ၁၁၇ နိုင်ငံက ကိုယ်စားလှယ်တွေကြား သဘောတူညီချက်ရရှိခဲ့ပါတယ်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍကို ဆောင်ရွက်ရာမှာ ယခင်ထက် အရှိန်မြှင့်တင်ဖို့ သဘောတူခဲ့ပါတယ်။ ဒီသဘောတူညီချက်ဟာ ကျောက်မီးသွေးလောင်စာသုံးစွဲမှုကို ဖြတ်တောက်နိုင်ဖို့ တွန်းအားဖြစ်စေပါလိမ့်မယ်" ဟု COP 28 ညီလာခံ၏ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသည့် ဆူလ်တန်အယ်ဂျပ်ဘာက ပြောကြားသွားခဲ့သည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍတိုးတက်လာစေရေးအတွက် ယခင်ထက် တိုးမြှင့်ဆောင်ရွက်သွားမည့်ဆွေးနွေးမှုကို ဥရောပသမဂ္ဂ၊ အမေရိကန်နိုင်ငံမှ ကိုယ်စားလှယ်တော်များနှင့် အာရပ်စော်ဘွားများပြည်ထောင်စုမှ ကိုယ်စားလှယ်များက ဦးဆောင်ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

ရေကြီးခြင်းဖြစ်ပေါ် နေချိန်တွင်လိုက်နာရန် အချက်များ

လက်ချည်းဗလာ ပြန်မသွားပါနဲ့

မင်းယဉ်စု

တစ်နေ့က မတွေ့မဆုံဖြစ်တာ ကြာနေပြီဖြစ်တဲ့ သူငယ်ချင်းတစ်ယောက်က ဖုန်းဆက်တယ်။ သူက တစ်ကိုယ်တည်း လူပျိုကြီးပီပီ တစ်ယောက်တည်း ပဲနေတယ်။

"သူငယ်ချင်း မနက်ဖြန် အိမ်မှာအလျှုလုပ်မယ် ဆက်ဆက်လာပါ"တဲ့။

တကယ်တော့ ကျွန်တော်က ဂိုလာနပုဂ္ဂိုလ်ပါ။ ထူထူထောင်ထောင်ဖြစ်နေပေမဲ့ ကျောက်ကပ်ရောဂါ ခံစားနေရတဲ့သူပါ။ ဆေးဝါးဓာတ်စာ မှန်မှန်စားပြီး ကိုယ့်ကိုယ်ကိုယ် အသက်ဆက်နေရတဲ့ဘဝ။ တခုတ်တရ သူငယ်ချင်းကဖိတ်ပေမဲ့ လက်တွေ့မှာ စိတ်သွားတိုင်းကိုယ်မပါ လိုရာမသွားနိုင်တဲ့သူပါ။ သူ့အလျှုကို မသွားဖြစ်ခဲ့ပါဘူး။

နောက်တစ်နေ့ မနက်ကျတော့ Facebook မှာ သူ့ဓာတ်ပုံကြီးနဲ့ ပြူးတူးပြဲတဲ ပေါ်ထွက်လာတယ်။ သူဆုံးသွားပြီတဲ့။ သူငယ်ချင်းကွယ်လွန်သွားပြီတဲ့။ သူလုပ်တဲ့ အလျှုမှာ ဒံပေါက်ကျွေးတာ အဲဒီ ဒံပေါက်ကို သူစားပြီးဆုံးသွားတာတဲ့။ ကဲ ဘယ်လိုလုပ်ကြမလဲ။

လူဆိုတာ မွေးပြီးရင် သေရမှာထုံးစံပါပဲ။ မွေးနေ့ပြီးရင် မွေးနေ့နောက်က ထက်ကြပ်မကွာ လိုက်ပါလာတာက သေနေ့ပါ။ ဒါကိုသိပေမဲ့ အခုလို မထင်ထားဘဲ ဝုန်းခနဲ၊ ဖြုန်းခနဲ သေဆုံးသွားရတာမျိုးကျတော့ ဘယ်သူက စဉ်းစားမိမှာလဲ။

စိတ်မကောင်းပါဘူး သူငယ်ချင်းရယ်။ မင်း သွားနှင့်ပါရှေ့က။ ကိုယ်တို့နောက်ကလိုက်ခဲ့မှာပါ။

ကွေးသောလက် မဆန့်ခင်၊ ဆန့်သောလက် မကွေးခင်၊ မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်အတွင်း လူဟာ သေတတ်တဲ့အမျိုးဆိုတာ တရားရှိရှိ၊ မရှိရှိ သိတော့သိပါရဲ့။

သေပြီးတဲ့အခါ ကိုယ်ပြုတဲ့ "ကုသိုလ်" "အကုသိုလ်" ကလွဲပြီး ကိုယ့်နောက်ဘာမှမပါသွားနိုင်ဘူးဆိုတာလဲ သိပါရဲ့။

ဒါကြောင့် ဘယ်အချိန်၊ ဘယ်နေရာမှာ ဘယ်လိုသေရမှန်း မသိတဲ့အခြေအနေမှာ စိတ်ကောင်းထားပြီး ကုသိုလ်များများပြုကြဖို့ နီးစပ်သူတိုင်းကို၊ ကိုယ်ချစ်ခင်ရတဲ့သူတိုင်းကို သတိပေးနှိုးဆော်တိုက်တွန်းနေရတာ မကြာမကြာပါပဲ။

ကျွန်တော် ကြုံဖူးတယ်။ ရာထူးလဲ ကြီးတယ်။ ဂုဏ်အာဏာနဲ့ပါဝါလဲရှိတယ်။ ချမ်းလဲချမ်းသာ၊ ကြွယ်လဲကြွယ်ဝပါရဲ့။ ဒါပေမဲ့ အဲဒီပုဂ္ဂိုလ်ကြီး အလျှုအတန်းတစ်ခါမှ လုပ်သံမကြားရတာ အံ့ပါရဲ့ဗျာ။ အိုးအိမ်တိုက်တာ၊ ခြံမြေတွေလဲ ပိုင်တာမှအများကြီး။ ဒါပေမဲ့ အလျှုအတန်းလုပ်တာ တစ်ခါမှ မကြားဖူးဘူးဗျာ။ သူများအလျှုလုပ်ရင်တော့ သူလာလာပြီးအားပေးတယ်။ ကျွန်တော့်အိမ်မှာ လုပ်တဲ့အလျှုဆိုရင် သူတင်မက သူ့မိသားစုနဲ့ အိမ်ဖော်တွေပါ အပါခေါ်ပြီး တပျော်တပါး လာရောက်အားပေးသုံးဆောင်ကြတယ်။ အပြန်မှာချိုင့်ကြီးချိုင့်ငယ်တွေနဲ့ပါ သယ်ယူသွားကြလေရဲ့။ ကဲ မခက်လား။

ဒီလိုလူမျိုး သေရင်သူနောက်ဘာတွေပါမလဲ။ ကျွန်တော်စဉ်းစားရင်း သူ့အတွက် ရင်လေးနေမိတယ်။ လက်ချည်းလာပြီး လက်ချည်းဗလာပြန်သွားရင်တော့ လူဖြစ်ရတာ၊ လူဖြစ်ကျိုးမနပ်တော့ဘူးပေါ့နော်။

နောက်တစ်ယောက်ရှိသေးတယ်။ အလျှုအတန်းတစ်ခါမှ မလုပ်ဖူးလို့တဲ့ ဘုန်းကြီးကျောင်းမှာ ဆွမ်းဘယ်လို ကျွေးရသလဲ ကူညီပါဆိုလို့ လိုက်ပြီးကူညီပေးဖူးတယ်။ သူလျှုမဲ့ဘုန်းကြီးကျောင်းမှာ မနက်အစောကြီးထ ချက်ပြုတ်ကြော်လှော်ပြီး အသင့်အနေအထားရှိမှ သူက ကားလေးနဲ့ကြော့ကြော့မော့မော့လေးရောက်လာတယ်။ သံယာတော်တွေကို ဆွမ်းဆက်ကပ် ရေစက်ခွက်ကလေးကိုင် ရေစက်ချပြီး ထပြန်သွားတယ်။ ဘယ်သံယာတော်ကိုဘာဝတ္ထုမှကပ်မသွားဘူး။ ကပ်ရကောင်းမှန်းလဲ မသိဘူးထင်ပါရဲ့။ ခက်လှပါကလားနော်။ ဒီလို လူမျိုးတွေ သေရင်သူနောက် ဘာပါသွားမလဲ။ သိချင်စမ်းပါဘိ။

> ❖ ကွေးသောလက် မဆန့်ခင်၊ ဆန့်သောလက် မကွေးခင်၊ မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်အတွင်း လူဟာ သေတတ်တဲ့အမျိုးဆိုတာ တရားရှိရှိ၊ မရှိရှိ သိတော့သိပါရဲ့။ သေပြီးတဲ့အခါ ကိုယ်ပြုတဲ့ "ကုသိုလ်" "အကုသိုလ်"ကလွဲပြီး ကိုယ့်နောက်ဘာမှမပါသွားနိုင်ဘူးဆိုတာလဲ သိပါရဲ့။ ဒါကြောင့် ဘယ်အချိန်၊ ဘယ်နေရာမှာ ဘယ်လိုသေရမှန်းမသိတဲ့ အခြေအနေမှာ စိတ်ကောင်းထားပြီး ကုသိုလ်များများပြုကြဖို့ နီးစပ်သူတိုင်းကို၊ ကိုယ်ချစ်ခင်ရတဲ့သူတိုင်းကို သတိပေးနှိုးဆော်တိုက်တွန်းနေရတာ မကြာမကြာပါပဲ။ ❖

တချို့ကျ လှူတော့လှူပါရဲ့ အလှူကျဲတယ်။ ရံဖန်ရံခါလောက်ပဲလှူတယ်။ လှူတဲ့အခါ စိတ်မပြတ်ဘူး။ ကုက္ကုစ္စများတယ်။ ဟိုဟာယူနိုးနိုး၊ ဒီဟာဝှက်နိုးနိုးနဲ့ ဝိုင်းလုပ်ပေးနေတဲ့လူတွေကိုတောင် သံသယစိတ်နဲ့ မျက်လုံးဒေါက်ထောက်ကြည့်တတ်တယ်။ ပြီးတော့ ပိုတာတွေ အကုန်ပြန်သိမ်း။ ဘယ်သူကိုမှ မပေးခဲ့ဘူး။ ဒီလိုလူမျိုး အလှူရေစက် လက်နဲ့မကွာလှူဖို့ဆိုတာ အင်း ခက်သားကလား။

တချို့ကျတော့လဲ စိတ်ထားပြတ်တယ်။ လှူပြီဆိုတာနဲ့ ဘာမှ လှည့်မကြည့်ဘူး။ စားချင်သလောက်စား၊ ယူချင်သလောက်ယူ ဘာမှ နောက်ဆံတင်းမနေဘူး။ ပိုနေပြီဆိုလဲ အားလုံးကျောင်းမှာထားခဲ့။ ဘာပစ္စည်းမှ အိမ်ပြန်မသယ်ဘူး။ အဲဒီလို စိတ်ထားလဲပြတ်၊ စိတ်ထားလဲတတ်၊ စိတ်ထားလဲမြတ်တဲ့ အလှူရှင်မျိုးလဲ တွေ့ဖူးပါရဲ့။ အလှူရဲရင့် ပွဲလယ်တင့်ဆိုတဲ့ လူမျိုးပေါ့။

ဩော် သူငယ်ချင်းတစ်ယောက် မထင်မှတ်ဘဲ ရုတ်တရက်ဆုံးပါးသွားတာနဲ့ပတ်သက်ပြီး ကလောင်ဦးတည့်ရာ ရေးလာလိုက်တာ ဟိုရောက်ဒီရောက်ဖြစ်ကုန်ပြီ။

ဆိုလိုချင်တာက လူဆိုတာ သေမျိုးပါ။ ဘယ်နေ့၊ ဘယ်အချိန်၊ ဘယ်နေရာမှာ ဘယ်လိုသေရမယ်မှန်း ဘယ်သူမှ မသိနိုင်ပါ။ အဲဒီတော့ မသေခင် ရှင်နေတုန်းမှာ သေခြင်းကောင်းအောင်လုပ်ကြပါ။ ကိုယ်နဲ့အတူပါမဲ့ ကုသိုလ်ထုပ်ကြီး ခိုင်ခိုင်ဖြီးအောင် အားထုတ်ကြပါ။ မရှိလို့မလှူ။ မလှူလို့မရှိ မဖြစ်ရအောင် ရှိရှိ၊ မရှိရှိ လှူကြပါဆိုပြီး ကျွန်တော့်ကဗျာလေးတစ်ပုဒ်နဲ့ နိဂုံးကမ္ဘတ် အဆုံးသတ်ပါရစေခင်ဗျာ။

"ပူနေသူတွေ အေးပါစေ"

- ညောင်စေ့လောက်လှူလျှင်
  ညောင်ပင်ကြီးလောက် ရသတဲ့။
- ရရ မရရ လှူဒါန်းကြပါ
  ကူကြကမ်းကြပါ။
- ဘယ်ဘက်က တစ်ဆုပ်ကြလျှင်
  ညာဘက်က တစ်လှည်းဝင်သတဲ့။
- ဝင်ဝင် မဝင်ဝင် စိတ်ဖြူစင်စွာ
  ကြင်နာသမှု ရင်မှာစုၨ
  ဂရုပြုကြပါ ကယ်ဆယ်ပါ။
- ကုသိုလ်ဖန်
  ဗိမာန်အသင့် ဘုံအသင့်တဲ့။
- ဗိမာန်ဘုံအသင့် မသင့်သင့်
  လှူသင့်နေရာ လှူကြပါ
  ကူသင့်နေရာ ကူကြပါ။
- မရှိရှာသူကိုပေး
  ဆာနေသူကိုကျွေး မေတ္တာမွေးလျက်
  ဖေးဖေးမမ ကူပံ့ကြလျှင်
  လောကဇမ္ဘူဒွေ ဤရေမြေ၌
  ပူနေသူတွေ အေးလိမ့်တကား။ ။

မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၃၀၆ ဧက စိုက်ပျိုးပြီးစီး

ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

မုံရွာ ဒီဇင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၃၀၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၇၇၄၅ ဧက စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၃၀၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ နေကြာဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားတာ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ။ ပြည်ပက တင်သွင်းတဲ့ စားအုန်းဆီကိုလျှော့ချနိုင်ဖို့ နေကြာကို တိုးချဲ့စိုက်ပျိုးသွားမှာပါ။ နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များတယ်"ဟု မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မုံရွာမြို့နယ်တွင် ယခုနှစ် နေကြာစိုက်တောင်သူများကို မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေသြဇာများဈေးနှုန်းချိုသာစွာ ရောင်းချပေးနိုင်ရေး၊ ထွက်ရှိလာသောနေကြာမျိုးများကို တောင်သူမှ တောင်သူ ဖလှယ်သည့်နည်းစနစ်များဖြင့် ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

မြဝတီမြို့နယ် စံပါလိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မြဝတီ ဒီဇင်ဘာ ၃

ကရင်ပြည်နယ် မြဝတီခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့် အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ စံပါလိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်း၊ မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ စံပါလိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူ အားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စံပါလိုက်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၈ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၁၁ ဒသမ ၉သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၁၆ ဒသမ ၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၅၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၇ သန်း ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရထံမှ သိရသည်။

အိုအို

အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလိမိတက်

၁။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုင်ငေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူ့ပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

မိသားစုဘဝ လုံခြုံစိတ်ချဖို့

ကျန်းမာရေးအာမခံ

ထားကြစို့!

We Protect The Family

နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၂၊ ၀၉ - ၄၄၉၁၈၈၀၆၃

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၆

ပျောက်ဆုံးကြောင်း

မန္တလေး၊ အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်နေ မလဲ့လဲ့မင်း(ဘ) ဦးလှိုင်မင်း(ခ)လှိုင်မြင့် (၉/အမရ(နိုင်)၀၀၂၀၉၂)၏နိုင်ငံကူးလက်မှတ်အမှတ် (MG-582137) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၈၉၆၄၄၁၉၅

ပျောက်ဆုံးကြောင်း

ပြည်ကြီးတံခွန်မြို့နယ်၊ ၁၁၈လမ်း၊ ၆၅×၆၆ကြားနေ ချိုချိုမိုး(ဘ)ဦးအောင်ကြင် (၁/မကတ(နိုင်)၀၈၀၅၆၈)၏နိုင်ငံကူးလက်မှတ်အမှတ် (MB-212637) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၀၀၄၉၅၈၈၂

ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်

ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဧရာယျဒီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄
Email Address – accm@accm.gov.mm
Website Address – http://www.accm.gov.mm

ခြင်ဆေးခွေ
သုံးလျှင်
သတိယှဉ်
အောက်တွင်
ခံခွက်
မမေ့နှင့်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက်ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗဟဝါးတာန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ခေါင်းဆောင်မှုတာဝန်ဟူသည် အထက်နှင့်အောက်ကို ချိတ်ဆက်ပေးရမည်၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမည်ဖြစ်...

❖ ကောင်းမွန်သည့်စိတ်ဖြင့်သာ ခေါင်းဆောင်မှုတာဝန်များကို ထမ်းဆောင်ကြရန်လို...

❖ ခေါင်းဆောင်ကောင်းများဖြစ်လာစေရေး နောက်လိုက်ကောင်းများဖြစ်ရမည်ဖြစ်...

❖ ညီညွတ်မျှတသည့်ကွပ်ကဲအုပ်ချုပ်မှုဖြင့် ခေါင်းဆောင်မှုကောင်းကို ပြသရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် မိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဇွန်၉ ရက်တွင် တပ်မတော်(ကြည်း) မိုလ်သင်တန်းကျောင်း(မော်ဘီ) သွားရောက်ကြည့်ရှုစစ်ဆေးစဉ် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

ကျဆုံးလေပြီးသောသူရဲကောင်းစစ်သည်များအတွက် ဒသမအကြိမ်မြောက် အောက်မေ့ဖွယ်ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနားကျင်းပပြုလုပ်

စာမျက်နှာ - ၁၀

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ခေတနာရှင်အလှူရှင်ပြည်သူများက ဒံပေါက်ထမင်းဘူးများနှင့် စားသောက်ဖွယ်ရာများပေးအပ်လှူဒါန်း

စာမျက်နှာ - ၂၃

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများကို ထောက်ခံပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်နေကြသည့် တပ်မတော်သားများမြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ပြည်သူ့စစ်များနှင့် ၎င်းတို့၏ မိသားစုဝင်များ အားလုံးကို ငြိမ်းချမ်းရေးလိုလားသည့် ပြည်သူများက အားပေးထောက်ခံလျက်ရှိကြသည်။

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

မြိတ်မြို့၌ ပြည်သူများက အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူများအား ဆန့်ကျင်ရွတ်ချပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံပွဲကျင်းပစဉ်။